www.burmeseclassic.com

ရွှေပေဒေသာစာပေ

# မိုးစက်ပွင့်

# ကိုကိုချစ်တဲ့မျက်ဝန်းညို

(အချစ်လုံးချင်းဝတ္ထု(သစ်))




www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | - ပထမအကြိမ်၊ ၂၀၁၅၊ ဇူလိုင်လ။ |
| ထုတ်ဝေသူ | - ဦးအေးလွင် (၀၄၁၅၂) ရွှေပဒေသာစာပေတိုက် အမှတ် (၃၃)၊ ကျိုက်တော်လမ်း။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် ၃၃၊ ကျိုက်တော်လမ်း။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မြန်နှုန်း | - ၁၄၀၀ ကျပ် |
| အုပ်ရေ | - ၅၀၀ အုပ် |

၈၉၅ ၈၃

မိုးစက်ပွင့်

ကိုကိုချစ်တဲ့ မျက်ဝန်းညို / မိုးစက်ပွင့် - ရန်ကုန်၊

ရွှေပဒေသာစာပေ ၊ ၂၀၁၅ ။

၂၈၀ - စာ ၊ ၁၂.၃ × ၁၈ စင်တီ။

(၁) ကိုကိုချစ်တဲ့ မျက်ဝန်းညို

# မိုးစက်ပွင့်

# ကိုကိုချစ်တဲ့မျက်ဝန်းညို

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

ပုပ္ပားတောင်ခြေကို ကားလေးထိုးဆိုက်သည်နှင့် ဈေးသည်တွေရဲ့ အော်သံဟစ်သံတွေက ဆူညံနေသည်။ ဆေးမြစ်စုံ အော်ရောင်းသူ၊ ပန်းရောင်းသူ၊ မျောက်စာရောင်းသူ စသည့် စသည့် သူထက်ငါကောင်း ဈေးအော်ရောင်းသူတွေက သူတို့ကားလေးဆီသို့ ပြေးလာကြသည်။ အချို့က သူတို့ရောင်းတဲ့ပစ္စည်းတွေကို မျက်နှာနားအထိ ထိုးပြ အော်ဟစ်နေတာ ဘယ်ကနေ ဘယ်လိုရှောင်ထွက်ရမှန်းပင် မသိအောင်ပါပဲ။

"ဆေးမြစ်စုံရမယ် ... ဆေးမြစ်စုံ၊ အကြောတင်၊ အကြောတက်၊ ဒူးနာ၊ ခါးနာပျောက်တဲ့ဆေး။ နံ့သာဖြူ၊ နံ့သာနီနဲ့ အဖုအကျိတ်



www.burmeseclassic.com

www.burmeseclassic.com



အနာမှန်သမျှလိမ်းရင် ပျောက်တယ်။ ဖွဲဆေးမြစ်စုံရမယ် . . . ဆေးမြစ်စုံ"

"ပန်းတွေနော် . . . ပန်းတွေ။ ကံ့ကော်၊ နှင်းဆီ၊ စံပယ်ပန်းမျိုးစုံ ရမယ်။ မွှေးလည်း မွှေး၊ လန်းလည်း လန်း၊ လှလည်း လှပါတယ်။ အန်တီကြီး ပန်းတွေ ဝယ်သွားပါဦးနော်။ တစ်စည်းကိုနှစ်ရာသုံးစည်းမှ ငါးရာတည်းပါ"

"မျောက်စာတွေနော်၊ မျောက်စာတွေ . . . ဝယ်သွားကြပါဦး။ အန်တီတို့ကိုကြည့်နေတဲ့ မျောက်ကလေးတွေကို မသနားဘူးလား။ မျောက်စာ ဝယ်ကျွေးလိုက်ပါ အန်တီကြီးရဲ့"

ဈေးသည်တွေ စုရုံးရောက်ရှိလာပြီး ခရီးသည်တွေကို မွှေ့တော့မတတ် ဖက်တော့မတတ် အလုအယက် သူတို့ဘေးမှာ အော်နေကြတာ ပွက်လောရိုက်နေသည်။

နန္ဒရှိန်း ဈေးသည်တွေကို ငေးကြည့်ရင်း ဟိုဟာဝယ်ရကောင်းနိုး၊ ဒီဟာဝယ်ရကောင်းနိုးနှင့် စဉ်းစားရင်း တွေတွေကလေး ရပ်နေမိ၏။ ခရီးရောက်မဆိုက် အားနာနာနှင့်ဝယ်ပြီး စုထားလိုက်ရရင် အဘွားဆီမှာက ကျိန်းသေ။ တစ်ယောက်ဆီက ဝယ်လိုက်ရင် နောက်တစ်ယောက်က အားနာစရာ။ သူတို့တည်းခိုဖို့တောင် နေရာအတိအကျ မရှိသေးတော့ ဒါတွေကို ဝယ်လို့ဖြစ်ပါ့မလား။





ပုပ္ပားတောင်ပေါ်ကို မနက်ဖြန်မှတက်ကြမှာဆိုတော့ မနက်ဖြန်မှ ဝယ်တာပဲကောင်းပါတယ်လေ။ လောလောဆယ် မျောက်ကလေးတွေကို ကြည့်ပြီး သနားတော့ သနားတာပါပဲ၊ ဒါပေမဲ့ မနက်ဖြန်မှပဲ စားကြတော့ မျောက်ကလေးတွေရေ။

"အန်တီကြီး . . . မျောက်စာတွေ ဝယ်သွားဦးလေ"

"အို . . . ဒီမှာ တည်းခိုခန်းတောင် မငှားရသေးဘူး။ ဘယ်လိုဖြစ်နေကြတာတုံး"

"တည်းခိုခန်း ငှားမရလို့လား။ အဲဒါပြောရောပေါ့ အန်တီကြီးရယ်၊ ကျွန်မ လိုက်ပြောပေးမယ်လေ၊ လာ လာ . . . ဟိုရှေ့က တည်းခိုခန်းပဲ"

"ဘယ်လောက်လဲ တည်းခိုခန်းက"

"မများပါဘူး၊ လေးသောင်းတည်းပါ"

"လေးသောင်း"

"ဟုတ်ကဲ့"

အဘွားက လက်ချောင်းထောင်ကာမေးတော့ အမျိုးသမီးက ခေါင်းညိတ်ပြသည်။ အဘွားက ခပ်စွာစွာသမားပဲလေ။ နယ်မရှောင်တဲ့ ကြယ်ပြောင်ဝီဝီ –

"မများဘူးသာပြောတယ်၊ များတာပေါ့အေ။ မတည်းဘူး



www.burmeseclassic.com

www.burmeseclassic.com



. . . မတည်းဘူး”

“ဟို နည်းနည်းပါးပါး လျှော့ပေးဖို့ ကျွန်မ ပြောပေးပါ့မယ် အန်တီကြီးရဲ့”

“ဘယ်လောက်လျှော့ပေးမှာမို့လို့လဲ”

“သုံးသောင်းရှစ်ထောင်တော့ပေးလေ။ ရေမီးအပြည့်အစုံ ပါပါတယ်ရှင်”

တည်းခိုခန်းပိုင်ရှင်ဖြစ်ဟန်တူသော အမျိုးသမီးရောက်လာပြီး ဈေးညှိပေးမယ့် အဘွားက ဗီဇီခါလို့ပါပဲ။

“များတယ် . . . မတည်းဘူး”

“အန်တီက ဘယ်လောက်ပေးချင်လို့လဲ၊ ပြောကြည့်လေ”

“တို့က နှစ်သောင်းပဲပေးနိုင်မယ်။ နှစ်သောင်းရရင်တည်းမယ်၊ မရရင် မတည်းဘူး။ ဘုန်းကြီးကျောင်းပဲ ရှာတည်းတော့မယ်”

အဘွားစကားကြောင့် တည်းခိုခန်းပိုင်ရှင် အမျိုးသမီးက ချာခနဲလှည့်ထွက်သွားလေသည်။ မငှားဘူးဆိုတဲ့သဘောပေ့ါ။ နန္ဒရိုန်းနှင့် ဖခင် ဦးနန္ဒကျော်၊ မိခင် ဒေါ်ကေသရီတို့ ဘာမှ ဝင်မပြောပဲ ရပ်နေရာမှ ဦးနန္ဒကျော်က –

“ဘုန်းကြီးကျောင်းတော့ ရှာမတည်းပါနဲ့ အမေရယ်၊ လေးသောင်းဆိုတော့ရော ဘာဖြစ်လဲ။ ဒီမှာက အေးအေးဆေးဆေး





လွတ်လွတ်လပ်လပ်နေလို့ရတယ် အမေရဲ့”

“ဒီမှာ နန္ဒကျော်”

“ဗျာ”

“ငွေဆိုတာ ရေလို ကြုံရာအရပ်မှာတောင်းသောက်လို့ မရဘူးဟဲ့ နားလည်လား။ ကိုယ်က ငွေကိုခိုင်းမှ ငွေက ကိုယ့်ကိုခိုင်းမှာ။ သုံးရလွယ်သလောက် ရှာရတာခက်တဲ့ငွေကို အပိုမဖြုန်းနိုင်ဘူးဟေ့”

“အမေကလည်းဗျာ”

“ကဲ . . . ကားကို ဒီမှာထားခဲ့ပြီး ငါနဲ့သာလိုက်ခဲ့”

“ဟို . . . ဒီတည်းခိုခန်းမှာမတည်းရင် ကားကိုလည်း ဒီအနားမှာ ထားလို့မရပါဘူးရှင့်”

“ဘာ”

“ဒီနေရာက ဒီတည်းခိုခန်းမှာတည်းတဲ့သူတွေမှ ကားထားလို့ရအောင် လုပ်ထားတာပါ”

ဒေါ်မေရီ မျက်မှောင်ကြုတ်သွားလေ၏။ သူတို့ကားရပ်ထားတာက တည်းခိုခန်းရဲ့ ရှေ့မျက်နှာစာထောင့်မှာလေ။ သူ့တည်းခိုခန်း မတည်းလို့ ကားထားခွင့်မရှိဘူးဆိုတော့ တင်းသွားပုံရ၏။

“မရရင်လည်း မထားရုံပဲပေ့ါအေ”

“အဘွား”



www.burmeseclassic.com

www.burmeseclassic.com



အဘွားလို့ခေါ်လိုက်တဲ့ ကောင်မလေးကို လှည့်ကြည့်လိုက်ကြတော့ ကောင်မလေးက ပန်းတွေကို ပွေ့ပိုက်ထားတာ ပန်းသည်မလေးပဲဖြစ်မှာပေါ့။ ခန့်မှန်းကြည့်ရသလောက် အသက်က ဆယ့်လေးငါးနှစ်လောက်ပဲ ရှိဦးမည်။ ဒီနေရာမှာက ကျွမ်းကျင်ရာလိမ္မာဆိုသလို ကလေးတွေကအစ သူ့ဒေသနဲ့သူ ကလေးကလည်း ကလေးနဲ့ တန်သလောက် ပရိယာယ်ဝမ်းစာအတွက် ရှာဖွေစားသောက်ကြရင်း ရောင်းရေးဝယ်ခြင်းနေရာမှာ လူရည်လည်နေကြသည် ထင်ပါရဲ့။

"နှစ်သောင်းရတဲ့နေရာရှိတယ်၊ အဘွားတို့တည်းမလားဟင်"

"ဘယ်မှာလဲ"

"ဟိုဘက်နားလေးတင်ပါ။ ပိုင်ရှင်က နှစ်သောင်းခွဲလို့ ပြောပါတယ်။ သမီးက အဘွားတို့ နှစ်သောင်းရမှ တည်းမယ်ပြောသံကြားလို့ နှစ်သောင်းနဲ့ မရမက ဆစ်လာခဲ့တာပါ"

"သူ့ကိုတောင် ကျေးဇူးတင်ရဦးမလိုပါလား။ ဘယ်အချိန် သွားဆစ်လိုက်တာလဲ ပြောပါဦး"

ဒေါ်မေရီ မယုံသလိုမျက်ဝန်းတွေနှင့် ရှုတည်တည်မေးလိုက်လေလျှင် –

"ဟိုအနားလေးတင်ပဲ . . . မဝေးဘူးလေ အဘွားရဲ့။ သမီး





ပြေးသွားလိုက်တာပါ"

"တည်းခိုခန်းက ကောင်းရောကောင်းရဲ့လား"

"ကောင်းပါတယ် အဘွား။ ဒီတည်းခိုခန်းလောက် မကြီးမကျယ်တာကလွဲရင် သန့်ပါတယ်"

"အေး . . . အဖိုးနည်းရင်အိုးကွဲ၊ အဖိုးတန်မှ အမျိုးမှန်ရတယ် ဆိုတဲ့စကားကြောင့် မေးရတာပါအေ"

"ကဲပါ အံမေရယ် . . . သူပြောတဲ့နေရာကို လိုက်ကြည့်ကြသေးတာပေါ့။ ကြိုက်ရင် တည်းမယ်၊ မကြိုက်ရင် မတည်းဘူး။ ဒါပဲရှိတာလေ"

ဒေါ်ကေသရီ ကလေးမလေးကို အားနာသောကြောင့် ဝင်ပြောလိုက်ရ၏။ သူမ၏အမေက ဇီဇာကြောင်လွန်းလှသည်။ ရှေးထုံးလည်းမပယ်နဲ့ ဈေးသုံးလည်းမကြွယ်နဲ့တဲ့။ ငွေဆိုလျှင် တစ်ပြားကို ဆယ်ပြားမှတ်ပြီး ခွာယူချင်သူ။ အဆင့်အတန်းကလည်းခွဲလိုက်သေးရဲ့။

ဟိုတုန်းက ဆင်းရဲခဲ့တော့ မမြင်ဖူးလို့ မူးကိုမြစ်ထင်တာပေါ့။ နန္ဒကျော်က မိဘမဲ့တစ်ကောင်ကြွက်သူဌေးလေးဆိုတော့ ကေသရီနှင့် ချစ်သူတွေဖြစ်နေချိန်မှာ သိတာနှင့် အိမ်ခေါ်လာတွေ့နိုင်းပြီး မြန်မြန်လက်ထပ်နိုင်းတော့တာပဲဖြစ်၏။ ဇနီးကိုချစ်လွန်းတော့ ယောက္ခမကို အမေရင်းလို သဘောထားပြီး ကြောက်နေရတာပဲလေ။ နဂိုကတည်းက



www.burmeseclassic.com

www.burmeseclassic.com



လူရိုးလူအေးဆိုတော့ ယောက္ခမရှိသေ အသက်ရှည်ဆိုတဲ့ မူဝါဒကြီးကို လက်ကိုင်ထားတော့တာပါပဲ။

"ကဲ ... ဒါဆို မြေးတို့သားအဖ ဒီမှာ ခဏကျန်ခဲ့ဦး။ တို့သားအမိ လိုက်ကြည့်လိုက်ဦးမယ်"

ဒေါ်မေရီနှင့် ဒေါ်ကေသရီ 'ရွှေပုပ္ပား' ဆိုတဲ့ တည်းခိုခန်းလေးကို လိုက်ကြည့်ပြီး သဘောကျသွားသည်။ တည်းခိုခန်းလို့ အမည်တပ်ထားပေမယ့် နှစ်ထပ်တိုက်ပုလေးကို အိမ်ရှင်တွေက အပေါ်ထပ်မှာနေပြီး အောက်ထပ်ကိုငှားတာပဲ ဖြစ်၏။ မျက်နှာချင်းဆိုင်အခန်း နှစ်ခန်းကြားမှာ ဧည့်ခန်းရှိပြီး နှစ်ခန်းစလုံးရဲ့ထောင့်ကို ဆက်ထားတဲ့ အခန်းတစ်ခန်းနဲ့ဆိုတော့ အားလုံးပေါင်း သုံးခန်းပါပဲ။

စတုရန်းပုံစံ ဖွဲ့စည်းထားတဲ့ အခန်းသုံးခန်းရဲ့အလယ်မှာ ဧည့်ခန်းဆိုတော့ အိမ်ရှေ့မျက်နှာစာဝင်ပေါက်က စတုရန်းမျဉ်းတစ်ဖက် ဖွင့်ထားသလိုလေးလေ။ အခန်းတွေကလည်း ကျယ်သည်။ ရေမီးအပြည့်အစုံနှင့် အိမ်သာကစ သန့်၏။ ထို့ကြောင့် ဒေါ်မေရီ တန်တယ်ဟု ယူဆကာ –

"အမေတို့ ဒီမှာပဲတည်းမယ် သမီး။ ဟိုသားအဖကို သမီး သွားခေါ်လိုက်တော့"

"ဟုတ်ကဲ့ အမေ"





"ဟို ... အန်တီနေပါ။ သမီးသွားခေါ်ပေးမယ်လေ"

"အေး ... ကောင်းသားပဲ၊ သွားခေါ်လေ"

ကောင်မလေးက ချာခနဲလှည့်ထွက်သွားတာ မြန်မှမြန်။ ဒေါ်ကေသရီ ကောင်မလေးမြင်ကွင်းထဲမှ ပျောက်သွားသည်အထိ လိုက်ကြည့်နေမိ၏။ မေမေက ကောင်းသားပဲဆိုတာနှင့် ထွက်သွားတာ လှစ်ခနဲပါပဲ။ ပွေ့ပိုက်ထားတဲ့ပန်းတွေနှင့် မျက်နှာလေးက အလှချင်းပြိုင်နေသလို ချစ်စရာမျက်နှာလေးက လုပ်နေရသည့်အလုပ်နှင့် ဘယ်လိုမှမလိုက်ဖက်အောင်ပါပဲ။

"သမီး"

"ရှင်"

"ကားလာပြီ"

"ဪ ... ဟုတ်ကဲ့"

ဒေါ်ကေသရီ ကားဆီသို့ ခပ်သုတ်သုတ်သွားလိုက်စဉ် –

"အန်တီ"

"ဟင်"

ပန်းသည်ကောင်မလေး မပြန်သေးပါလား။ မျက်လုံးဝိုင်းလေးနှင့် ဒေါ်ကေသရီကိုမော့ကြည့်ရင်း ပြုံးပြကာ –

"မနက်ဖြန် အန်တီတို့ ပုပ္ပားတောင်ကလစ်ပေါ်ကို ဘယ်



www.burmeseclassic.com

www.burmeseclassic.com



အချိန် တက်ကြမှာလဲဟင်"

"နံနက်စောစောတက်မှာပေါ့ သမီးရဲ့"

"ဘုရားပန်းဝယ်ရင် သမီးဆီမှာ ဝယ်ပါနော်"

"ဝယ်မှာပေါ့ကွယ်၊ သမီး နံနက်စောစောလေး ဒီကိုလာခဲ့လေ"

"ကျေးဇူးတင်ပါတယ် အန်တီ၊ နတ်နန်းမှာ ပွဲတိုးချင်လည်း ရတယ်နော်။ သမီး ကန်တော့ပွဲ ပြင်ပေးရမလား၊ ဈေးမများစေရပါဘူး"

"ကေ"

"ရှင်"

"အမေက နတ်ဆို သိပ်ယုံကြည်ကိုးကွယ်တာ။ ဝယ်လိုက်ပါကွာ"

ဦးနန္ဒကျော်ကလည်း ကလေးမလေးကို သနားအားနာစွာနှင့် ပြောလိုက်တော့ –

"သမီးကောင်းသလိုသာ စီစဉ်ပေးပါကွယ်၊ အန်တီ ကျသင့်တဲ့ အဖိုးကို ရှင်းပေးပါ့မယ်နော်"

"ဟုတ်ကဲ့ ... ဒါဆို သမီးသွားလိုက်ပါဦးမယ်"

"ကောင်းပါပြီကွယ်"





ပြုံးပျော်ကြည်နူးစွာ လှည့်ထွက်သွားတဲ့ကောင်မလေးကို နန္ဒရှိန်း လိုက်ကြည့်နေမိ၏။

ခပ်နွမ်းနွမ်းလေးပေမယ့် မျက်နှာလေးက ခင်မင်နှစ်လိုဖွယ်ရာ ကောင်မလေးပါ။

"သား"

"ဗျာ"

"လာလေကွာ ... အထဲကိုဝင်ကြမယ်"

"ဟုတ်ကဲ့ ... ဖေဖေ"

နန္ဒရှိန်း လျှောကျသွားတဲ့ ကျောပိုးအိတ်ကြီးကို ပခုံးပေါ်သို့ ပြန်ဆွဲတင်ရင်း တည်းခိုခန်းထဲသို့ ဝင်လာခဲ့တော့၏။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ကားနဲ့လာရတယ်ဆိုပေမယ့် ကားစီးရတာကလည်း ကားစီးရတာအလျောက် ပင်ပန်းနွမ်းနယ်စွာ အိပ်လိုက်ကြတာ သိုးလို့ပါပဲ။ ညဉ့်ခန်း၏ခေါင်းရင်းဘက်အခန်းမှာ ဦးနန္ဒကျော်တို့သားအဖအိပ်ပြီး ညဉ့်ခန်း၏ခြေရင်းဘက်အခန်းမှာက ဒေါ်ကေသရီတို့သားအမိ အိပ်ကြလေသည်။

ပွအိုက်လွန်းတဲ့ရာသီမို့ နန္ဒရိုန်းတို့သားအဖက အပေါ်ပြတင်းရော အောက်ဘက်ကြမ်းပြင်နှင့် တစ်ပြေးတည်းရှိနေသော ပြတင်းကိုပါ ဖွင့်အိပ်ကြလေတော့ လေလေးတဖြူးဖြူးနှင့် အိပ်လို့ ဖိမ်ကျနေကြသည်။ နံနက်ပိုင်းတွင် နည်းနည်းအေးလာတော့လည်း အိပ်ချင်မူးတူး





နှင့် စောင်ကိုသာ ဆွဲခြုံဖြစ်ပြီး ပြတင်းပေါက်တွေကို မပိတ်ဖြစ်ကြပေ။

"အင်"

ခေါင်းကို အကုတ်ခံလိုက်ရတာကြောင့် နန္ဒရိုန်း ဖျတ်ခနဲ လန့်နိုးသွားလေ၏။ ပြတင်းမှတစ်ဆင့် အခန်းထဲမှာ အလင်းရောင်ဖြာနေသဖြင့် နန္ဒရိုန်း မိုးလင်းနေပြီဆိုတာကို သိပြီး ထထိုင်လိုက်ပြီ ...

"ဟင်"

ပြတင်းပေါက်သံတိုင်ကိုကိုင်ပြီး သူ့ကို ပြူးကြောင်ကြောင်နှင့်ကြည့်နေတာ မျောက်တစ်ကောင်။ နန္ဒရိုန်း ပြူးလိုက်မိ၏။ သူ့ခေါင်းကိုကုတ်ပြီးနှိုးတာ ဒီမျောက်ပဲပေါ့။

"မင်းက ငါ့ကို လာနှိုးတာကိုး။ ကျေးဇူးပဲ ... ကျေးဇူးဆောဇူး"

နန္ဒရိုန်း လက်နှင့် မျောက်၏ခေါင်းကို လှမ်းပုတ်လိုက်တော့ မျောက်က သူ့လက်နှင့် မမီခင်ပဲ ထွက်ပြေးသွားလေသည်။ သူ အိပ်ပါစေဟု ဘယ်သူ့ကိုမှ မနှိုးဘဲ မျက်နှာသစ်ရန် အပြင်သို့ ထွက်လာခဲ့၏ -

"အစ်ကိုကြီး ... နိုးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

အပြင်မှာ ကန်တော့ပွဲကို ထိုင်ခုံပေါ်မှာတင်လို့ ပန်းတွေပါ ပွေ့ပိုက်ထားသော ကောင်မလေး။

အင်း . . . သူ့နာမည်ကို မသိရတော့ ဘယ်လိုခေါ်ရမလဲ။ မေးလည်း မမေးချင်ပေ။ မျက်ဝန်းလေးတွေ ညိုလဲ့နေတဲ့ ကောင်မလေးကို စိတ်ထဲကနေပဲ မျက်ဝန်းညိုလို့ ကင်ပွန်းတပ်လိုက်၏။

"မင်းရောက်နေတာ ကြာပြီလား"

"ကြာတော့ကြာပြီ၊ ဒါပေမဲ့ . . . ရပါတယ်"

"နေဦး . . . ငါ မေမေ့ကို သွားနှိုးလိုက်ဦးမယ်"

"နေပါစေ မနှိုးပါနဲ့။ သမီးစောင့်နိုင်ပါတယ် အစ်ကိုကြီး"

"ဒါဆို . . . ဒီလိုလုပ်"

"ဘယ်လိုလုပ်ရမှာလဲ"

"ကန်တော့ပွဲကို ထားခဲ့လိုက်လေ။ ဘယ်လောက်ပေးရမလဲ ငါ ရှင်းပေးလိုက်ပါ့မယ်"

"ပန်းရောမဝယ်တော့ဘူးလား အစ်ကိုကြီး"

နန္ဒရှိန်း တွေခနဲဖြစ်သွားပြီးမှ –

"ငါ တစ်သောင်းပေးလိုက်မယ်လေ။ တစ်သောင်းနဲ့ တန် အောင်သာ မင်းပဲကြည့်ပြီး လိုအပ်တာ စီစဉ်ပေး ဟုတ်ပြီလား"





"ရှင့်"

ကောင်မလေး ဘာမှ ပြန်မပြောခင်ဘဲ နန္ဒရှိန်း အခန်းထဲသို့ ပိုက်ဆံအိတ်ဝင်ယူပြီး တစ်သောင်းထုတ်ပေးလိုက်သည်။

"ရော့ . . . ဒီမှာတစ်သောင်း။ မလိုလောက်ဘူးထင်တယ်"

"မလိုပါဘူး . . . ပိုနေတာ အစ်ကိုကြီးရဲ့"

"ပိုရင်လည်း ပြန်မပေးပါနဲ့။ ပန်းလေးစည်းပဲ ထားခဲ့။ ကျန်တဲ့ပန်းတွေ မင်းသွားရောင်းရဦးမှာမဟုတ်လား၊ သွားလေ"

"ဟို"

"ဘာလဲ"

"သမီး တန်ရာတန်ကြေးပဲ ယူပါ့မယ်"

ကောင်မလေးက ပိုက်ဆံတွေကို ရေတွက်ပြီး ခွဲလိုက်လေလျှင် –

"စေတနာသန့်သန့်ပေးတာကို ယူလေကွာ။ ပိုတာ ပြန်မပေးနဲ့လို့ ပြောနေတာကို"

သူ ဆက်ရပ်နေလျှင် ပြန်ပေးမည်စိုးတာနှင့် နန္ဒရှိန်း မျက်နှာသစ်ရန် ရေကန်ဆီသို့သာ သွားလိုက်၏။ အချို့လူတွေသာဆိုလျှင် ပိုက်ဆံပိုပေးလေ ကြိုက်လေ ယူသွားမှာပေမယ့် ကောင်မလေးက တော့ ယူချင်ပုံမရပေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါ ဖြူစင်ရိုးသားခြင်းပဲပေါ့။ ကိုယ်ကလည်း နေရင်းထိုင်ရင်း သနားသလိုရှိလို့ ပေးမိတာပါ။ သွားတိုက်၊ မျက်နှာသစ်ပြီး ပြန်လာတော့ ကောင်မလေးမရှိတော့ပေ၊ ထားခဲ့တဲ့ပန်းတွေကို ရေကြည့်တော့ ရှစ်စည်း။ နှစ်ခါလှူနိုင်အောင် ရှစ်စည်းထားခဲ့တာပဲ ဖြစ်မလား။

"သား"

"ဗျာ"

"ကုန်းကုန်းကွကွနဲ့ ဘာလုပ်နေတာလဲ"

"မေမေ နိုးလာပြီ"

ရှေ့ဆုံးက မေမေပေမယ့် နောက်မှာ အဘွားလည်း လိုက်လာသည်။

"ဟိုကောင်မလေး ကန်တော့ပွဲနဲ့ ပန်းတွေလာပို့သွားလို့ မေဇမ်"

"ဟုတ်လား ... ပိုက်ဆံ သားပေးလိုက်တာလား။ ဘယ်လောက်ပေးလိုက်လဲ သား"

နန္ဒရှိန်း အဘွားကို ဝေ့ခနဲကြည့်လိုက်သည်။ သူ အမှန်ကို ပြောလိုက်ရင် များတယ်ဆိုပြီး ဗျစ်တောက် ဗျစ်တောက် လုပ်ဦးမည်။ ဒါကြောင့် –

"သား ငါးထောင်ပေးလိုက်တယ် မေမေ"





"ဟယ် ... ငါးထောင်ဆိုရင် နည်းများနေမလား သားရယ်။ မနေ့ကလည်း မေမေတို့ကို သူပဲ ကူညီပြီး တည်းခိုခန်းရှာပေးတာ မဟုတ်လား"

"မနည်းပါဘူးအေ၊ မနေ့က ကူညီတယ်ဆိုတာလည်း ဆန်ပေးလို့ ဆီရတာပါ။ တည်းခိုမယ့် ဧည့်သည်ကို ခေါ်လာပေးပြီး ဆိုကတည်းက တည်းခိုခန်းပိုင်ရှင်က အလကားပြန်လွှတ်ပါ့မလား။ သူတို့ကြားမှာ အပေးအယူတော့ ရှိမှာပေါ့။ ဒီဒေသကလူတွေ ဒီလိုပဲ လုပ်စားနေကြတာ။ သူ့အကျိုးအမြတ်မရှိဘဲနဲ့ သူ့အလုပ်အပျက်ခံပြီး ကူညီပါ့မလား"

ဒေါ်မြမရီက ပြောပြီဆို အဲဒီလို ကရားရေလွှတ်ပါပဲ။ ချမ်းသာတဲ့ဘဝကိုရောက်လာတာနှင့် ဆင်းရဲခဲ့တုန်းကဘဝကိုမေ့ပြီး ဘယ်သူ့ကိုမဆို သနားငဲ့ညှာခြင်းကင်းမဲ့၍ အောက်ခြေလွတ် ဘဝင်မြင့်နေသူ။ ခပ်ရိုင်းရိုင်းနှိုင်းရလျှင် သူတောင်းစား ထမင်းဝတော့ ပေါက်ပေါက်ဆုပ်ကို ဘောလုံးလုပ်ကန်တယ်ဆိုတာမျိုးပါပဲ။

"ဒါတော့ ဒါပေါ့မေမေရယ်။ ဒါပေမဲ့"

"ဘာမှ ဒါပေမဲ့ မနေနဲ့၊ ငါးထောင်ပေးတာကို ဟိုက ကျေနပ်လို့ယူသွားတာ။ ကိုယ်လုပ်စရာရှိတာလုပ်၊ ပြီးရင် တောင်ပေါ်တက်ကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



နန္ဒရှိန်း ပခုံးကိုတွန့်၍ အခန်းထဲသို့ ပြန်ဝင်လာခဲ့သည်။ ဦးနန္ဒကျော်လည်း အိပ်ရာမှနိုးပြီး မျက်နှာသစ်ရန် ထွက်သွားလေသဖြင့် နန္ဒရှိန်းတစ်ယောက်တည်း သနပ်ခါးလေးခပ်မှုန်မှုန်လိမ်းပြီး အဝတ်လဲလိုက်သည်။

ပြီးတော့ တည်းခိုခန်းရှေ့မျက်နှာစာမှာ တန်းစီ၍ ချထားသော ထိုင်ခုံမှာထိုင်၍ စောင့်နေလိုက်၏။ အားလုံးပြင်ဆင်ပြီးကြလို့ လူစုံတော့မှ တည်းခိုခန်း၏ ဓားလွယ်ခုတ်နေရာတွင် ရှိနေသော စားသောက်ဆိုင်မှာ ထမင်းသုပ်စားကြသည်။

ပုပ္ပားတောင်ကလပ်ပေါ်ကို တက်ကာနီးမှာ တောင်ခြေရှိ နတ်နန်းထဲကို ဒေါ်မေရီ ဝင်သွားသဖြင့် အားလုံးလိုက်ဝင်ကြရပြန်၏။

"ဟဲ့ ... ကေသရီ"

"ရှင် မေမေ"

"ကန်တော့ပွဲယူခဲ့လေ၊ ဒီမှာ ပွဲထိုးရအောင်"

"ဟုတ်ကဲ့"

ဒေါ်ကေသရီ ကန်တော့ပွဲကြီးကိုရွက်လို့ ခပ်သုတ်သုတ် လျှောက်သွားလေလျှင် -

"အန်တီ"

"ဟင်"





ကောင်မလေးရောက်လာပုံက အမောတကောနှင့်ပါ။

"သမီးနောက်ကျသွားတယ် အန်တီရယ်၊ ကန်တော့ပွဲကို သမီးကိုယ်တိုင် ရွက်ပို့ပေးမလို့ပါပဲ။ အန်တီ့ကို ကရမက်တုံးလေး လက်ဆောင်ပေးချင်လို့ အိမ်ကိုပြန်ယူနေတာနဲ့ ကြာသွားတာ"

"ရပါတယ် သမီးရယ်"

ဒေါ်ကေသရီ မိခင်ဖြစ်သူကို ကန်တော့ပွဲပေးခဲ့ပြီး ကောင်မလေးဆီသို့ ပြန်လာခဲ့၏။

"ရော့ ... အန်တီ"

"ကရမက်တုံးလေးက အစစ်လားသမီး"

"အစစ်ပါ အန်တီ"

"အင်း ... မွှေးလိုက်တာ၊ ကျေးဇူးတင်ပါတယ် သမီးရယ်"

"ဒါနဲ့ ... ညီမလေးက ဘယ်မှာနေတာလဲ"

နန္ဒရှိန်း ဝင်မေးလိုက်တော့ -

"သမီးက ပုပ္ပါးရွာမှာနေတာပါ အစ်ကိုကြီး"

"ပုပ္ပါးရွာဆိုတာ သပ်သပ်ရှိတာလား"

"ဟုတ်တယ် အစ်ကိုကြီးရဲ့ ... ဒီနေရာကို ပုပ္ပါးတောင်ကလပ်လို့ ခေါ်တယ်လေ။ ညီမလေးတို့နေတဲ့ ပုပ္ပါးရွာက ဟိုဘက်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



''သမီးတို့က ဒီလိုပဲ ပန်းရောင်းစားတာလားဟင်''

''ဟုတ်ကဲ့ ... ပန်းစိုက်ပြီး ကိုယ်စိုက်ခင်းကပွင့်တဲ့ပန်းကို ကိုယ်တိုင်ရောင်းတာပါ။ ဒီကံ့ကော်ပန်းတွေကတော့ ဒီရာသီဆို သမီးတို့ ပုပ္ပါးရွာမှာ ကံ့ကော်ပန်းက ဘယ်အပင်ပဲတက်ခူးခူး ရတယ်လေ။ ကံ့ကော်ပင်တွေက အများကြီးမှပဲ''

''သြော်''

ကောင်မလေး ရှင်းပြသမျှ သားအမိ သားအဖသုံးယောက်စလုံး ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေကြသည်။ ဦးနန္ဒကျော်က ဘာမှ ဝင်မမေးပေမယ့် စိတ်ဝင်တစား နားထောင်နေ၏။ ဒေါ်မေရီကတော့ အတွင်း ၃၇ မင်းအပြင် ၃၇ မင်းကို ပူဇော်ပသလို့ မပြီးနိုင် မစီးနိုင်။

သူက လူ လူချင်းသာ စေတနာသဒ္ဓါတရား တွန့်တိုတာလေး နတ်ဆိုရင်တော့ ကုန်ချင်သလောက် ကုန်ပါစေဆိုပြီး ကိုးကွယ်ယုံကြည်သူ။

''အန်တီတို့ အဘဘိုးမင်းခေါင်ရဲ့မူလနေရာကို သွားချင်ရင် ပြောနော်။ သမီး လိုက်ပို့ပေးပါ့မယ်''

''ဟင် ... အဘဘိုးမင်းခေါင်ရဲ့ မူလနေရာ ဟုတ်လား သမီး''





''ဟုတ်ကဲ့ ... သမီးတို့အိမ်နဲ့ သိပ်မဝေးဘူးလေ။ အချို့လူတွေဆိုရင် အဘကို သက်ရှိထင်ရှားပုံစံနဲ့တောင် တွေ့ကြတယ်တဲ့''

''ဒါဆို ... ပုပ္ပါးတောင်ကလပ်ပေါ်က ပြန်ဆင်းလာရင် သမီးလိုက်ပေးနိုင်မလား''

''ဟုတ်ကဲ့ ... လိုက်ပို့ပေးပါ့မယ် ဦးဦး''

''ကဲ ... သွားကြမယ်ဟေ့''

ဒေါ်မေရီ နတ်နန်းထဲကနေ ပြန်ထွက်လာတာနှင့် ဒေါ်ကေသရီက ကောင်မလေးမျက်နှာရအောင် –

''ရော့ မေမေ ... ဒီသမီးလေးက အမေ့ကို ကရမက်တုံး လက်ဆောင်လာပေးတာတဲ့''

''စစ်ရဲ့လား''

''စစ်ပါတယ် အဘွား''

အလကားရတဲ့နွားကို သွားဖြဲကြည့်တယ်ဆိုတာမျိုးပေါ့။ ဒေါ်မေရီ ကရမက်တုံးကိုနမ်းကြည့်ပြီး ကျေးဇူးတင်စကားပင် ပြောဖော်မရဘဲ ရှေ့မှထွက်သွားလေသည်။

''ကဲ အန်တီတို့ ... တောင်ကလပ်ပေါ်ကို တက်လိုက်ဦးမယ်နော် သမီး''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ အန်တီတို့ ထမင်းစားပြီးချိန်လောက်ကိုမှန်းပြီး အဘဘိုးမင်းခေါင်ဆီသွားဖို့ သမီးလာခေါ်ပါ့မယ်"

ဒေါ်ကေသရီ ကောင်မလေး၏ခေါင်းကို ချစ်စနိုးပွတ်၍ ထွက်သွားလေသည်။ ခဏဆိုတဲ့အချိန်အတောအတွင်းမှာ ဒီကလေးကို မသိစိတ်က ငြိတွယ်သွားတော ရှေးရေစက်ကြောင့်ပဲပေါ့။

✵ ✵ ✵





## အခန်း (၃)

နန္ဒရိန်းတို့မိသားစု၊ တောင်ကလပ်ပေါ်ကဆင်းလာသည်နှင့် ချက်ဝန်းညိုက အပြုံးလေးနှင့် ဆီးကြိုနေသည်။ သူမလက်ထဲမှာ ဘာပန်းမှမရှိတော့ပုံထောက်တော့ ရောင်းလို့ကုန်သွားပြီထင်ပါရဲ့။

"ပန်းတွေ ရောင်းလို့ကုန်သွားပြီလား သမီး"

"ဟုတ်ကဲ့ . . . ကုန်သွားပါပြီ အန်တီ"

ဒေါ်ကေသရီ မိခင်ကြီးဘက်သို့လှည့်ပြီး –

"အမေ"

"ဟင်"

"နေ့လယ်စာစားပြီးရင် ဒီသမီးလေးက အဘ ဘိုးမင်းခေါင်



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့တဲ့ မူလနေရာကို လိုက်ပြမယ်တဲ့။ အမေလိုက်မယ် မဟုတ်လား ဟင်''

''လိုက်[illegible]လိုက်ချင်ပါတယ်အေ။ ဒါပေမဲ့ . . . မလိုက်တော့ပါဘူး။ ကျုပ် ခြေသလုံးတွေအောင့်ပြီး ကိုယ်ထဲလက်ထဲမှာ မအီမသာနဲ့ ဖျားချင်စိတ်တောင် ပေါက်လာပြီ''

ဦးနန္ဒကျော်နှင့် ဒေါ်ကေသရီ အကြည့်ချင်းဆုံသွားကြပြီး ဦးနန္ဒကျော်က –

''ဟာ . . . ဒါဆို အမေ ဆေးခန်းပြမှဖြစ်မယ်ထင်တယ်''

''ဟုတ်တယ်၊ အမေ့ကို ဆေးခန်းပို့မှဖြစ်မယ် ကို''

''ရပါတယ်အေ၊ အဲဒီလောက်ကြီးလည်း မလိုပါဘူး''

''လိုတာပေါ့အမေ၊ ကဲပါ အမေရယ် . . . ဆေးခန်းသွားရအောင်နော်''

''ကဲ . . . သဘော သဘော''

''နေ့လယ်စာစားပြီးမှ သွားကြတာပေါ့၊ တည်းခိုခန်းကို အရင်ပြန်ရအောင်၊ လာ အမေ''

ဦးနန္ဒကျော်က ရှေ့ဆုံးကနေ ဒေါ်မေရီကို တွဲခေါ်သွားလေသည်။ ဒေါ်ကေသရီက မလိုက်ဖြစ်သေးဘဲ ပိုက်ဆံအိတ်ကို ဆွဲဖွင့်၍ ငါးထောင်တန်တစ်ရွက်ကိုဆွဲထုတ်ကာ –





''သမီး''

''ရှင်''

''ရော့ . . . ဒီပိုက်ဆံက သမီးကို အန်တီ စေတနာသန့်သန့်နဲ့ မုန့်ဖိုးပေးတာပါကွယ်။ အန်တီတို့ အဘဘိုးမင်းခေါင်ဆီကို မလိုက်ဖြစ်တော့ဘူး သမီးရဲ့''

''ဟင့်အင်း . . . သမီးမယူပါရစေနဲ့ အန်တီ''

မျက်ဝန်းညိုက လက်ကလေးတကာကာနှင့် ငြင်းလေ၏။ နန္ဒရှိန်းက မိခင်ပေးတဲ့ ပိုက်ဆံငါးထောင်ကို ဆတ်ခနဲဆွဲယူပြီး မျက်ဝန်းညိုရဲ့လက်ထဲသို့ ထည့်ပေးလိုက်သည်။

ပြီး . . . မိခင်ကိုပြောလိုက်သည်က . . .

''သား လိုက်သွားလိုက်မယ် မေမေ''

''ကောင်းတာပေါ့ သားရယ်၊ ကဲ သမီး . . . သမီးရဲ့ကိုကိုက လိုက်မယ်တဲ့။ သားကိုပဲ လိုက်ပို့လိုက်နော်''

''ဟုတ်ကဲ့ပါ အန်တီ''

နန္ဒရှိန်းတို့သားအမိ မျက်ဝန်းညိုကိုနှုတ်ဆက်၍ တည်းခိုခန်းသို့ ပြန်လာခဲ့သည်။ နေ့လယ်စာစားပြီးကြတော့ ဒေါ်ကေသရီတို့လင်မယားက မိခင်ကြီးကို ဆေးခန်းသို့လိုက်ပို့ကြသည်။ နန္ဒရှိန်းက မျက်ဝန်းညိုအလာကို မျှော်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းညိုဆိုတာ သူ ကင်ပွန်းတပ်ထားသည့် နာမည်လေး။ မျက်ဝန်းလေးညိုညိုနှင့် ခန္ဓာကိုယ် ကောက်ကြောင်းလေးတွေလှတဲ့ ကောင်မလေး။ မျက်နှာလေးက ငယ်မူငယ်သွေးမပျောက်သေးပေ။

ပုပ္ပါးတောင်ကလပ်ပေါ်ကို နေ့စဉ် အတက်အဆင်းလုပ်နေရလို့ လေ့ကျင့်ခန်းလုပ်သလိုဖြစ်ပြီး ခန္ဓာကိုယ်အချိုးအဆစ်လှပနေသည် ထင်ပါရဲ့။ ငါ့ညီမလေးသာဖြစ်ရင် သိပ်ကောင်းမှာပဲလို့ နန္ဒရိုင်း တွေးမိ၏။

ချမ်းသာပေမယ့် သူက တစ်ဦးတည်းသောသားဆိုတော့ ကိုယ့်ကိုယ့်ကိုယ် တစ်ကောင်ကြွက်လို့ ခံစားရပြီး အထီးကျန်သလိုပါပဲ။ သူက ညီမလေးဖြစ်ဖြစ်၊ ညီလေးဖြစ်ဖြစ် လိုချင်ပေမယ့် မေမေက သူတစ်ယောက်တည်းပဲ မွေးထားတာ ဘယ်လိုလုပ်ရမလဲ။

"အစ်ကိုကြီး"

"အင်"

"ထမင်းစားပြီးပြီလား"

"သြော် ... မျက်ဝန်းညိုလာပြီကိုး။ စားပြီးပါပြီ၊ မင်းကို စောင့်နေတာ"

"ဟင်"





မျက်ဝန်းညိုက သူ့ကို မျက်လုံးဝိုင်းလေးနှင့် အံ့သြစွာကြည့်ကာ –

"အစ်ကိုကြီး ... သမီးကို ဘယ်လိုခေါ်လိုက်တာပဲ မသိဘူး"

"သြော် ... ဟို မျက်ဝန်းညိုလို့ခေါ်တာလေ၊ မင်းရဲ့မျက်ဝန်းလေးတွေက ညိုနေလို့။ ငါ့ဘာသာ နာမည်ပေးလိုက်တာပါ"

သူမက ခေါင်းလေးညိတ်ပြပြီး –

"သွားကြရအောင် အစ်ကိုကြီး"

"နေဦး ... မင်း ငါ့ကို အဲဒီလိုကြီးခေါ်တာ ဘဝင်မကျဘူးကွာ"

"ရှင်"

"ငါ့ကို မင်းရဲ့အစ်ကိုလို့ သဘောထားပြီး ကိုကိုလို့ခေါ်ပါလား"

"ကိုကို"

"ဟုတ်တယ်လေ"

မျက်ဝန်းညိုက ပြုံးလိုက်ကာ –

"စကားပြောရင်းနဲ့ ခေါ်ကြည့်မယ်လေ"

"အိုကေ ... ဒါဆို သွားကြစို့"



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းညို ဦးဆောင်ရာနောက်သို့ နန္ဒရှိန်း လိုက်လာခဲ့တော့ ပုပ္ပါးရွာလေးက ကျောက်တုံးကျောက်ခဲတွေနှင့် တည်ဆောက်ထားသလိုပါပဲ။

လမ်းတွေက တက်လိုက် ဆင်းလိုက်နှင့် ဗီဒီယိုထဲမှာ ဖာတ်ကြမ်းကားရိုက်လို့ ပစ္စည်းလဲဖို့သွားနေရတဲ့အတိုင်းပါပဲ။

အချို့နေရာတွေမှာကျတော့ ပန်းပင်တွေက မျက်စိအေးစရာ၊ ကံ့ကော်ပင်တွေကလည်း အပင်ပေါက်၊ အပင်လတ်၊ အပင်ကြီးတွေ ပေါမှပေါပါပဲ။ အဘရဲ့မူလနေရာကိုရောက်တော့ အဘရဲ့ရုပ်တုရှိရာ အဆောင်ရှေ့မှာ ရေကန်ရှိပြီး ရေတွေက တသောသောစီးဆင်းနေသည်။

သစ်ရိပ်နှင့် ရေ ပေါင်းစည်းလိုက်တော့ အိုက်စပ်ပူလောင်ခဲ့သမျှ ဘယ်တွေရောက်ကုန်မှန်းမသိအောင် အေးချမ်းသွားသည်။

"ဒီနေရာလေးက အေးချမ်းလိုက်တာနော်"

"ဟုတ်တယ် … ဒီနေရာလေးက အရမ်းအေးချမ်းတယ် အစ်ကို … အဲ"

"ကိုကိုလေ"

"ဟုတ်ပါပြီ … ကိုကိုပါပဲနော်"

နှစ်ယောက်သား ရယ်လိုက်မိကြ၏။ လေအတိုက်မှာ





ကံ့ကော်ပန်းရနံ့တွေက တစ်လောကလုံးကို လွှမ်းခြုံသွားသလိုပါပဲ။

"မျက်ဝန်းညို"

"----"

"ဟော့ … မင်းကိုခေါ်နေတယ်လေ"

"ရှင်"

"ငါ မင်းရဲ့နာမည်အရင်းကို မသိချင်ဘူး။ မျက်ဝန်းညိုဆိုရင် မင်းကိုခေါ်တာလို့မှတ် ဟုတ်ပြီလား"

"ဟုတ်ကဲ့"

"မင်းအသက် ဘယ်လောက်ရှိပြီလဲ"

"ဆယ့်ငါးနှစ်ရှိပါပြီ"

"ဒါဆို … ငါ့ထက် လေးနှစ်တောင် ငယ်တာပဲ"

"ကိုကိုက ဆယ့်ကိုးနှစ်ပေါ့နော်"

"ဒါပေါ့ … ဒီက တက္ကသိုလ်ကျောင်းသားဗျ။ G.T.C တက်နေတာ၊ Second Year တောင်ရောက်နေပြီ"

"ဩော်"

မျက်ဝန်းညိုက အံ့ဩသလိုလေး "ဩော်"လေသည်။ သူက ကျောင်းပိတ်ရက်နှစ်ရက်ကို ဘုရားဖူးလိုက်ချင်တာနှင့် လိုက်လာခဲ့တာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ခရီးစဉ်က ငါးရက်ဆိုတော့ သူ့ ကျောင်းသုံးရက်တော့ပျက်ရမည်လေ။

သူငယ်ချင်းတွေက အားကိုးရ၏။ မင်းလိုက်သာသွား စာတွေ ပြန်ရှင်းပြဖို့နဲ့ ကူးပေးထားဖို့က တို့တာဝန်ထား။ ပြန်လာရင် လက်ဆောင်တွေ ဝယ်ခဲ့ဖို့သာ မမေ့နဲ့တဲ့။

"ကိုကို"

"ဟင်"

"ကိုကို့မေမေက သမီးကို ပိုက်ဆံငါးထောင်ကြီးများတောင် မုန့်ဖိုးပေးထားတာ။ သမီး လက်ဆောင်တစ်ခုလောက် ထပ်ပေးချင်သေးတယ်"

"မျက်ဝန်းညို့က ဘာပေးချင်လို့လဲ"

"အန်တီက နှင်းဆီပန်းကြိုက်လားဟင်"

"အင်း . . . ကြိုက်တယ်။ နှင်းဆီပန်းပေးမလို့လား။ မပေးပါနဲ့ကွာ။ ပန်ပြီးရင် နွမ်းသွားမှာကို"

"သမီးက အပွင့်ပါတဲ့ အပင်ကို ပေးမှာကိုကိုရဲ့။ ကိုကို ဒီမှာ ကျန်ခဲ့ဦးနော်။ သမီး အိမ်မှာ သွားယူလိုက်ဦးမယ်"

"မျက်ဝန်းညို့"

"ရှင်"





"နင် ငါနဲ့စကားပြောရင် အဲဒီလို သမီး သမီးနဲ့ ထည့်မပြောစမ်းပါနဲ့ဟာ။ နားထဲမှာကြားရတာ ကန့်လန့်ကြီးပဲ"

"သမီးက အဲဒီလိုပဲပြောတတ်တာလေ"

"နောက်မပြောနဲ့တော့"

"ဒါဆို ဘယ်လိုပြောရမလဲ"

"ကျွန်မလို့ပြောရမယ် ကြားလား"

မျက်ဝန်းညို့ တွေခနဲဖြစ်သွားပြီး နှုတ်ခမ်းလေး လှုပ်လီလှုပ်လဲ့နှင့် ကျင့်နေပုံရ၏။

အတန်ကြာမှ ခေါင်းလေးညိတ်ကာ –

"ရပြီ ရပြီ . . . ကိုကို ခဏနေခဲ့ဦးနော်"

"နေဦး"

နန္ဒာရိုက်နီး လှည့်ထွက်သွားတော့မည့် မျက်ဝန်းညို့၏လက်ဖျားလေးကို ဆွဲထားကာ –

"ကိုကိုလည်း လိုက်ခဲ့မယ်လေ ညီမလေးရဲ့"

"မလိုက်ပါနဲ့"

"ဘာဖြစ်လို့လဲ"

"ကျွန် . . . ကျွန်မတို့အိမ်ကို လိုက်ရင် ကိုကို့ကို စိတ်ဆင်းရဲဆက်မှာစိုးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းညိုက သူ့လက်ကို ဖယ်ချခဲ့ပြီး ထွက်သွားလေသည်။ သူမလေးထွက်ခွာသွားရာသို့ လိုက်ကြည့်ပြီး နန္ဒရှိန်း သက်ပြင်းချလိုက်မိ၏။ စိတ်ဆင်းရဲ ကူးစက်မှာစိုးလို့တဲ့။

ဒီကောင်မလေးဘဝက ဘယ်လိုဒုက္ခဆင်းရဲတွေနဲ့များ ကြုံတွေ့နေရသလဲ။ ပစိပစပ်များလွန်းတဲ့ အဘွားသာ ရှိမနေလျှင် နန္ဒရှိန်း ဒီကောင်မလေးကို မွေးစားဖို့ မိဘတွေကို ပူဆာလိုက်ချင်ရဲ့။

မနေ့ကနဲ့ ဒီနေ့ပေါင်းမှ တစ်နေ့တာပင်မပြည့်သေးတဲ့ကာလရဲ့သံယောဇဉ်က မျက်ဝန်းညိုရဲ့ နွမ်းလျှဟန်ကြောင့် ရင်ထဲမှာ ထိရှနေသလိုပါပဲ။ ဘယ်လောက်တောင် ဆင်းရဲနွမ်းပါးနေပါလိမ့်။ ကိုယ့်ညီမလေးသာဆိုရင်လို့တွေးပြီး သက်ပြင်းထပ်ချမိပြန်၏။ ဘာရယ်မဟုတ် လက်ချောင်းလေးတွေကို ပွတ်သပ်နေမိရင်း လက်သန်းကိုကိုင်မိတော့ တစ်ခုခုကို သတိရသွားပြီး ငုံ့ကြည့်လိုက်မိသည်။

နန္ဒရှိန်းနဲ့ လက်သန်းမှာဝတ်ထားတာ မြန်မာလို "ရှိန်း"လို့ စာလုံးထွင်းထားတဲ့ ဘတ်ကွင်းလေးပါ။ ဘတ်ကွင်းက အပြားထူထူလေးမို့ နာမည်ထွင်းလို့ရတာဖြစ်၏။ ဒီလက်စွပ်ကလေးက နန္ဒရှိန်း ခြောက်တန်းနှစ်မှာ မေမေ မွေးနေ့လက်ဆောင်အဖြစ် ပေးခဲ့တာလေး

တဖြည်းဖြည်း သူ လူပျိုဖြစ်လာလို့မတော်တော့ မမျက်ရက်ဘဲ လက်သန်းကို ပြောင်းဝတ်ကာ နောက်တစ်ကွင်း ထပ်ဝယ်





ဝတ်တော့ နှစ်ကွင်းဖြစ်လာခဲ့တာပါပဲ။

နန္ဒရှိန်း လက်သန်းက လက်စွပ်ကလေးကိုချွတ်ကာ တွေဝေနေမိ၏။ မျက်ဝန်းညိုကို ပေးခဲ့ရကောင်းမလား။ နဂိုကတည်းက သနားတတ်သည့်စိတ်ရင်းနှင့် သံယောဇဉ်တို့ပေါင်းဆုံမိကြတော့–

"ကိုကို"

"ဟင်"

"ဒီမှာကြည့်ပါဦး"

မျက်ဝန်းညိုက သူ့ရှေ့မှာ နှင်းဆီပန်းအိုးလေးကို ချပေးရင်း လူကပါ ဒူးထောက်၍ ထိုင်ချလေသည်။

"လှလိုက်တာဟင်"

မြေအိုးသေးသေးလေးထဲမှာ တောင်ဆုပ်လောက်သာရှိသည့် နှင်းဆီပင်လေးက ရဲရဲစိုစိုနှင်းဆီတစ်ပွင့်နှင့် အဖူးလေးတစ်ငုံရှိနေပုံက လှပတင့်ဆန်းနေသည်။

"အရမ်းလှတာပဲ"

နန္ဒရှိန်း သူ့မှာပါလာသည့် ကင်မရာလေးနှင့် မျက်ဝန်းညိုကို ချိန်လိုက်ကာ –

"ကိုကို အမှတ်တရ ဓာတ်ပုံရိုက်မလို့။ ညီမလေး အဲဒီအတိုင်းပဲ ထိုင်နေနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ပန်းအိုးလေးကိုကိုင်ထား"

"ဟာ . . . သမီး . . . အဲ . . . ကျွန်မ ဓာတ်ပုံမရိုက်ချင်ပါဘူး"

"အမှတ်တရပါဆို။ ပြောတဲ့အတိုင်း လုပ်စမ်းပါ"

သူ ဟောက်လိုက်တော့ မျက်ဝန်းညိုက ခိုင်းတဲ့အတိုင်း လုပ်လေသည်။

"ပြုံးထား . . . ဖြစ်နိုင်ရင် ပါးစပ်ကို လက်မဝက်လောက်ဟပြီး ရယ်လိုက်"

"ကိုကိုကလည်း"

မျက်ဝန်းညို ရှက်ရယ်လေးရယ်လိုက်ပုံကိုပဲ နန္ဒရှိန်း အမိအရရိုက်ယူလိုက်သည်။

"နောက်တစ်ပုံ"

"ကဲ . . . ဒီမှာ"

"ဟုတ်ပြီ"

မျက်ဝန်းညို ရွံ့ပြီး မေးလေးထောက်ကာ အိုက်တင်လုပ်ပြတာကို နန္ဒရှိန်းက လက်လွှတ်မခံ။

"လှရဲ့လား"





"လှတာပေါ့ လာကြည့်"

ကင်မရာလေးကိုထောင်ပြီး ခေါင်းနှစ်လုံးက ထိလုမတတ်ပါပဲ။ ရိုက်ပြီးသားပုံကို ပြန်ဖော်ပြီးပြလိုက်တော့ မျက်ဝန်းညိုက သဘောအကျကြီးကျလေတော့သည်။

ပြန်ကာနီးမှာတော့ –

"ညီမလေးကို ကိုကိုလည်း လက်ဆောင်ပေးစရာ ရှိတယ်"

"ဘာလဲဟင်"

နန္ဒရှိန်း လက်စွပ်ကလေးကို မျက်ဝန်းညိုရဲ့လက်မှာ စွပ်ပေးလိုက်ကာ –

"ဒီလက်စွပ်ကလေးကို ညီမလေး အမြဲဝတ်ထားရမယ်နော်။ ဘယ်လိုအခက်အခဲပဲရှိရှိ မပေါင်ရဘူး၊ မရောင်းရဘူး"

"ရွှေလားဟင်"

"ဟုတ်တယ်"

"အဲဒါဆို ကျွန်မ မလိုချင်ဘူး ကိုကို"

"မလိုချင်လို့မရဘူး မျက်ဝန်းညို။ နောက်တစ်ခါ ကိုကို ရွာကို ပြန်လာရင် ညီမလေးက အပျိုကြီးဖြစ်နေလောက်ပြီ။ အဲဒါဆို ကိုကို ဘယ်လိုလုပ်ပြီး ညီမလေးကို မှတ်မိမှာလဲ၊ ဒီလက်စွပ်ကလေး ရှိနေရင် အလွယ်တကူ မှတ်မိနိုင်တာပေါ့၊ ယူနော် ညီမလေး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုတို့က ဘယ်တော့ပြန်မှာလဲဟင်"

"ဒီညနေပဲ ပြန်ကြမှာလေ"

"ဩော်"

မျက်ဝန်းညို ခေါင်းလေးငုံ့သွားလေသည်။ စိတ်မကောင်းဖြစ်သွားတာပဲနေမှာပေါ့။ လက်စွပ်ကလေးကို ငုံ့ကြည့်ပြီး ငြိမ်သက်သွားတာ နန္ဒရိုင်းရဲ့စကားကို နားထောင်လိုက်ခြင်းပါပဲ။

❁ ❁ ❁



## အခန်း (၄)

"အဲ့ဒါနဲ့ ဘာဆက်ဖြစ်ရောလဲ"

"ဘာဖြစ်ရမှာလဲ။ အဲဒီညနေမှာပဲ တို့မိသားစုက ပြန်လာကြတာလေ"

"ဟာကွာ"

မိုးဆက်မော်က အားမလို အားမရနှင့် ကိုင်းနေတဲ့ခါးကြီးဆတ်ခနဲ ပြန်မတ်သွားသည်။

"မင်း နောက်နှစ်တွေမှာ ပြန်မသွားဘူးလား၊ အဲဒီပွဲဈေးကို"

"ဘယ်နေလို့မလဲ။ နောက်နှစ်မှာ ဘုရားဖူးကားနဲ့လိုက်သွားပြီးရှာသေးတယ်။ တတ်ပုံပြုပြီး မနည်းမေးရတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား"

ဝေယံဖြိုး ကသောကမောနိုင်စွာ မေးလေလျှင် နန္ဒရှိန်းက ခေါင်းခါပြပြီး –

"သူတို့က သားအမိသုံးယောက်နေတာတဲ့။ သူ့အဖေနဲ့အမေက ကွဲနေတာဆိုလားပဲ။ အဲဒီနှစ်မှာပဲ သူ့အမေက ရင်သားကင်ဆာရောဂါနဲ့ ဆုံးသွားတယ်တဲ့"

"အဲဒီတော့"

"သူ့အမေဆုံးတော့ သူ့အဖေက သမီးနှစ်ယောက်ကို လာခေါ်သွားတယ်တဲ့ကွာ"

ဟုတ်မလိုလိုနှင့် ဖတ်ရှိန်တက်လာပြီး နောက်မှ လင်းမြွေလိုအဖျားရှူးသွားတော့ မိုးဆက်မော်နှင့် ဝေယံဖြိုး စိတ်ပျက်သွားပုံရသည်။

ပြီးမှ မိုးဆက်မော်က မကျေနပ်သည့်လေသံနှင့် –

"မင်း တော်တော်လုံတဲ့ကောင်ပဲ။ သူများအကြောင်းတွေကျ ခရေစေ့တွင်းကျ သိရအောင် တို့က ပြောပြရတယ်။ မင်းအကြောင်းကျတော့ လွန်ခဲ့တဲ့ငါးနှစ်ကကိစ္စ အခုမှ တို့သိခွင့်ရတာ တရားသလားပြော"

"တစ်သက်လုံး ဖုံးလာတဲ့ဖင် တစအပြင်ကျမှ ပေါ်တယ်





ဆိုတာ ဒါမျိုးလေ။ ကောင်မလေးရဲ့ပုံတူပန်းချီကားကြီး ပန်းချီပြခန်းထဲရောက်မှပဲ ပေါ်တော့တယ်"

"မင်း နိုင်းပုံ နှိုင်းပုံကြီးကလည်းကွာ၊ နိမိတ်မရှိလိုက်တာ။ မင်္ဂလာရှိတဲ့ ပန်းချီပြခန်းကို သုသာန်တစနဲ့ နှိုင်းပြစရာလားကွ"

"လွယ်ရာကိုင်တာ လျှာမရှည်နဲ့"

"ဘာကိုင်တာလဲ"

"ဘာပဲကိုင်ကိုင် မင်းအပူလား"

"ငါ့ဟာကို မှားကိုင်မှာစိုးလို့ ပြောတာပါ"

"ဟာ ... ဆက်မော်၊ မင်း မမိုက်ရိုင်းနဲ့နော်"

"ဘယ်သူမိုက်ရိုင်းလို့လဲ။ ဒီမှာ ငါက ငါ့ဆေးလိပ်တိုကို ပြောတာ"

ဆက်မော်က သူသောက်ပြီးချထားတဲ့ ဆေးလိပ်တိုကို ကိုင်မြှောက်ပြလေတော့ ဝေယံထံမှ အသံထွက်လာသည်။ နန္ဒရှိန်းက သူတို့ကိုကြည့်ပြီး ရယ်နေသည်။

"မင်းက ဘာရယ်တာလဲ။ ကဲ ... ပြောပါဦး ငါတို့ကို ဒိုင်လျှိုလုပ်တဲ့ကိစ္စ"

"ရှိုးရှိုးသားသားကိစ္စကို ငါက မလျှိုလို့ မောင်းခတ်ကြေညာရမှာလား လခရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဝေယံ သူ့ဘက်သို့လှည့်လာသဖြင့် နန္ဒရှိန်း ဟောက်လိုက်ပေမယ့် –

"ရိုးရိုးသားသား ဟုတ်လား"

"ဟုတ်တယ်လေ"

"မင်း ချေးစားပြောတောင် ချွေးမို့လို့စားတာပဲ။ ပုခက်ထဲက ကလေးကိုသွားပြောပါလား"

"ကျွတ်"

ပြောရင်လည်းခံရတော့မည့်ကိန်းပါလား။ မျက်ဝန်းညိုနဲ့ တွေ့ပြီးကတည်းက သူ့ရင်ထဲမှာ မျက်ဝန်းညိုညိုလေးက စွဲထင်နေခဲ့တာ ယခုထက်ထိ။

အလှပေါင်းစုံနှင့် ပန်းပေါင်းစုံဖူးပွင့်နေသည့် တက္ကသိုလ်ဥယျာဉ်ကြီးထဲမှာတောင် နန္ဒရှိန်း ဘယ်အလှပဂေးကိုမှ စိတ်မဝင်စားခဲ့ပေ။

အရွယ်မရောက်သေးတဲ့ မျက်ဝန်းညိုလေးရဲ့ဓာတ်ပုံကို နေ့တိုင်းကြည့်ပြီး တစ်လောကလုံးမှာ သူမလေးပဲ အလှဆုံး၊ အယဉ်ဆုံးလို့ ထင်သည်။

အဲဒါ . . . ဘာကြောင့်လဲ။ ငါ့ညီမလေးဖြစ်ရင် သိပ်ကောင်းမှာပဲလို့ ရေရွတ်ခဲ့သမျှ ရိုးသားခြင်း မရိုးသားခြင်းတွေကို





သူမသိပေ။ ဝေလည်း မဝေခွဲတတ်ခဲ့။

အချိန်တိုင်း ရင်ထဲမှာ ငြိတွယ်နေတာတော့ အမှန်ပါပဲ။ မေ့လို့မရ ဖျောက်လို့မရခဲ့ပေ။

ဒါကြောင့်ပဲ . . . သူ မျက်ဝန်းညိုရဲ့ဓာတ်ပုံလေးနှစ်ပုံကို ကြည့်ပြီး ပုံတူပန်းချီကားနှစ်ချပ် ဆွဲဖြစ်ခဲ့သည်။ ပန်းချီပြပွဲရောက်မှပဲ ဒီပုံနှစ်ပုံ ပါလာတော့ သူငယ်ချင်းတွေ မသင်္ကာဖြစ်ပြီး သူ့ကို မရမက မေးကြတော့တာလေ။

"ဒီမှာ နရှိန်း"

"ဟာ . . . ဆက်မော် . . . မင်း ငါ့နာမည်ကို မဖျက်ဆီးနဲ့နော်"

"ဪ . . . ပြောချင်ဇောနဲ့ လျှာလိမ့်သွားလို့ပါ နန္ဒရှိန်းရာ"

လျော့ချသွားတာမှန်း သိသိကြီးနဲ့ ခံလိုက်ရပြန်၏။

"မင်းကောင်မလေးအပေါ်မှာ ရိုးရိုးသားသားဆိုရင် ဓာတ်ပုံကနေ ပန်းချီကားအဆင့်ထိ သရုပ်ပေါ်မလာဘူး သိလား။ ငါ အာမခံရဲတယ်"

ဆက်မော်က သူ့ရင်ဘတ်ကို သူပုတ်ပြီး ရဲရဲ အာမခံနေသည်။



www.burmeseclassic.com

www.burmeseclassic.com



နန္ဒရှိန်း မျက်မှောင်ကြုတ်၍ –

"မင်းက ဘာကို အာမခံတာလဲ"

"ပန်းချီကားတစ်ချပ် လက်ရာမြောက်ခြင်း မမြောက်ခြင်းက စိတ်ခံစားမှုနဲ့ ဆိုင်တယ်ကွ။ မျက်ဝန်းညို ပန်းချီကားနှစ်ချပ်စလုံးရဲ့ ဆေးသားတွေထဲမှာ ငါ မင်းရဲ့နှလုံးသားကို မြင်နေသလိုပဲ"

"မဆိုင်တာကွာ"

သူ ဘယ်လိုပဲငြင်းနေပါစေ ဝေယံကလည်း သူ့ကို ခပ်စူးစူး စိုက်ကြည့်၍ –

"ငြင်းနေတာကိုက ဟုတ်တယ်လို့ ဝန်ခံနေတာပဲ ရှိန်း။ မင်းက တို့ထက်ပိုပြီး ပန်းချီကို ရူးသွပ်ခဲ့တဲ့ကောင်ပါ။ လန်းဆန်း တက်ကြွနေတဲ့အချိန်မှာ မင်း စိမ်းလန်းစိုပြေတဲ့ ရှုခင်းတစ်ခုပုံကိုမဆွဲဘဲ ထိုင်ငိုချင်စရာကောင်းတဲ့ နွေခေါင်ခေါင်အလယ်က သစ်ခြောက်ပင် ကြီးကို ဆွဲမလားပြော"

ဒါလည်း မှန်သည်။

ပန်းချီဆိုတာလည်း ကိုယ့်စိတ်ကိုနှစ်ပြီး ဆေးခြယ်ပုံဖော် ရတာမို့ ကိုယ့်ရင်ထဲက စိတ်ခံစားမှုအတိုင်း ဆေးသားတွေက သရုပ် ပြသွားတတ်သည်လေ။

တစ်ခုခုကို လွမ်းနေချိန်မှာ ... ဆွဲတဲ့ပန်းချီ ကားလည်း





စိမ်းလန်းစိုပြေ အေးချမ်းခြင်းတို့နှင့် တောက်ပနေပါ့မလား။

ဘယ်အနုပညာမဆို စိတ်ခံစားမှုကို ရင်မှာ ရသပိုမြောက် ကြသည်သာ။

"စွဲလမ်းစိတ်ဆိုတာ နှလုံးသားဘဏ်တိုက်ကို ဖွင့်ဖို့ ချဉ်းကပ် လာတဲ့ သော့တစ်ချောင်းပဲရှိန်း။ ရိုးရိုးသားသားဆိုရင် မင်း ကောင်မ လေးဆီကို နောက်တစ်ခေါက်ပြန်သွားဖို့အထိ အရူးမထဘူး"

"ပုံတူပန်းချီကားကိုလည်း ကြည့်ဦးလေ။ တကယ် အသက် ဝင်နေတဲ့အတိုင်းပဲ။ အဲဒါကိုက မင်းရဲ့နှလုံးသားနဲ့ အသက်သွင်းပေး ထားတာ"

"မင်းနဲ့ဖူးတွေ့တုန်းက ကောင်မလေးက ငယ်သေးတော့ မင်း သံယောဇဉ်လို့ မယုံမရဲ သုံးသပ်ခဲ့တာပါ။ အခုပြန်တွေ့ရင် ဟိုက အသက် ၂၀ ဖြစ်နေပြီ။ မင်းညီမလေးတစ်ယောက်လိုပဲ သတ်မှတ် သို့ ရှိုးမှာလား"

"ခြေသွေးမစပ် လက်သွေးမစပ်ကြီးကိုကွာ။ ဘယ်ရှုထောင့် အပြဲကြည့်ကြည့် သူပြောတဲ့ သံယောဇဉ်ဆိုတာ အင်ကြီးကွ။ တကယ် တမ်း အုတ်မြစ်ချနေတာက သတိရတာတွေ၊ မေ့မရတာတွေ၊ မယုံ နိုင်ကြည့် အချစ်အိမ်ကြီး ဒီကောင့်ရင်ထဲမှာ ဆောက်ကိုဆောက်နေ တာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်စီးတဲ့မြင်း အထီးမှန်း အမမှန်းမသိတာ မင်းလိုကောင်ပဲ ရှိန်း"

သူငယ်ချင်းတွေ ဝိုင်းပြီး နှိပ်ကွပ်သမျှ နန္ဒရှိန်း အသက်ပင်ရဲရဲမရှူရဲသလို ပြောတော့လည်း ပြောစရာ။ မျက်ဝန်းညိုကို သူတကာယ်မမေ့နိုင်ခဲ့တာ ဘာကြောင့်လဲ။ ကိုယ့်ရင်ဘတ် ကိုယ်စမ်းပြီး ဘာမှန်းမသိခဲ့တာတွေအတွက် ဓာတ်ခွဲခန်းပဲဝင်ပြီး စမ်းသပ်ခံရမလိုပါလား။

အချစ်ဆိုတာကို နားမလည်ခဲ့သလို နားလည်ဖို့လည်း သူမကြိုးစားခဲ့။ မကြိုးစားခဲ့ခြင်းက သူ့ရင်ထဲမှာ မျက်ဝန်းညိုရဲ့ပုံရိပ်တွေထင်နေခဲ့တာကို။

ပုပ္ပါးကနေပြန်လာပြီးကတည်းက သူမလေးအပေါ် သနားခြင်း၊ ကရုဏာသက်ခြင်း၊ ခင်မင်ရင်းနှီးလိုခြင်းတွေနှင့်အတူ သတိရတိုင်း ဓာတ်ပုံလေးကိုပဲ ကြည့်နေဖြစ်ခဲ့တာ။ ရက်တွေ လက်ချိုးရေတွက်လို့ပင် မရနိုင်တော့ပြီ။

ပြန်တွေ့လိုခြင်းဆန္ဒတွေနဲ့ လက်စွပ်ကလေးကို ပေးခဲ့မိတာနိမိတ်ကြိုပြီး သဲလွန်စပေးလိုက်မိသလိုပါလား။ ရန်ကုန်က သူ့အဖေလာခေါ်သွားတာတဲ့။

ရန်ကုန်မြို့ကြီးမှာ အိမ်ထောင်စုစာရင်း ကောက်သလို





အိမ်တက် တစ်အိမ်ဆင်းနဲ့ လိုက်ရှာရမှာလား မျက်ဝန်း ညို။

"ရှိန်း"

"ဟင်"

"မင်း တစ်ခုခု ပြန်ပြောဦးလေကွာ"

"ပြောစရာမရှိအောင်ကိုပဲ ငါ့ရင်ထဲကအရာတွေ ဘာမှန်းကိုမသိတာ"

"ကောင်းရောကွာ"

ဝေယံက သူ့နဖူးကို သူ့ရိုက်လေ၏။ နန္ဒရှိန်းပြောသမျှ အားရစရာတစ်စက်မှမရှိပေ။

"ဒါနဲ့ ကောင်မလေးရဲ့နာမည်အရင်းက ဘယ်သူလဲ"

ဆက်မော်က မေးလေတော့ –

"ငါ မမေးခဲ့ဘူးလေ"

"ရှီးတဲ့မှကွာ"

"အဲဒါဆို မင်း ဘယ်လိုရှာမှာလဲ။ မင်းကိစ္စက အမှောင်ထဲ ခေါက်ဖြစ်နေပြီ"

"သူ့ဆီမှာ ငါ့လက်စွပ်ရှိတယ်လေ"

"ပေါင်စားတာတို့၊ ရောင်းစားတာတို့လုပ်ရင် ဘယ်လိုလုပ်မလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"ကံမကုန်ရင်တော့ ကြံဖန်ပြီး ပြန်ဆုံကြမှာပါကွာ။ အရာအားလုံးကို ကံတရားက သတ်မှတ်ပေးပြီးသားပါ။ ငါ မျက်ဝန်းညိုနဲ့ ပြန်ဆုံရလိမ့်မယ်လို့ ယုံကြည်တယ်"

ဝေယံနဲ့ ဆက်မော် ခေါင်းတခါခါ ဖြစ်ကုန်ကြ၏။ ဒီကောင် အစွဲအလမ်းကြီးတတ်မှန်းကို သိတော့ သိခဲ့သည်။ ဒါပေမဲ့ ... ဒီကိစ္စတွေအကြောင်းကို လုံးဝမသိခဲ့ရပေ။

ပန်းချီပြပွဲကျမှ ထူးခြားတဲ့ "မျက်ဝန်းညို" အမည်နှင့် ပန်းချီကားနှစ်ချပ်ပါလာမှ စုန်ရေ ဆန်ရေ သိရတာ ဖြစ်၏။ ပန်းချီကားနှစ်ချပ်စလုံးမှာ "မရောင်းပါ" ဆိုတဲ့စာတန်းတွေ ပါသည်။

အကျိုးအကြောင်းမရမကမေးမှ ခုလို ပွင့်အန်ထွက်လာတာပဲ ဖြစ်၏။

"တစ်နေ့တာလေး တွေ့ခဲ့ပေလို့သာပဲနော်။ တစ်ပတ်လောက်သာ တွေ့ဆုံရင်းနှီးခဲ့ကြရင် ဒီကောင် ဘာဖြစ်သွားနိုင်မလဲ၊ မင်းသိလား ဝေယံ"

"အဲဒီလောက် အချိန်ရခဲ့ရင် ခုလောက်ဆို ဒီကောင် ရွာသားကြီးရောက်နေလောက်ပြီပေါ့"

တက်ညီလက်ညီဖဲ့နေကြတာ ရစရာမရှိအောင်ပါပဲ။

"အေး ... မင်းတို့ပြောထားကြ၊ မင်းတို့ တကယ်ချစ်တတ်မှ





တွေ့မယ် သိလား"

"ဟော ... ပေါ်ပြီ ပေါ်ပြီ"

"အမ် ... မပေါ်ပါဘူး"

ဝေယံက သူ့ပုဆိုးစလေးကို ခြေသလုံးနှင့် လိမ်ညှပ်၍ ပြောလျှင် –

"ဟောကောင် ... ငါက မင်းအောက်စလွတ်မလွတ်ကို ကြည့်ပြောနေတာ မဟုတ်ဘူးကွ။ ဒီကောင့်ပါးစပ်က အချစ်ဆိုတာကြီး ထွက်လာလို့ပြောတာ"

"မသိပါဘူးကွာ၊ ဖြုန်းခနဲဆိုတော့ ဘာမှန်းမသိ ညာမှန်းမသိကြီး"

ဝေယံ တမင်အရွှန်းဖောက်လိုက်ခြင်းပါ။ စကားကောင်းပြောနေရင်း ထဖောက်တတ်တဲ့နေရာမှာ ဝေယံကပထမ။

ပြီးမှ–

"တို့အတွက်တော့ ဘာမှမပူနဲ့ နန္ဒာရှိန်းရှေ၊ တို့က ဟိုဆေးကို ဆောင်ထားပြီးသား"

"ဘယ်ဆေးလဲ"

"ဒေဝယက္ခလေ"

"ဝေယံပြောတာ မှန်တယ်။ အဲဒီဆေးကြော်ငြာတာ ဘာတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒေဝယာက္ခဆိုရင်လေ။ နုပိန် ရင့်ပေါက် တကာယ်ပျောက်ရမယ် ဆိုတာ အဲဒါ"

ဆက်မော်က မင်းသားလေသံ၊ မင်းသားဟန်နဲ့ လုပ်ပြလေတော့ ရယ်သံနှင့် မေတ္တာပို့သံတွေ ထွက်လာတော့၏။

❁ ❁ ❁



## အခန်း (၅)

လရိပ်ချို့နဲ့ စိမ်းလဲ့စို။

ရုပ်ချင်းခွဲမရအောင်တူတဲ့ အမြွှာညီအစ်မပေမယ့် စရိုက်ချင်းကတော့ ကွာပါသည်။ လရိပ်ချို့က လှရေးပရေးကို ဦးစားပေးပြီး အစစအရာရာမှာ သူများတွေထက် သာချင်သူ။ အပျော်အပါးကိုလည်း ခုံမင်၏။ အချက်အပြုတ်၊ အလျှော်အဖွပ်တွေကို ဝါသနာမပါပေ။

စိမ်းလဲ့စိုက အိမ်မှုကိစ္စကို နိုင်နင်းပြီး အပြင်ကို အကြောင်းမဲ့ သိပ်ထွက်လေ့မရှိပေ။ လူချင်းခွဲလို့မရအောင်ဆိုပြီး ဝတ်စားဆင်ယင်မှုကတော့ အတူတူပါပဲ။ လရိပ်က လူများခံရတာကို ပျော်သည်တဲ့လေ။ စိမ်းလဲ့က အငယ်ပီပီ အစ်မဖြစ်သူ လရိပ်ပြောသမျှ မနာခံတတ်တာ



www.burmeseclassic.com

www.burmeseclassic.com



မရှိသလောက်ပါပဲ။

ဒါကြောင့် ဖခင်ဖြစ်သူကတောင် အားမလို အားမရပုံစံနှင့်–

"ညည်းအစ်မ ကြိုးဆွဲရာကို ကနေတဲ့ ရုပ်သေးရုပ် လုပ်မနေနဲ့ သမီးငယ်။ သမီးငယ်လည်း ကိုယ့်အစွမ်းအစနဲ့ ကိုယ်လှုပ်ရှားစမ်းပါ" တဲ့။

တကယ်တော့ စိမ်းလဲ့က နုံချာအူအနေတာမဟုတ်ပေ။ ကိုယ့်မိသားစုကို စိတ်ချမ်းသာအောင် ထားချင်တာ။ သိတတ်ချင်တာတွေကြောင့်ပါ။ ကိုယ့်ကြောင့် တစ်ဖက်သားစိတ် အနှောင့်အယှက်ဖြစ်တာမျိုးကိုမလိုချင်။ အစီက,က ဖေဖေပဲပေါ့။ အဆင်မပြေတာတွေရှိလာရင် ဖေဖေ စိတ်ဆင်းရဲမှာစိုးလို့ ဘာမဆို စိမ်းလဲ့ သည်းခံခွင့်လွှတ်တတ်စမြဲပါ။

ခုလည်းကြည့် အွန်လိုင်းပေါ်မှာထားသည့်ရည်းစားကို အပြင်မှာတွေ့ဖို့ ချိန်းလိုက်သည်တဲ့။ တကယ်တွေ့ဖို့ကျတော့ စိမ်းလဲ့ကို လွှတ်လိုက်၏။

ဒီလိုတွေ သူကစားချင်လို့ ပုံရိပ်ပျောက်စနစ်နဲ့ အွန်လိုင်းပေါ်မှာ ရည်းစားထားတာ ဘယ်နှစ်ယောက်မှန်းမသိ။ သူလူနဲ့တွေ့ရင် စိမ်းလဲ့က အသေးစိတ် သေသေချာချာကြည့်ဦးမည်။ အိမ်ရောက်ရင် သူ့ကို သံတော်ဦး ပြန်တင်ရမှာလေ။ လာတွေ့တဲ့လူက ချောရင်





နောက်တစ်ခါ သူကိုယ်တိုင် တွေ့ပါ့မယ်တဲ့။ မချောတဲ့ ရုပ်ဆိုးအကျည်းတန်ဆိုရင်တော့ နင် ကြိုက်သလိုသာစီရင်ခဲ့ပေတော့လို့ ပြောတဲ့လရိပ်ပါ။

"ဒီမှာ ဒီမှာ"

"ဟင်"

"နေခါးခါးဆိုတာထင်တယ်"

လရိပ်က သူ့နာမည်ကို ဆန့်ကျင်ဘက်နှင့် ဆက်သွယ်မှုပြုသည်လို့ ဆိုထားတော့ –

"ဟုတ်ပါတယ်"

"တို့က တေဇအောင်ပါ"

"ဟုတ်ကဲ့ ထိုင်ပါ"

ဝင်ထိုင်လိုက်တဲ့ တေဇအောင်ရဲ့မျက်နှာက သကာရည်လူးထားတဲ့အတိုင်းပါပဲ။ လူပုံစံကလည်း အပျံစား အမိုက်စားနှင့် ချောမွေ့နေသူတစ်ဦးပါ။ လရိပ်သဘောကျလောက်တဲ့ရုပ်မျိုးမို့ ငါ ဒီတစ်ခါပဲတွေ့ရမှာ ရန်လုပ်ဘုတောလွှတ်စရာလည်း မလိုတော့ပြီမို့ သက်ပြင်း [illegible] ကျိတ်ချမိ၏။

စိမ်းလဲ့က သူ့ကို အနုစိပ်ကြည့်နေမိသလို သူကလည်း စိမ်းလဲ့ကို စိုက်ကြည့်နေ၏။ ကိုယ်နှင့် ဘာမှမသက်ဆိုင်သူမို့ စိမ်းလဲ့



www.burmeseclassic.com

www.burmeseclassic.com



[illegible]ကြည့်၍ အကဲခတ်ရဲပါသည်။

"ဟော့ . . . ကြည့်လှချေလားကွ"

သူပြောမှပဲ စိမ်းလဲ့အကြည့်ကို ရုပ်သိမ်းလိုက်ကာ –

"ရှင် ဘယ်လိုလူဖြစ်နိုင်မလဲ အကဲခတ်တာပါ"

"ခု သိပြီလား"

စိမ်းလဲ့က မဖြေပေ။ သူကပဲ ဆက်၍ –

"မင်းက ကိုယ့်စိတ်ကူးထဲမှာ မြင်ယောင်ကြည့်ထားတာ[illegible] တောင် ပိုလှနေသေးတယ်"

"ရှမ်းကြိုက်ရင် နွားချောတဲ့လေ"

တေဇအောင် သဘောကျစွာ ရယ်လိုက်၏။ နေခါ[illegible] လင်းတတ်တာကို အွန်လိုင်းပေါ်မှာကတည်းက သူသိပြီးသာ[illegible] လူကိုယ်တိုင် တွေ့လိုက်ရတော့ သူ လူရွေးမမှားခဲ့ဘူးဆိုတာ [illegible] သလောက်ပါပဲ။

"ဒါဆို . . . နေက နွားမလေးပေါ့ ဟုတ်လား"

"ဘာ . . . ရှင်"

တေဇ လက်ကိုဖျတ်ခနဲကိုင်လေတော့ စိမ်းလဲ့ ရုန်းပြီး [illegible] လိုက်သည်။

"နေ"





"– – –"

"မင်းနဲ့ကိုယ်က ချစ်သူတွေလေကွာ။ ဘာလို့ ကိုယ့်အပေါ် စိမ်းနေရတာလဲ"

ကျွန်မက ရှင်ပြောတဲ့နေ မဟုတ်ဘူးလို့ ပြောလိုက်ချင်ပေမယ့်

"အွန်လိုင်းပေါ်မှာနဲ့ လက်တွေ့ မတူတာတွေကို ရှင် နားလည်ပေးသင့်ပါတယ်"

"ကိုယ့်ဘက်ကတော့ မပြောင်းလဲဘူး နေ။ အတူတူလို့ပဲ ကိုယ်ထင်တယ်"

"နောက်တစ်ခါတွေ့ရင် ဒီထက်ပိုရင်းနှီးဖို့ ကျွန်မ ကြိုးစားပါ့မယ်။ အခုတော့ ကျွန်မကို ပြန်ခွင့်ပြုပါဦး"

"နေ"

စိမ်းလဲ့ လှည့်မကြည့်တော့ဘဲ သုတ်ခြေတင်ခဲ့တော့၏။ သူ လိုက်မလာမှန်းသိတော့မှ စိတ်အေးသွားရသည်။

ဟူး . . . ဝဋ်ကြီးပါပေ့ စိမ်းလဲ့စိုရယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ဘယ်လိုလဲ . . . အဆင်ပြေခဲ့ရဲ့လား စိမ်းလဲ့"

စိမ်းလဲ့ သူမလွယ်ထားသော အနက်ရောင်အိတ်ကို အလှူမီနီယံ စားပွဲပေါ်သို့ အရင်ပစ်တင်ပြီး ထိုင်လိုက်၏။ အမောပြေအောင် မစောင့်ဘဲ ဆီးမေးလိုက်တဲ့ လရိပ်ကို အခြားသူသာဆိုလျှင် ဒေါသဖြစ်ပြီး အော်ငေါက်မိမလားပါပဲ။ ဒီကလူကတော့ သွားရလာရနှင့် ပင်ပန်းခဲ့သမျှ သူကတော့ လက်သည်းနီဆိုးမပျက်ကနေ ဒီစကားတန်းမေးတာကောင်းသလား။

လူပင်ပန်းတာထက် စိတ်ပင်ပန်းတာက ပိုဆိုးသည်။ ရင်ဖိုတောင် အသမ်းမခံဖူးတဲ့လူက သူ့ရည်စားကို သူ့ကိုယ်စား သွားတွေ့





ပေးရတာ ၁၀ ပိဿာဝန်ကို ရွက်ရတာထက် ပိုလေးသည်ထင်၏။ ဒါကို အမောပြေအောင်ပင် မစောင့်ဘဲ သူ့ဆန္ဒကို ဦးစားပေးတာကောင်းသလား။

"ဟဲ့ . . . နင့်ကို ငါမေးနေတယ်လေ စိမ်းလဲ့"

စိမ်းလဲ့ လရိပ်ကို ဆတ်ခနဲလှည့်ကြည့်ကာ –

"အခုချိန်မှာ အဲဒီကိစ္စကိုမေးမယ့်အစား နင် ငါ့ကို ရေတစ်ခွက်ခပ်တိုက်သင့်တာပဲ လရိပ်"

"ဟင် . . . နင် ရေဆာလာလို့လား။ အဲဒါဆိုလည်း နှင်းနှင်းကို လှမ်းခေါ်ပြီး တောင်းရောပေါ့။ နှင်းနှင်းရေ နှင်းနှင်း"

"လရိပ်"

နှင်းနှင်းကိုပါ လရိပ်က လှည့်အော်ခေါ်လေလျှင် –

"နင် ငါ့ကိုရွဲ့နေတာလား လရိပ်"

"ငါက ဘာကိုရွဲ့ရမှာလဲ၊ နင်ပဲ ရေဆာလို့ဆို"

"နင် မသိတတ်လို့ ငါက သဘောပြာပြတာပါ။ ဘာရေမှ မဆာဘူး"

"ဩော်"

ခုမှ သဘောပေါက်သွားဟန်နဲ့ လရိပ်က ပခုံးကိုတွန့်ပြ ရယ်လေသည်။ သူမက ဘာကိုမှ အလေးမထားတတ်သူမို့ တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



သားကို လှောင်သလိုသာလုပ်ပြီး ကိုယ်ချင်းစာမကြည့်တတ်ပေ။ အတန်ကြာမှ စိမ်းလဲ့ကို ငဲ့ကြည့်၍ –

"ဒီလောက်ဆို အမောပြေလောက်ပြီ ထင်တယ်"

စိမ်းလဲ့ လေပူကိုမှုတ်ထုတ်လိုက်ကာ –

"တေဇအောင်က နင်ကြိုက်လို့ရမယ့်ပုံစံမျိုးပဲ လရိပ်"

"ထောတာလား ချောတာလား"

"ထောမထောတော့ ငါမသိဘူးလေ။ လာတာတော့ ကားရောလူရော အပျံစားအမိုက်စားပဲ"

"ဒါဆို နှစ်ဖက်ချွန်ထင်တယ်။ သူ့ပုံစံကို ပြောပြပါဦး"

"အရပ်မြင့်မြင့်နဲ့ ဖြူဖြူချောချောပါပဲ။ နင် သူ့ကိုမြင်ရင် သဘောကျမှာ ကျိန်းသေတယ်"

"နင်ရော သဘောကျခဲ့ပြီလား"

"ငါ့အကြောင်းကို နင် သိပါတယ်"

လရိပ် ပြုံးလိုက်မိ၏။ စိမ်းလဲ့က သူမလိုမဟုတ်ပေ။ တည်ငြိမ်အေးဆေးပြီး အချစ်ဆိုတာကို သူမနှင့်မဆိုင်သလို နေခဲ့သူ။ ပညာရေးနဲ့ အိမ်မှုကိစ္စကလွဲပြီး စိမ်းလဲ့က ဘာကိုမှ စိတ်မဝင်စားပေ။ လရိပ်လို အပျော်လည်းမမက်။ လရိပ်က တော့်းမလို့ပြောရင်လည်း ငြိမ်ခံနေတတ်သူလေ။





လရိပ်ကတော့ သူလို မနေနိုင်ပါဘူး။ လူငယ်ကလူငယ်ပီပီပဲ လွတ်လွတ်လပ်လပ်နေချင်သည်။ ချစ်သူရည်းစားဆိုတာကိုလည်း လင်ယောကျ်ားလို တသမတ်တည်းမှတ်ထားရတဲ့အရာ မဟုတ်ဘူးဆိုပြီး ရည်းစားကိုစံ၍ ရွေးနေသူ။ တစ်ယောက်မကောင်းတစ်ယောက်ပြောင်းပဲပေါ့။ လရိပ်က အဲဒီလိုမိန်းမပါ။

"စိမ်းလဲ့"

"ဟင်"

"ငါ သူငယ်ချင်းတစ်ယောက်နဲ့ ပန်းချီပြပွဲသွားကြည့်မလို့ နင် လိုက်မလား"

"မလိုက်ချင်ပါဘူးဟာ၊ နင်ပဲသွား။ နင်က ခြေဖွာပေါက်နေတဲ့လူလေ"

"ငါ့မှာ ခြေပြတ်နေလို့ စိမ်းလဲ့ရဲ့။ အဲဒါ နင့်မှာရှိတာ ငါ့ကို ချေးပါလား"

"ဟယ် . . . ဖေဖေက တစ်ယောက်ကို မုန့်ဖိုးတစ်သိန်း ပေးထားတာ ဆယ်ရက်ကျော်ပဲ ရှိသေးတယ်လေ လရိပ်ရဲ့။ နင့်ပိုက်ဆံ ကုန်ပြီလား"

"ကုန်ပြီပေါ့၊ ပိုက်ဆံတစ်သိန်းဆိုတာ ဘာရှိလို့လဲ။ အချို့ သူဌေးသမီးတွေဆို အဆင့်မြင့်ဟိုတယ်မှာ တက်ဆွဲရင် one table



www.burmeseclassic.com

www.burmeseclassic.com



စာပဲ ရှိတာကို။ တို့မှာသာ သူဌေးသမီးဖြစ်ပြီး ခြစ်ခြစ်ခြုပ်ခြုပ် ကုပ်ကုပ်ကပ်ကပ် သုံးနေရတာ"

ပြောပြရရင် ဩချလောက်စရာပါပဲ။ မရှိဆင်းရဲသားတွေ အဖို့ဆိုရင် ငွေတစ်သိန်းကနည်းသလား၊ စိမ်းလဲ့ဆိုရင် ဖေဖေပေးတဲ့ မုန့်ဖိုးတွေကို သုံးလည်းသုံး၊ စုထားတာလည်းရှိသည်။ ခြမ်းလို စုပါများတော့ တောင်ပို့ဖြစ်တယ်ဆိုတာမျိုးပေါ့။ စိမ်းလဲ့ ခုဆိုရင် စုထားတဲ့ငွေလေးနဲ့ သူငယ်ချင်းတစ်ယောက်ကို စတိုးဆိုင်အသေးစားလေး ဖွင့်ပေးထားနိုင်သည်။

သူငယ်ချင်းက မပြေလည်တော့ သူကလုပ်စိုက်၊ ကိုယ်က ငွေစိုက်ပြီး အမြတ်အစွန်းကအတူတူ။ ဒါကို ဖေဖေသာသိပြီး လရိပ်က မသိပေ။ သူ့မှာ တစ်လကိုနှစ်သိန်းပေးလည်းမလောက် သုံးသိန်းပေး လည်းမလောက်။

စိမ်းလဲ့ဆီမှာ ချေးသုံးပေါင်းလည်းများပြီ။ တစ်ခါမှ ပြန်ပေး တယ်ဆိုတာ မရှိခဲ့ပါဘူး။ ဒါကြောင့် ကိုယ့်ပိုက်ဆံနဲ့ကိုယ် တစ်သောင်း သုံးရင် နှစ်သောင်းကုန်တယ်လို့ ညာပြီး စုထားလို့ အဖတ်တင်တာ ပါ။

"နင် အဲဒီလိုတော့ မပြောပါနဲ့လရိပ်ရယ်။ ပိုက်ဆံကုန်လို့ ပေးပါဦးဆိုရင် ဖေဖေက ထုတ်ပေးနေတာပဲမဟုတ်လား"





"ပေးတာနဲ့မတန်အောင် အဆူခံ အမာန်ခံရတာကို ထည့်ပြော ဦးလေ"

"ဒါကတော့ ဖေဖေက မိဘလေ။ သူ့မှာ သားသမီး မလိမ္မာ ရင် ဆူခွင့် မာန်ခွင့်ရှိနေတာပဲ"

"ဘာ"

လရိပ် မျက်နှာချက်ချင်းတည်တင်းသွားလေ၏။

"နင်က ငါ့ကို မလိမ္မာတဲ့ သမီးမိုက်လို့ ပြောချင်တာပေါ့ လေ။ ဟုတ်လား စိမ်းလဲ့"

"မဟုတ် . . . မဟုတ်ပါဘူး။ ငါ အဲဒီသဘောမျိုးနဲ့ပြောတာ မဟုတ်ဘူး လရိပ်"

လရိပ်က မဲ့ခနဲလုပ်ကာ –

"နင်ကတော့ သမီးအလိမ္မာလေးပေါ့လေ။ ငိုတတ်တဲ့ကလေး နို့ပိုရတယ်တဲ့။ နင်က ဖေဖေ့ကို ကပ်ချွဲပြီး ပြည့်စုံနေတော့ ပြောအား ရှိမှာပေါ့"

"နင်လည်း ဖေဖေ့ရဲ့သမီးပဲလေ လရိပ်ရဲ့။ ငါ့မှာ အဲဒီလို တစ်ကိုယ်ကောင်းဆန်တဲ့စိတ် မရှိပါဘူးဟာ"

"ဟုတ်ပါတယ်၊ နင်က တော်ပါတယ်။ ငါကသာ တစ်ကိုယ် ကောင်းသမားပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"လရိပ်"

လရိပ် ခြေဆောင့်ကာ ထွက်သွားလေတော့၏။ မှန်တာပြောခင် ကြိုက်တဲ့သူက အရှားသားလား။ သူ့အပြစ်ကို လက်ထောက်ပြရင် အငြိုငြင်ခံရမှာစိုးလို့ တတ်နိုင်သလောက် စိမ်းလဲ့ ရှောင်ရှားခဲ့ပါသည်။ သူကအကြီးဆိုပြီး စိမ်းလဲ့အပေါ် ငုံ့ညှာတာတွေ၊ ထောက်ထားတာတွေ မရှိခဲ့ပေမယ့် စိမ်းလဲ့ကတော့ လရိပ်အပေါ်မှာ မေတ္တာမပျက် ချစ်ခင်လျက်ပါ။

စိမ်းလဲ့ တကာယ်တမ်းကျတော့ မနေနိုင်စွာ သူမ စုထားတဲ့ ပိုက်ဆံထဲက ပိုက်ဆံသုံးသောင်း ထုတ်ယူခဲ့ပြီး –

"နှင်းနှင်း"

"ရှင် မမလဲ့"

"လရိပ်ကို ဒီပိုက်ဆံသုံးသောင်း သွားပေးလိုက်စမ်းပါ။ ငါပေးတာလို့ ပြောလိုက် ကြားလား"

"ဟုတ်ကဲ့ မမလဲ့"

နှင်းနှင်းထွက်သွားတော့ စိမ်းလဲ့ ရပ်ကျန်မနေခဲ့ပေ။ လရိပ် ဘာပြောမလဲ သိချင်တာနှင့် နောက်ကနေ လိုက်ချောင်းမိ၏။

"မမရိပ်"

"ဘာလဲ"





"ဟို ... မမလဲ့က ပိုက်ဆံပေးခိုင်းလိုက်လို့ပါ"

နှင်းနှင်းက လက်နှစ်ဖက်နှင့် ရိုသေစွာ ပိုက်ဆံတွေကို ပေးလေတော့ လရိပ် ဆတ်ခနဲဆွဲယူကာ –

"ကျေးဇူးတင်တယ်လို့ ပြောလိုက်"

လရိပ်ထွက်သွားလေတော့ စိမ်းလဲ့ မျက်လုံးလေးကိုမှိတ်ပြီး ငင်သက်ချမိသည်။ နှင်းနှင်းကိုဆက်ဆံတာကအစ သူ့ကို ရိုသေမှု အလေးထားမှု၊ ကြောက်မှု ကျနပ်သူလေ။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

နှစ်တွေကြာခဲ့ပြီမို့ မျက်ဝန်းညိုပေးခဲ့သည့် နှင်းဆီပင်လေးကလည်း အခက်အရွက် အငုံဆင့်လို့ အပွင့်တွေ ဝေဝေဆာဆာနှင့် စည်ကားလှပနေခဲ့ပြီ။

ငုံရာကဖူး၊ ဖူးရာကပွင့်၊ ပွင့်ရာကနေ ညှိုးခြောက် ကြွေကျသွားတဲ့ ပန်းဘဝနဲ့ လူတွေရဲ့ဘဝက အတူတူပါပဲ။

နုရာကရင့်၊ ရင့်ရာကနေ အို၊ အိုရာကနေ နာပြီးသေသွားကြတဲ့လူတွေအကြောင်းကိုတွေးမိပြီး တရားကျမိသည်။ တရားကျတာက သပ်သပ်။ မျက်ဝန်းညိုကို သတိရမိတာက တခြားမို့ နှင်းဆီပွင့်တွေကို ငေးကြည့်နေစဉ်မှာပဲ သူ့ဖုန်းက မြည်သံပေးလာသည်။





ပေါ်လာတဲ့နံပါတ်ကိုကြည့်လိုက်တော့ ဝေယံဆက်တာပဲ။

"ဝေယံ ပြော"

"ရှိန်း . . . မင်းပန်းချီပြခန်းကို မလာသေးဘူးလား"

"လာမှာပေါ့၊ ဘာလို့လောနေတာလဲ"

"လောစရာရှိလို့ လောနေတာပေါ့။ မင်း အခု မြန်မြန်လာခဲ့ရှိန်း"

"အရေးကြီးတဲ့ကိစ္စရှိလို့လား"

"ရှိတယ်၊ မင်းကိုတွေ့ချင်တဲ့ညွှေ့သည် စောင့်နေလို့"

"ပန်းချီကားဝယ်မယ့်သူလား"

"မဟုတ်ဘူး။ ကောင်မလေးတစ်ယောက်ပဲကွ။ လှတာမှ တော်တော်လေးကိုလှတာ"

"နာဘူး"

"အပြစ်တင်မစောနဲ့ ရှိန်း။ ကောင်မလေးက မင်းရဲ့မျက်ဝန်းညိုနဲ့ တော်တော်လေးတူသလိုပဲကွ"

"ဘာ"

နန္ဒရှိန်း ကိုယ့်နားပင် ကိုယ်မယုံချင်ပေ။ သူ မသွားသေးလို့ ဒီကောင်တွေ နောက်ပြီးခေါ်တာလား။

"ဟေ့ကောင် ဝေယံ . . . ဒါ နောက်စရာမဟုတ်ဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ တကယ်ပြောနေတာ ရှိန်း။ ဒီကိစ္စနဲ့ ပတ်သက်ပြီး မင်းကို ငါ မနောက်ရပ်ပါဘူးကွာ။ မင်းရဲ့စိတ်ကို တို့သိနေတာပဲဥစ္စာ"

မယုံလို့ ကိုယ်အသွားနောက်ကျခဲ့ရင် တကယ်ဟုတ်နေတဲ့အခါ လွဲသွားမှာလည်းစိုးသည်။ ဘာပဲဖြစ်ဖြစ် သူ အမြန်ဆုံးသွားမှဖြစ်မည်။

"ကောင်မလေးစောင့်နေရတာ အားနာစရာကွာ။ မင်း မြန်မြန်လာခဲ့နော် ရှိန်း"

"ကောင်းပြီလေ . . . ငါ အခုပဲ လာခဲ့မယ်။ မဟုတ်ရင်တော့ မင်း အသေပဲမှတ်"

"ကဲ . . . မှတ်တယ်ကွာ"

"အိုကေ . . . ဒါပဲနော်"

"ဒါပဲ . . . ဒါပဲ"

မျက်ဝန်းညိုဆိုတာနှင့် နန္ဒရှိန်းရဲ့ခြေလှမ်းတွေက သွက်လက်နေ၏။ သူ ဒီလောက်အသည်းအသန်ဖြစ်နေခဲ့တာ။ ဟိုကောင်တွေ ပြောသလို အချစ်ဆိုတာ ဖြစ်နေမလား။ သေချာတာ မသေချာတာတွေက မျက်ဝန်းညိုနဲ့ပြန်တွေ့မှ အဆုံးအဖြတ်ပေးလို့ရမည်။

စိတ်က လောနေသည့်ကြားထဲ ကားက မီးပွိုင့်မိနေသေး၏။ ဖြစ်နိုင်လျှင် ကားပေါ်ကဆင်းပြီး အတောင်ပံတပ်ကာ ပျံသန်း





သွားလိုက်ချင်သည်။

သူရောက်သွားတော့ ဆက်မော်က ထွက်ကြိုနေသည်။ ပုံစံကတော့ ရုပ်တည်ကြီးနဲ့ပါပဲ။ သူ့ကိုမြင်မှ ပန်းချီပြခန်းထဲကို ပြန်ဝင်သွားတာက ဘာသဘောလဲ။ သူကလည်း စိတ်လောနေတာနှင့် သူငယ်ချင်းတွေကို မြင်မြင်ချင်းပဲ –

"ဘယ်မှာလဲ၊ မင်းတို့ပြောတဲ့ ကောင်မလေး"

"ဟိုမှာလေ"

ဝေယံမေးငေါ့ပြရာဆီသို့ ကြည့်လိုက်တော့ သူတို့ကို ကျောပေးပြီး "မျက်ဝန်းညို" ပန်းချီကားတစ်ချပ်ကို ကြည့်နေသော ကောင်မလေးက ဖြည်းဖြည်းချင်း လှည့်လာသည်။ ပြီးတော့ သူ့ကို ပြန်ကြည့်နေတာ ဒီမျက်လုံးလေးတွေ။

သူ မှတ်မိနေပါတယ်လေ။ သေချာအောင် ပန်းချီကားထဲက မျက်ဝန်းညိုရဲ့ မျက်လုံးလေးတွေကို ကြည့်လိုက်၊ ကောင်မလေးရဲ့ မျက်လုံးကို ကြည့်လိုက်နှင့် ဖြစ်နေ၏။

သေချာပါတယ်။ ဒီမျက်လုံးလေးတွေမှ ဒီမျက်လုံးလေးတွေပဲ။

"မျက်ဝန်းညို"

ပါးစပ်ကလေး လှုပ်ရှုံသာခေါ်မိတဲ့သူ့ကို မျက်ဝန်းညိုက



www.burmeseclassic.com

www.burmeseclassic.com



ပြုံးပြပြီး လျှောက်လာကာ –

"ကိုကို မဟုတ်လားဟင်"

အကြည့်က မျက်ဝန်းညိုရဲ့ ဘယ်လက်ချောင်းလေးများဆီသို့ ရောက်သွား၏။ လက်သူကြွယ်မှာဝတ်ထားတဲ့ လက်စွပ်ကလေးက သူပေးခဲ့တဲ့ လက်စွပ်ကလေးပါပဲ။

"မျက်ဝန်းညို . . . မင်း မင်း တကယ်မျက်ဝန်းညိုပါပဲလား"

"ဒါဆို . . . ကိုကိုကလည်း ကိုကိုဆိုတာ သေချာတာပေါ့နော်"

"သေချာတာပေါ့ မျက်ဝန်းညိုရယ်၊ တို့တွေ ပြန်ဆုံကြပြီနော်"

"ရေစက်မကုန်ကြလို့ ပြန်ဆုံတာပေါ့ ကိုကို"

"မျက်ဝန်းညိုရယ်"

နန္ဒရိုင်း ဘာဆက်ပြောရမှန်းပင် မသိအောင် ဝမ်းသာသွား သူရင်ထဲမှာ စွဲငြိနေခဲ့သည့် ပုံရိပ်ကလေးက အခု သူ့ရှေ့မှာ စစ်မျ သော ပုံရိပ်အဖြစ် ရပ်နေပြီ။

ဝမ်းသာလှိုက်လှဲ့မှုတွေက စကားလုံးများကို ဆွံ့အသွားစေ သူငယ်ချင်းတွေက အလိုက်တသိ ရှောင်ထွက်သွားကြသည့်နော မှာ –





"မင်း ကိုကိုပေးခဲ့တဲ့ လက်စွပ်ကလေးကို အခုထိ ဝတ်ထားတုန်းပဲနော်"

မျက်ဝန်းညိုက သူမ လက်ချောင်းလေးတွေကို ညာလက်ဖဝါးထဲမှာ ထည့်ဆုပ်ကာ ကွယ်ဝှက်သလိုလေးလုပ်၍ ပြုံးနေသည်။

"ကိုကိုပဲ အမြဲဝတ်ထားရမယ်လို့ မှာခဲ့တာလေ"

"ဟုတ်တယ် . . . ဟုတ်တယ်၊ မျက်ဝန်းညိုက မှတ်မိနေသားပဲ"

"မှတ်မိတာပေါ့၊ လရိပ်က ကိုကို့ကို အမြဲသတိရနေခဲ့တာပဲ ညွှာကို"

"ဘယ်သူ လရိပ်ဟုတ်လား"

"လရိပ်ရဲ့နာမည်က လရိပ်ချိုလေ၊ မျက်ဝန်းညိုလို့ ခေါ်တာ ကိုကိုတစ်ယောက်ပဲရှိတာကို"

"ဟုတ်သားပဲ"

နန္ဒရိုင်း ရှက်ရယ် ရယ်မိ၏။ မှန်တာပေါ့။ ဒီကောင်မလေးကို သူတစ်ယောက်ပဲ ကိုယ့်သဘောနဲ့ကိုယ် ကင်ပွန်းတပ်ပြီး မျက်ဝန်းညိုလို့ ခေါ်ခဲ့တာမဟုတ်လား။ ဘယ်တုန်းကမှ မသိခဲ့တဲ့နာမည်ရင်းက လရိပ်ချိုတဲ့။

"လရိပ်ချိုဆိုတဲ့ နာမည်လေးကလည်း လှပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဒါဆို . . . မျက်ဝန်းညို့လို့ မခေါ်နဲ့တော့လေ”

“ဟင် . . . ဘာဖြစ်လို့လဲ”

“နာမည်မသိခင်က ခေါ်ခဲ့တာကို ထားခဲ့တော့လေ။ အခု ကိုကို နာမည်သိပြီပဲဟာ နာမည်ပဲခေါ်ပေါ့”

“ကိုကိုက မျက်ဝန်းညို့လို့ပဲ ခေါ်ချင်တာလေ”

“ကဲ . . . ဒါဆိုလည်း ကိုကို့သဘော”

နန္ဒရိုင်းရဲ့ရင်ထဲမှာ လှိုက်ခနဲ့နွေးထွေးသွားသည်။ ပြန်တွေ့ မှာ စိမ်းနေမလားလို့ ထင်ခဲ့ပေမယ့် မျက်ဝန်းညို့က သွက်လက်ချက်ချာ စွာ ရင်းရင်းနှီးနှီးဆက်ဆံလေသဖြင့် ဝမ်းသာပီတိ ဂွမ်းဆီတိရသည် ပေါ့။

ဒီကောင်မလေး အရင်က အဝတ်အစားခပ်နွမ်းနွမ်း သနပ်ခါး ပါးကွက်ကလေးနဲ့ အေးဆေးတည်ငြိမ်ခဲ့သည်။ အခု မြို့ကိုရောက် တော့ မြို့အသွင်ပြောင်းကာ အလှကြီးလှနေ၏။ နှုတ်သွက်လျှာသွက် ကလေး ဖြစ်နေတာလည်း တစ်မျိုးချစ်စရာပါ။

“မျက်ဝန်းညို့ . . . ကိုကိုနဲ့ အေးအေးဆေးဆေး စကားပြော အောင် တစ်ခုခုလိုက်စားပါလား”

“ကောင်းသားပဲ ကိုကိုရဲ့”

“ဒါဆို လာသွားရအောင်”





လရိပ် သူငယ်ချင်းနှင့်အတူတူ ကိုကို့နောက်သို့ လိုက်ခဲ့၏။ အခုချိန်ထိ အေမီဖင်က သူတို့ကြားမှာ ဘာစကားတစ်ခွန်းမှ ဝင်မပြော ပေ။

ကိုကိုက သူ့အတွက် ထမင်းပေါင်းတစ်ပွဲမှာပြီး လရိပ်တို့က ရှမ်းခေါက်ဆွဲနှစ်ပွဲမှာ၍ စားကြသည်။

“ကိုကို”

“ဟင်”

“လရိပ်ပေးတဲ့ နှင်းဆီပင်လေး ရှိသေးလားဟင်”

“ရှိတာပေါ့ မျက်ဝန်းညို့ရဲ့။ အခုဆို အဖူးတွေ အပွင့်တွေ ဝေဝေဆာဆာနဲ့ အရမ်းလှနေတာ။ မျက်ဝန်းညို့လိုပဲပေါ့”

“ဘာလဲဟင်”

“အရင်နဲ့မတူတော့ဘဲ ပြောင်းလဲသွားတာလေ”

“ဟင် . . . လရိပ်က ဘာပြောင်းလဲလို့လဲ”

“အရမ်းလှလာတာကိုပြောတာပါ”

“ကိုကိုကလည်း”

လရိပ် ရှက်စနိုးလေးရယ်ပြီး ခေါင်းငုံ့လိုက်မိသည်။ နန္ဒရိုင်း ဘယ်တုန်းကမှ ဒီစကားမျိုး ပြောမထွက်ရဲခဲ့တာ။ အခု ကိုယ့်ရင်ထဲက ပုံရိပ်စစ်ကလေးမို့ ဒီလိုပြောထွက်သွားသည်ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



စကားပြောကြရင်း စားသောက်ပြီးလို့ ပြန်ကာနီးမှာ –

"မျက်ဝန်းညို ကားနဲ့လာတာလား"

"Taxi နဲ့လာတာလေ"

ကားချင်းအတူတူပေမယ့် ကိုယ်ပိုင်နဲ့ Taxi ကွဲပြားအောင် ဖြေလိုက်တာဆိုတော့ –

"ဒါဆို ... ကိုကိုလိုက်ပို့မယ်"

"နေပါစေ ကိုကို ... လရိပ် သူငယ်ချင်းအိမ်ကိုဝင်ဦးမှာမို့လို့ပါ"

"ကောင်းပြီလေ၊ နောက်နေ့မှ မျက်ဝန်းညိုတို့အိမ်ကို ကိုကို လာခဲ့မယ်။ Visiting Card ပေးခဲ့ပေါ့"

လရိပ် တွေခနဲဖြစ်သွားပြီး –

"အိမ်ကိုတော့ မလာခဲ့ပါနဲ့ကိုကို။ ကိုကို လရိပ်ကို တွေ့ချင်တယ်ဆိုရင် ဖုန်းဆက်လိုက်လေ။ လရိပ် ကိုကိုနဲ့ လာတွေ့မှာပေါ့"

"ဘာဖြစ်လို့လဲ မျက်ဝန်းညို"

"ဟို ... ဖေဖေက အိမ်ကို ယောကျာ်းလေးတွေ လာတာ မကြိုက်လို့ပါ"

"သြော်"





သမီးတွေ မွေးထားတဲ့ ဖခင်တစ်ယောက်ရဲ့စည်းကမ်းကို နန္ဒရှိန်း နားလည်ပေးနိုင်ပါသည်။ ဒါကြောင့် အတင်းအကျပ် မတောင်းတော့ပေ။

"လရိပ်ရဲ့ဖုန်းနံပါတ်ကို ကိုကိုမှတ်ထားလေ"

"အင်း ... ပြော"

လရိပ်ရွတ်ပြတဲ့ ဖုန်းနံပါတ်ကို သူမှတ်ထားလိုက်၏။ အရင်လို မျက်ဝန်းညိုရဲ့ဘဝက ခန့်မှန်းရသလောက် ဆင်းရဲနုံချာမနေတော့ဘူးထင်ပါရဲ့။

ဝတ်ပုံစားပုံတွေက အထက်တန်းကျကျမို့ တစ်မျိုးတော့ စိတ်အေးရသလိုပါပဲ။ သူက မျက်ဝန်းညိုကို ပင်ပင်ပန်းပန်းနဲ့ ဘဝအတွက် ရုန်းကန်နေရမှာစိုးလို့ပါ။

"လရိပ်သွားတော့မယ် ကိုကို"

"ကောင်းပါပြီ"

လရိပ်ထွက်သွားပြီးနောက် နန္ဒရှိန်းလည်း ပန်းချီပြခန်းဆီသို့ ပြန်လာခဲ့၏။ သူ့ကိုမြင်တော့ သူငယ်ချင်းတွေက ပြုံးစိစိနှင့်။

"ဘယ်လိုလဲ ရှိန်း။ မင်းဟာလေး စစ်ရဲ့လား"

"မင်းစကားက ဘာလဲ၊ အဆုံးမရှိ အစမရှိနဲ့"

"မျက်ဝန်းညို ဟုတ်လားလို့ မေးတာ လဒရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ . . . သူမှ သူအစစ်ပဲ"

ဆက်မော်က သူ့ပခုံးကို ဖက်လိုက်ပြီး –

"ဒီည မင်းအိပ်လို့မပျော်မှာ ကျိန်းသေတယ်"

"ဘာဆိုင်လို့လဲ"

"မင်းရင်ထဲမှာ ဝမ်းသာလုံးကြီးဆို့လာတာ မဟုတ်လား။ ညကျရင် အလုံးနဲ့အပြားခွဲခြားပြီး မင်းရင်ဘတ်ကို ဘာသာပြန်ဖို့ လိုလာပြီလေ"

"ဟုတ်တယ် ရှိန်း၊ မင်းအခုထိ ရည်းစားတစ်ယောက်မှ မထားဖြစ်သေးတာ သိပ်သဘာဝမကျတော့ဘူး"

"အဲဒါ ငါ့ရဲ့ personal ကိစ္စပါ"

ဆက်မော်နှင့်ဝေယံ ယောကျ်ားကြီးတွေတန်မဲ့ မဲ့ရွဲ့သွားကြလေသည်။ နန္ဒရှိန်းကိုသာပြောနေကြတာ သူတို့ရော ဘာထူးကြလို့လဲ။ ရည်းစားလေးထားတတ်ကြပေမယ့် မိန်းမယူဖို့ကျတော့ အခုထိ ခေါင်းမညိတ်ကြသေးပေ။ သူတို့တွေ စနေနောက်နေကြသည့်အချိန်မှာ

လရိပ်နှင့် အေမီဇင်တို့သူငယ်ချင်းနှစ်ယောက်မှာလည်း အေမီက လရိပ်ကို နားမလည်နိုင်ဖြစ်နေ၏။ သူငယ်ချင်းအချင်းချင်း လရိပ်က ဘာတွေကို လျှို့ထားမှန်းမသိ။

"လရိပ်"





"ဟင်"

"နင် ဘာတွေကို အကွက်ရှေ့နေတာလဲ"

"ငါက ဘာကိုအကွက်ရှေ့လို့လဲ အေမီရဲ့"

"ဟို ကိုကိုဆိုတဲ့လူနဲ့ နင်က ဘာတွေလဲ။ ငါလည်း ဘာမှ မသိရပါလား"

လရိပ် လွှန့်ခနဲ ပြုံးလိုက်ကာ –

"မသိရင်လည်း မသိတဲ့ဘာသာပဲ နေလိုက်ပေါ့"

"ဟဲ့ ငါက သိချင်လို့မေးတဲ့ဥစ္စာကို"

"မပြောဘူး"

"လရိပ်"

လရိပ်က မချိုမချဉ်ပုံစံနှင့် ဆံပင်လေးတွေ လှုပ်ခါသွားအောင် ခေါင်းကိုငဲ့၍ ရယ်နေမြဲပါ။

"သူငယ်ချင်း အချင်းချင်း နင် အဲဒီလို မလျှို့နဲ့လေ"

"မလျှို့ပါဘူး။ နောက်တော့ နင်သိရမှာပါ"

"အခုပြောလို့ မရဘူးလား"

"No အခုမပြောချင်သေးလို့ပါဆို၊ အလိုက်သိစမ်းပါ သူငယ်ချင်းရာ၊ ဟဲ ဟဲ"

"ကောင်မ"



www.burmeseclassic.com

www.burmeseclassic.com



လရိပ်က အေမိရဲ့ နှာသီးဖျားလေးကို ဖျစ်ညှစ်လိုက်သဖြင့် အေမိက လရိပ်လက်ကို ဖယ်ချပြီး မျက်စောင်းထိုးလေတော့သည်။

❁ ❁ ❁



## အခန်း (၈)

"ဘယ်လိုသား ... သား မျက်ဝန်းညိုလေးနဲ့ ပြန်တွေ့ခဲ့တယ် ဟုတ်လား"

"ဟုတ်တယ် မေမေ၊ သူက ပန်းချီပြပွဲကိုလာရင်း သူ့ရဲ့ပုံတူပန်းချီကားလေးကို တွေ့သွားတာ မေမေ"

"ဘာပဲဖြစ်ဖြစ် ... မေမေ ဝမ်းသာတယ်သားရယ်"

ဒေါ်ကေသရီ တကယ်ပဲ ဝမ်းသာပါသည်။ သူ့ ဒီကလေးမလေးကို ဘယ်ရေစက်ကြောင့် ချစ်မိမှန်းမသိ၊ တစ်နေ့တာကာလလေးပဲ တွေ့ခဲ့ပေမယ့် ရင်ထဲမှာ မှတ်မှတ်ရရ ရှိနေခဲ့သည်။ သူမ မေ့မျောက်ပျောက်ရှိခဲ့လျှင်တောင် သားက အစဖော်ပေးပြီး သူမလေး



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ပြောတတ်၏။

သားစိတ်က မျက်ဝန်းညိုလေးအပေါ် ဘာမှန်းမသိတာကြောင့် ဦးနန္ဒကျော်ရဲ့သူငယ်ချင်း ဦးဘုန်းမြတ်က သူ့သမီးနဲ့ စသလိုနောက်သလို ကမ်းလှမ်းတာကိုတောင် သူတို့ လျှော့နည်းနည်းလုပ်ခဲ့ရသည်။

သားဆန္ဒမပါဘဲ မစီစဉ်ချင်ပါဘူးလေ။ ဆင်းရဲချမ်းသာဆိုတာမလိုဘဲ သားကို သူချစ်တဲ့မိန်းကလေးနဲ့ပဲ လက်ထပ်စေချင်သည်။ သားကလည်း ပညာတတ်တစ်ယောက်မို့ ယုံကြည်စိတ်ချတာလည်းပါ၏။ လူရွေးမှားရလောက်အောင် သားက မိုက်ရူးရဲဆန်မည့်ကလေးမှ မဟုတ်တာ။

"မျက်ဝန်းညိုက သူ့နှင်းဆီပင်လေးရှိသေးလားလို့တောင် မေးလိုက်သေးတယ် မေမေရဲ့"

"ဟုတ်လား"

"ဒါပေါ့ ... အရမ်းလည်း လှလာတယ် သိလား"

"အံမယ် ... ကောင်လေး"

"သားက ရိုးရိုးသားသားပြောတာ မေမေရဲ့"

"မေမေက ဘာပြောနေလို့လဲ"

"မသိဘူးလေ၊ မေမေ့ပုံစံက တစ်မျိုးကြီးဖြစ်နေလို့"





ဒေါ်ကေသရီက သားလက်မောင်းကို ဆုပ်ကိုင်လိုက်ရင်း–

"မေမေက သားကိုမွေးထားတဲ့ မအေပါသားရယ်။ သားပါးစပ်ဟလိုက်တာနဲ့ ဘာဆိုတာ သိပြီးသားပဲ"

"သိတာ မသိတာတွေထား။ ငါပြောထားတယ်နော်ကေသရီ။ မြေးကို ငါကတော့ မောင်ဘုန်းမြတ်ရဲ့သမီးနဲ့ပဲ သဘောတူတယ်"

"ဟင် ... အမေ"

"ဘွား"

ဒေါ်မေရီ ဝင်လာသဖြင့် သားအမိတွေ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ဖြစ်ကြ၏။ ဒေါ်မေရီက သူ့မြေးကို အထက်တန်းလွှာထဲက မိန်းကလေးနဲ့ပဲ ပေးစားချင်တာပါ။ အိမ်မှာ အဆင့်အတန်းအခွဲခြားတတ်ဆုံးကလည်း သူပါပဲ။ ဆင်းရဲတဲ့သူဆိုလျှင် နှိမ့်ချ၍ဆက်ဆံတတ်သလို လူချမ်းသာတွေကို မျက်နှာသာပေးတဲ့နေရာမှာလည်း လွန်ရောပါပဲ။

"မြေး"

"ဗျာ"

"ကိုယ်နဲ့တန်ရာ တန်ရာကို မှန်းစမ်းပါ မြေးရယ်။ ဘွားမြေးက ဥစ္စာပေါ၊ ရုပ်ချော၊ ပညာတတ်။ မြေးလက်ထပ်မယ့် မိန်းကလေးကလည်း မြေးလိုပဲ အထက်တန်းကျနေမှ ဖြစ်မှာပေါ့ မြေးရဲ့



www.burmeseclassic.com

www.burmeseclassic.com



"အဘွားကလည်း အဘွားပြောပုံက ချမ်းသာတဲ့လူတွေ ဆင်းရဲတဲ့လူကို မယူရလို့ ဥပဒေပြဋ္ဌာန်းထားသလိုပဲ"

"အခုလည်း အိမ်တစ်အိမ်၊ မိသားစုတစ်စုရဲ့ အုပ်ထိန်းသူက ချမှတ်တဲ့ဥပဒေပဲလေ"

"သားကရော ဘယ်သူနဲ့ယူမယ်လို့ ပြောနေလို့လဲ"

"အံမယ် . . . နင်တို့သားအမိ တစ်ညိုတည်းညိုနေကြတာ ငါ မသိဘူးမှတ်လို့လား"

သားအမိတွေ အကြည့်ချင်းဆုံသွားကြပြန်၏။ ဒေါ်မေရီက လူကြီးဆိုပေမယ့် မျက်စိလျှင်နားပါးတုန်းပါပဲ။ ဩဇာပေးချင်တာ အမိန့်ပေးချင်တာကလည်း အသက်ကြီးလာလို့ လျှော့မယ်မထင်လေနဲ့။ ကြီးသူကို ရိုသေရတဲ့ မူဝါဒအတိုင်း အားလုံးက ဒေါ်မေရီ ပြောသမျှ နာခံတတ်သူတွေ။

ဒီတော့ ရမှန်းသိလို့ ရောင့်တက်တာလို့ပဲ ပြောရတော့မှာပေါ့။ တစ်ခါတလေ ကလန်ကဆန်လုပ်ချင်စိတ်တွေ ပေါက်မိ၏။

"ကဲ . . . မေမေ"

"ဟင် . . . ဘာလဲသား"

"အဘွားကို မေမေပဲကြည့်ပြောပေတော့"

နန္ဒရှိန်း ထဲထွက်လာခဲ့တော့သည်။ အဘွားနဲ့ ဆက်ပြော





နေရင် ဒီလို အဆင့်အတန်းခွဲတဲ့ စကားတွေပဲ ထွက်လာဦးမှာလေ။ ကိုယ်က ဘယ်သူ့ကိုမဆို အားနာသနားတတ်သူ။ အခု မျက်ဝန်းညိုနဲ့လည်း မုန့်ဆီကြော် ဘယ်နေမှန်းမသိ ညှော်နံ့က အရင်ထွက်လာပြီ။

"ကေသရီ"

"ရှင် အမေ"

"ညည်းလည်း ကြပ်ကြပ်သတိထား။ မအေတစ်ယောက်လုပ်နေပြီး ညည်းကစ ကလေးကို မြှောက်ပေးမနေနဲ့"

ဆူတော့လည်း ဒေါ်ကေသရီက ငြိမ်ခံနေတာပါပဲ။ ရှေ့တင်ခေါင်းညိတ်ပြီး ကွယ်မှ လုပ်ချင်တာလုပ်ကြတာလေ။ ဒီလိုမှ မလုပ်ရင် ဘယ်လို အဆင်ပြေနိုင်ပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

တေဇအောင်ကလည်း လရိပ်သဘောကျလောက်သည့် အရည်အချင်းများနှင့်ပါ။ အင်္ဂလိပ်မေဂျာနှင့် ကျောင်းပြီးထားပြီး ဖခင်က နှလုံးအထူးကုဆရာဝန်။ မိခင်က ရွှေဆိုင်ဖွင့်ထားသည်ဆိုတော့ ဘာလိုသေးလဲ။ စိမ်းလဲ့က နောက်ထပ်တွေ့မပေးနိုင်ဘူးဆိုတာနှင့် ကိုယ့်ဘာသာပဲ တေဇအောင်နဲ့ တွေ့ခဲ့တာ နှစ်ခါရှိပြီ။

ကိုကိုနဲ့တေဇကြားမှာ လရိပ် ဝေခွဲရခက်နေ၏။ သူမက နှစ်ယောက်စလုံးကို တစ်မျိုးစီသဘောကျနေတာပဲလေ။ တစ်ယောက် တစ်မျိုး ချောကြတာကိုး။ ကိုကိုက တည်ငြိမ်ခန့်ညားခြင်းနဲ့ ယောကျ်ား ပီသစွာ ချောမွေ့သူ။ တေဇကျတော့ လူငယ်ဆန်ဆန်စတိုင်လ်နှင့်





အလန်းစား အမိစားလေးပေါ့။

"နေ"

"ဟင်"

"ကိုယ့်ကို တကယ်ချစ်လားဟင်"

"အဟွန်း"

"ဟင် … နေက ဘာကိုရယ်တာလဲ"

"ဘာမှမဟုတ်ပါဘူး။ တေဇမေးတာကို … လ … အဲ … နေမဖြေတတ်လို့ပါ"

"ပါးစပ်နဲ့ဖြေတာပဲဟာ ဘာလို့ မဖြေတတ်ရမှာလဲ နေရဲ့"

တေဇက လရိပ်မျက်နှာလေးကို ငုံ့ကြည့်၍ မေးလေသည်။ ုံးလေးကိုဖက်လိုက်တော့ လရိပ် အလိုက်သင့်ပဲ သူ့ပခုံးကို ပြန်မှီ ားလိုက်၏။ ဖက်တာ နမ်းတာလောက်နဲ့တော့ ဘာဝပျက်သွားတာမှ ုတ်ပဲလို့ လရိပ်ကယူဆထားသူ။

စိမ်းလဲ့သာဆိုလျှင် ပါးမရိုက်သည့်တိုင်အောင် အနေခက်စွာ ်းမှာတော့ အမှန်။ စိမ်းလဲ့ရဲ့ အယူအဆက လရိပ်နဲ့ ဆန့်ကျင်ဘက် ။ ချစ်တဲ့သူနဲ့ လက်ထပ်တဲ့သူတစ်ယောက်တည်းပဲ ဖြစ်ရမယ်တဲ့။ ဒီလိုမဖြစ်ခဲ့လျှင်တောင် ကိုယ်နဲ့လက်ထပ်မည့်ယောကျ်ားအတွက် ိုယ်က အသန့်ရှင်းဆုံး ဖြစ်ချင်တယ်လို့ ပြောခဲ့သူ။ လက်ထပ်ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘက်က လိပ်ပြာမလုံနိုင်တဲ့အဖြစ်မျိုး မရှိချင်ဘူးတဲ့လေ။

"ကိုယ်မေးတာ ဖြေလေ နေရဲ့"

"အင်း . . . ချစ်ပါတယ်"

"ဟာကွာ ဖြေပုံကြီးကလည်း အသက်မပါလိုက်တာ။ မ[illegible]ဘူးကွာ ပြန်ဖြေရမယ်"

"တေဇနော်"

"ဖြေကွာ"

ဖက်ထားသည့်လက်က ပို၍ တင်းကျပ်လာသည်။

"မဖြေရင် ဖြေအောင်လုပ်မှာနော်"

"ဖြေမယ် . . . ဖြေမယ်"

သူ့မျက်နှာ ငုံ့ကျလာတော့ လရိပ် ပျာပျာသလဲ ဖြစ်သွားသည်။

"ဒါဆို ဖြေ"

"တေဇကို ချစ်ပါသတဲ့ရှင်"

"တကယ်နော်"

"အင်း"

"အဲဒါဆို"

"အို"





တေဇက ဖျတ်ခနဲ ငုံ့နမ်းလေ၏။ လရိပ်အတွက်တော့ မဆန်းလှပါဘူး။ ချစ်သူဘဝမှာ ဒါမျိုးတွေက ရှိကြတာပဲလေ။ လရိပ်က ခုမှ ရည်းစားထားဖူးတာမှ မဟုတ်တာ။

အချို့ ဘာလိုလိုတွဲပြီးမှ ချစ်တယ်ပြောရင် ခါထုတ်ခဲ့တာတွေရှိသလို အခုလို ရည်းစားအဖြစ် အတိအလင်းတွဲခဲ့ဖူးတာလည်း ရှိသည်။

"မကျေနပ်ရင် ကိုယ့်ကိုပြန်နမ်းလေ"

"မနမ်းချင်ပါဘူး"

"ဘာဖြစ်လို့"

"ရှက်လို့"

လရိပ် အမူအရာကောင်းကောင်းနှင့် မျက်နှာလွှဲလိုက်သည်။ တေဇက သူ့ဘက်သို့ ပြန်လှည့်စေပြီး –

"နေ"

"ဟင်"

"ကိုယ့်အရင်က နေ ရည်းစားထားဖူးလားဟင်"

"ဟင့်အင်း မထားဖူးပါဘူး"

"ဒါဆို . . . ကိုယ် ကံကောင်းတာပေါ့နော်။ နေ့ရဲ့အချစ်ဦး ဖြစ်ခွင့်ရလို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"တေဇကရော နေ့အရင် ဘယ်နှစ်ယောက်ထားဖူးလဲ"

တေဇမျက်နှာ ညိုသွားသည်။ သူက လူရှုပ်လူပွေတစ်ယောက် တော့ မဟုတ်ခဲ့ပါဘူး။ ဒါပေမဲ့ မလွန်ဘူးဆိုတာတောင်မျောက်လောက်တော့ ဆော့ခဲ့တယ်ဆိုတာမျိုးလေ။

ကျောင်းသားဘဝက တွဲခဲ့ဖူးတာရှိသည်။ နယ်ကဆိုတော့ကျောင်းပြီးလို့ သူပြန်သွားတော့ လည်း လွမ်းရကောင်းမှန်းပင်မသိခဲ့ပေ။ ရည်းစားကို လွမ်းဖို့ထက် သူငယ်ချင်းတွေနဲ့လျှောက်ကဲနေရတာကို ကျေနပ်ခဲ့သူ။

"ကိုယ် နေ့ကို မညာချင်ဘူးနေ"

"မညာချင်ရင် အမှန်ကိုပြောလေ"

"ကိုယ် အရင်က ရည်းစားတစ်ယောက် ထားခဲ့ဖူးတယ်။ သူက နယ်ကဆိုတော့ ကျောင်းပြီးတာနဲ့ ပြန်သွားတာလေ။ ကိုယ်သူ့ကို တကယ်မချစ်ခဲ့ဘူး"

"ဒါဆို နေ့ကိုရော"

"ကိုယ် နေ့နဲ့တွေ့မှ တကယ်ချစ်တတ်သွားပြီဆိုရင် ယုံမလားဟင်"

လရိပ် လွယ်လွယ်ပဲ ခေါင်းညိတ်လိုက်၏။ ကိုယ်ပြောတာကိုလည်း သူယုံတာပဲ မဟုတ်လား။ ကိုယ်လည်း သူ့ကိုညာလိုက်မိသည်





ပဲလေ။ တေဇတောက်က ညာတာလား၊ အမှန်လားဆိုတာ လရိပ်အတွက် အရေးမကြီးပါဘူး။ ကိုယ်မမြင်နိုင်တဲ့နေရာမှာ သူဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ –

ကိုယ်ညာတတ်ရင် သူများကိုလည်း မယုံတတ်တာ ဆန်းသလား။ လရိပ်ဆိုတဲ့ မိန်းမက တိမ်းလွယ် ယိမ်းလွယ်ခဲ့တာတွေရှိပေမယ့် အယုံမလွယ်ပေ။

"ဟင်"

"အရေးထဲကွာ . . . ဒီဖုန်းကလည်း"

လရိပ်ဖုန်းက အသံမြည်လာသဖြင့် တေဇက ညည်းညူလေသည်။ ပေါ်လာတဲ့ဖုန်းနံပါတ်က ကိုကို့ဖုန်းနံပါတ်မို့ ဟိုတက်ကအသံကိုတေဇမကြားဖို့က အရေးကြီးသည်။

"တေဇ . . . ခဏနော်"

"ဘယ်သူ့ဆီက ဖုန်းမို့လို့လဲ"

လရိပ် လက်ကာပြပြီး တေဇနှင့် ခပ်လှမ်းလှမ်းဆီသို့ ထသွားလေသည်။ ငါးရုံနှစ်ကောင်ဖမ်းရတဲ့အလုပ်က သိပ်တော့မလွယ်ပေ။

"ပြော . . . ကိုကို"

"____"

"အိမ်မှာလေ ကိုကိုရဲ့၊ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"____"

"အင်း ... အားပါတယ်"

"____"

"ဟုတ်လား"

"_____"

"ကောင်းပြီလေ ဒါဆို လရိပ်လာခဲ့မယ်။ ကိုကိုစောင့်နေနော်"

"____"

"ကိုကိုပြောလေ"

"____"

"အိုကေ လာခဲ့မယ်။ ဒါပဲနော်"

လရိပ် တေဇဆီကို ပြန်လျှောက်လာတော့ တေဇက မျက်မှောင်ကြုတ်၍ ကြည့်နေသည်။ လရိပ် သူ့အနားကိုရောက်မှ –

"ကိုကိုဆိုတာ ဘယ်သူလဲ"

"ကိုကိုဆိုတာ လရိပ်ရဲ့ကိုကိုပေါ့ တေဇရဲ့"

"လရိပ် ... ဟုတ်လား"

"အင်"

သူမနာမည်ကို လွှတ်ခနဲ ပြောလိုက်မိပါလား။ ခုမှတော့





မထူးတော့ပါဘူး။

"နေခါးခါးဆိုတာ လရိပ်ချိုရဲ့ ဆန့်ကျင်ဘက်လေ မောင်ရဲ့။ လရိပ် ညာမိတဲ့အတွက် ခွင့်လွှတ်ပါ။ လရိပ်က ပဟေဠိဆန်တာကို သဘောကျတယ်လေ"

"ထားပါတော့ ... ဒါဆို ကိုယ်က ဘယ်လိုခေါ်ရမှာလဲ"

"တေဇ ကြိုက်သလိုခေါ်ပေါ့"

တေဇမျက်နှာက သုန်သုန်မှုန်မှုန်ရှိနေဆဲပါ။

"ဒါနဲ့ ... မင်းရဲ့ကိုကို့ကို အိမ်မှာ မင်းရှိနေတယ်လို့ ဘာလို့ ညာတာလဲ"

"တေဇရယ် ... ရှင် ဒီလောက်ကလေးတောင် နားမလည်တတ်ဘူးလား။ ရည်းစားနဲ့ ကန်တော်ကြီးမှာ ချိန်းတွေ့နေပါတယ်လို့ လရိပ်က ပြောရမှာလား"

"ဆောရီး ... ကိုယ်တောင်းပန်ပါတယ်။ မင်းကိုချစ်တဲ့စိတ်နဲ့ ကိုယ် ၂ ဝင်သွားတာပါ"

"ထားပါတော့ ... အခု ကိုကိုက ကုမ္ပဏီက စာရွက်စာတမ်းတွေနဲ့ ဖိုင်တွဲ အိမ်မှာကျန်ခဲ့လို့ လာယူ့ပါတဲ့"

"ဒါဆို ... နေ ပြန်တော့မှာပေါ့"

"မပြန်လို့မရဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ချထားမိခဲ့သည့် အနက်ရောင်အိတ်ကို ကောက်လွယ်လိုက်၏။

"ကိုယ်လိုက်ပို့မယ်"

"နေပါစေ ရတယ်"

ပြောပြောသွားသွားနှင့် ခြေထောက်တွေက လျှင်မှလျှင်။ လရိပ်ရည်းစားနှစ်ယောက်ကြား ဗျာများရပြီလေ။ ကိုကိုနဲ့ကတော့ ရည်းစားဖြစ်တဲ့ အဆင့်ထိ မရောက်သေးပါဘူး။

တစ်နေ့ဖြစ်လာမှာပဲလို့ ကိုယ့်ဘာသာ ထင်ကြေးပေးထားတာပါ။ ကိုကိုက လရိပ်ကို မျက်ဝန်းညို . . . မျက်ဝန်းညိုနှင့် တစ်ညို့တည်းညို့ပြီး ဂရုစိုက်လွန်းနေတာပဲလေ။

ကိုကို ချိန်းတဲ့နေရာကို Taxi ငှားပြီး လရိပ် လာခဲ့၏။ ကိုကိုက ကြိုရောက်ပြီး စောင့်နေတာမို့ တွေ့တာနှင့် –

"Happy Birthday ပါ ကိုကို"

"မျက်ဝန်းညို"

"ကိုကိုက ချက်ချင်းလာခဲ့ပါဆိုတာနဲ့ မွေးနေ့လက်ဆောင်တောင် ပါမလာခဲ့ဘူးကိုကိုရယ်"

"ဘာလက်ဆောင်မှ မလိုပါဘူးကွာ။ မျက်ဝန်းညိုရောက်လာတာကိုပဲ ကိုကိုက ကျေနပ်ပြီးသားပါ"





နန္ဒရှိန်းက တကယ် ကျေနပ်နေသူပါ။ သူ့မွေးနေ့မှာ မနက်က မိသားစုလိုက် ဘုရားကိုသွားခဲ့ပြီးပြီ။ မျက်ဝန်းညိုကိုလည်း တွေ့ချင်တာမို့ ဒီနေရာမှာ ချိန်းလိုက်ခြင်းပါ။

ဒီနေ့ ကိုယ့်မွေးနေ့ဆိုတာကို သတိပေးချင်တာ သက်သက်နှင့်ပါ။

"မျက်ဝန်းညို"

"ရှင်"

"မင်း ဘာစားချင်လဲ ကြိုက်တာမှာလေ"

"ဟုတ်"

စိတ်တာလေးရောက်လာတာနှင့် သူရောကိုယ်ရော ကိုယ်ကြိုက်တာ ကိုယ်မှာ၍စားကြသည်။

"မျက်ဝန်းညို . . . ပုပ္ပါးကို သတိမရဘူးလားဟင်"

"ဟင့်အင်း၊ ပုပ္ပါးမှာနေခဲ့ရတဲ့ ဘဝကို လရိပ် တတ်နိုင်သလောက် မေ့ထားခဲ့တာလေ"

"ဘာဖြစ်လို့"

"ဟိုမှာနေခဲ့ရတုန်းက ဆင်းရဲဒုက္ခများခဲ့တယ်လေ"

"သြော်"

နန္ဒရှိန်း စိတ်မကောင်းဖြစ်သွားမိ၏။ ကိုယ်က မျက်မြင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တွေ့ တွေ့ခဲ့ရသူမို့ အဲဒီတုန်းက ကရုဏာက ယခုထိတိုင် ရှိနေဆဲပါ။

ဒါပေမဲ့ . . . သူ ဘဝင်မကျဖြစ်သွား၏။ သေချင်စော်နံအောင် ဒုက္ခဆင်းရဲ တွေ့ကြုံတွေ့ခဲ့ရပါစေ၊ တိရစ္ဆာန်တွေတောင် ချည်တိုင်ကို ပြန်တတ်ကြသတဲ့။ မျက်ဝန်းညိုက သူမရဲ့မွေးရပ်ဇာတိမြေကို မေ့ထားခဲ့တာတဲ့ဖလေ။

"ကိုကိုကတော့ မျက်ဝန်းညိုနဲ့ ဆုံခဲ့ရတဲ့ ပုပ္ပါးကို အမြဲသတိရတယ်။ မျက်ဝန်းညိုပေးလိုက်တဲ့ နှင်းဆီပင်လေးကို အရိပ်တကြည့်ကြည့် ကြည့်ရင်း မျက်ဝန်းညိုကိုလွမ်းတယ်"

"ကိုကို တကယ်ပြောတာလားဟင်"

"မယုံရင် အိမ်ကိုလိုက်ကြည့်လေ"

လရိပ် ခေါင်းညိတ်မလိုလုပ်ပြီးမှ ခေါင်းခါလိုက်မိ၏။

"လိုက်မကြည့်တော့ပါဘူး ယုံပါတယ်"

"မေမေကလည်း မင်းကိုတွေ့ချင်နေတာ မျက်ဝန်းညိုရဲ့။ တစ်ခါလောက် လိုက်တွေ့ပါလား"

လရိပ် စိတ်ရှုပ်စွာ မျက်နှာလေးမဲ့သွား၏။ မဖြစ်ပါဘူး။ လရိပ် သူ့မေမေကို လိုက်တွေ့လို့ ဘယ်ဖြစ်မှာလဲ၊ ကိုကိုနဲ့ ရင်းနှီးနေပြီဖြစ်ပေမယ့် ကိုကို့မေမေနဲ့က စိမ်းနေမှာလေ။





လရိပ် ရဲတင်းသွက်လက်သည်ဆိုတာ သူ့နေရာနဲ့သူ။ အဲဒီလောက်အထိတော့ မျက်နှာ ပြောင်မတိုက်ရဲပါဘူး။

"မျက်ဝန်းညို"

"ရှင်"

"မင်း လိုက်ခဲ့ပါလားဟင်"

"အဟွန်း လရိပ် နောက် နောက်မှပဲ လိုက်ခဲ့ပါရစေ ကိုကိုရယ် နော်"

နန္ဒရှိန်း ခေါင်းညိတ်ပြလိုက်၏။ မေမေနဲ့လိုက်တွေ့ဖို့ ပြောလိုက်တာနှင့် မျက်ဝန်းညို မျက်နှာပျက်သွားတာကို သတိထားလိုက်မိသည်။ သူမသိလိုက်တဲ့အချိန်မှာ မေမေကများ ဘာပြောခဲ့တာရှိလို့ပါလဲ။

ဒါမှမဟုတ် မေမေ့ကို လိုက်တွေ့ရင်း အဘွားနဲ့တွေ့မှာ ကြောက်လို့လား။ ဒါပဲ ဖြစ်နိုင်ပါသည်၊ အဘွားက မေမေ့လိုမှ မဟုတ်ပဲလေ။ သူမအပေါ် ညင်ညင်သာသာ ဆက်ဆံခဲ့တာမှ မရှိတာ။ ဒါကြောင့် ကြောက်နေတာပဲ ဖြစ်မှာပေါ့။

"ကိုကို"

"ဟင်"

"စိတ်မကောင်းဖြစ်သွားတာလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ပါဘူး၊ မင်း အဘွားနဲ့တွေ့မှာကြောက်လို့လို့ ကိုကို နားလည်လိုက်ပါတယ်"

လရိပ် သက်ပြင်းချလိုက်မိ၏။ တော်သေးတာပေါ့။ သူမ အပေါ် ကိုကို နားလည်မှုရှိလို့လေ။

❁ ❁ ❁

## အခန်း (၁၀)

"နှင်းနှင်း"

"ရှင် ဖေဖေကြီး"

"ဒီကို ခဏလာပါဦး"

"ဟုတ်ကဲ့"

နှင်းနှင်း ကြမ်းတိုက်နေရင်းမှ ဦးဘုန်းမြတ်ဆီသို့ ထသွားလိုက်သည်။ ဦးဘုန်းမြတ်ရှေ့သို့ ရောက်သည်နှင့် ခေါင်းငုံ့ကာ ရပ်လိုက် [illegible]

"နှင်းနှင်း ... ဘာလုပ်ပေးရမလဲ ဖေဖေကြီး"

"ညည်းအစ်မ နှစ်ယောက်စလုံးကို သွားခေါ်စမ်း ငါ

www.burmeseclassic.com

www.burmeseclassic.com



မေးစရာရှိလို့”

“ဟုတ်ကဲ့”

ဦးဘုန်းမြတ် ဒေါသနှင့် မျက်မှန်ကို မတင်လိုက်၏။ သမီးကြီး စီးတဲ့ကားကို မစီးချင်တော့ပါဘူးဆိုလို့ သူ ပြန်ရောင်းခဲ့သည်။ သမီး ငယ်က တစ်စီးသပ်သပ်၊ ကျောင်းက မေဂျာယူတာချင်းမတူကြတော့ ကိုယ့်ကားကိုယ်စီးဆိုပြီး တစ်ယောက်တစ်စီး ဝယ်ပေးထားတာပါ။

သမီးကြီးက ကိုယ်တိုင်မောင်းပြီး သမီးငယ်က ကြောက်လို့ ဆိုပြီး ကားမောင်းမသင်ခဲ့ပေ။ ဒါကြောင့် ဒရိုင်ဘာထားပေးရသည်။ သမီးငယ်က ဘာမှမပူဆာသော်လည်း သမီးကြီးက အမျိုးမျိုးပူဆာ သူ။

သူ့ကားက ဟောင်းနေပြီး မစီးချင်တော့ဘူးဆိုလို့ ပြန်ရောင်း ထားခဲ့တာ။ အခု အသစ်ပြန်ဝယ်ဖို့အတွက် ရောင်းထားတဲ့ကားဖိုးငွေ တွေကို ယူပြီး ပြန်စစ်ကြည့်တော့ ပိုက်ဆံငါးသိန်းပျောက်နေသည်။ တကယ်ဆို ဒီပိုက်ဆံငါးသိန်းက သူ့အတွက် မပြောပလောက်ပါဘူး။

ဒါပေမဲ့ . . . ငွေနဲ့တန်ဖိုးဖြတ်လို့မရတဲ့ စာရိတ္တ ပျောက်ပြား ခြင်းအတွက် ဒေါသဖြစ်မိတာပါ။ အပြင်ကသူခိုးဆိုရင် ငွေအားလုံးကို ခိုးသွားမှာလေ။ အခု ငါးသိန်းတည်းပျောက်တာဆိုတော့ အိမ်တွင်း သူခိုးပဲ ဖြစ်မှာပေါ့။ ပြီးတော့ ဒီဗီရိုသော့ထားတဲ့နေရာကို သူရယ်





သမီးနှစ်ယောက်ရယ်ကလွဲရင် ဘယ်သူမှသိကြတာမဟုတ်။

အမိမဲ့လေးတွေမို့ သူ အလိုလိုက်ခဲ့မိတာ မှားပြီလား။ လူကြီး တွေ သဘောမတူတဲ့ကြားက ဘုန်းမြတ် သီသီချိုကို ခိုးပြေးခဲ့၏။ သီသီချိုက ဆင်းရဲသည်။ ဖြစ်လာမှတော့ ဘာတတ်နိုင်မှာလဲဟု သူ့မိဘတွေက အိမ်ပေါ်ကို ပြန်ခေါ်တင်ပြီး ထားပေမယ့် သီသီချို နေရတာ ကျွန်သာသာဘဝမျိုးပါပဲ။

သားရှေ့မှာတစ်မျိုး၊ သားကွယ်ရင်တစ်မျိုး ချွေးမအပေါ် ဆက်ဆံကြတဲ့ သူ့မိဘတွေက နောက်တော့ အချိုသတ်ပြီး ဘုန်းမြတ် ကို နိုင်ငံခြားသို့လွှတ်၏။

ဘုန်းမြတ် နိုင်ငံခြားကိုသွားတာနှင့် သီသီချိုကို နှင်ချသည်။ မာနကြီးတဲ့ သီသီချိုကလည်း ယောက္ခမတွေကို စိတ်နာပြီး သူ့မှာ ကိုယ်ဝန်ရှိနေတာကိုပင် အသိမပေးဘဲ ဇာတိမြေပုပ္ပါးကို ပြန်သွားခဲ့ သည်။ ဒီအကြောင်းတွေကို နောက်မှ သူသိခဲ့ရတာဖြစ်၏။

ပထမတော့ မိဘတွေပြောပြချက်အရ သီသီချိုက အိမ် ထောင်ရေးဖောက်ပြန်ပြီး လင်ငယ်နောက်ကို လိုက်သွားသည်တဲ့။ မိဘတွေစကားကို ယုံပြီး ဇနီးအပေါ် စိတ်နာမုန်းတီးခဲ့သည့်ဘုန်းမြတ်၊ အကြောင်းစုံသိရလို့ လိုက်သွားတော့ သမီးတွေက အပျိုဖြန်းတွေ ဆောင် ဖြစ်လို့နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သီသီချိုက ဘ၀နေဝင်ချိန်ကိုရောက်လို့နေသည့် အချိန်။ သမီးတွေကို သူ့ဆီမှာအပ်ပြီး ဆုံးသွားခဲ့တဲ့ သီသီချို။ ဒီတော့မှ ရင်ထုမနာဖြစ်ပြီး သမီးတွေကို အချစ်ပိုကာ အလိုလိုက်ခဲ့မိသည်။

"ဖေဖေ"

"သမီးရောက်ပါပြီ ဖေဖေ"

သမီးနှစ်ယောက်၏အသံကိုကြားမှ ပျံ့လွင့်သွားသည့်စိတ်က ကိုယ်ကို ပြန်ပူးကပ်၏။ နှစ်ယောက်စလုံးကို ရဲမျက်လုံးနှင့်ကြည့်ပြီးမှ–

"အေး ... ပြောစရာရှိတာကို ဖေဖေ သွယ်ဝိုက်မနေချင်ဘူး"

"ဟုတ်ကဲ့ပြောပါ ဖေဖေ"

"ဖေဖေ ကားဖိုးထားတဲ့ငွေထဲကနေ ပိုက်ဆံငါးသိန်းပျောက်နေတယ်။ အဲဒါ တရားခံဘယ်သူလဲ"

"ရှင်"

ခိုးတဲ့သူခိုးက ခိုးပါတယ် မပြောမှန်းတော့ ဦးဘုန်းမြတ်သိပါသည်။ ဒါပေမဲ့ မျက်နှာရိပ် မျက်နှာကဲခတ်လို့ရအောင် သူမေးနေတာပါ။

"ဥစ္စာရောက် အပါယ်ရောက်ဆိုသလို ကျန်တဲ့သူတွေကို ယုန်ထင် ကြောင်ထင် ထင်နေစရာမလိုဘူး။ သော့ထားတဲ့နေရာကို





ဖေဖေကလွဲရင် သမီးနှစ်ယောက်ပဲသိတာ"

"ဖေဖေက သမီးတို့နှစ်ယောက်ခိုးတယ်လို့ ဆိုလိုချင်တာလား ဖေဖေ"

မေးလိုက်သူက လရိပ်ချိုပါ။

"ငါပြောနေတာ နှစ်ယောက်စလုံး ခိုးတယ်လို့ပြောနေတာ မဟုတ်ဘူး။ တစ်ယောက်ခိုးတယ်ဆိုတာကို သိနေတာ"

"သမီးမယူဘူး ဖေဖေ"

ပထမ ငြင်းလိုက်သူက လရိပ်ပါ။ လရိပ်မခိုးဘူးဆိုရင် စိမ်းလဲ့ခိုးတာပေါ့။ ဦးဘုန်းမြတ် သမီးငယ်၏မျက်နှာကို ကြည့်လိုက်တော့ ဘာတစ်ခွန်းမျှ မငြင်းဘဲ ခေါင်းငုံ့နေသည်။

"စိမ်းလဲ့စို"

"ရှင် ဖေဖေ"

"လရိပ်က မယူဘူးတဲ့။ နင်ကရော သမီးမယူပါဘူးလို့ ဘာလို့မငြင်းတာလဲ"

"သမီး ... သမီး သူငယ်ချင်းတစ်ယောက် ဆေးရုံတင်ထားရလို့ ကူညီချင်တာနဲ့ ယူလိုက်မိတာပါ ဖေဖေ"

"ဘာ"

"ဖေဖေမသိအောင် ယူခဲ့မိတဲ့အတွက် သမီးမှာ အပြစ်



www.burmeseclassic.com

www.burmeseclassic.com



ရှိပါတယ်။ အဲဒီအတွက် သမီးကို နဲ့ဖေဖေ ကြိုက်သလိုအပြစ်ပေးပါ''

ဦးဘုန်းမြတ်ရင်ထဲမှာ နင့်ခနဲဖြစ်သွားရ၏။ သမီးတွေ မျက်နှာငယ်မှာစိုးလို့ မုန့်ဖိုးကိုလိုသလောက်ပေးနေတဲ့ကြားက အသားထဲက လောက်ထွက်ပြီး အကျင့်ပျက်သူအတွက် ဝမ်းနည်းတာရော ဒေါသဖြစ်တာရောကြောင့် မျက်နှာပြင်ကြီး မည်းမှောင်လာသလိုပါပဲ။

''နင်တို့မျက်နှာငယ်မှာစိုးလို့ လိုသလောက်ထုတ်ပေးနေတဲ့ကြားက ဒီလိုအကျင့်ပျက်တာ ကောင်းသလား''

''နင်တို့လို့ မပြောပါနဲ့ ဖေဖေ။ တစ်ယောက်မကောင်းရင် မကောင်းတဲ့တစ်ယောက်ကိုပဲပြောပါ''

''လရိပ်ချို''

''အခုခိုးတာ ဖေဖေ လိမ္မာပါတယ်လို့ အမွှမ်းတင်ထားတဲ့ သမီးလေ။ အခု မလိမ္မာမှန်း ဖေဖေ သိပြီမို့လား''

''တိတ်စမ်း လရိပ်ချို''

လရိပ်က စိမ်းလဲ့ကိုကြည့်ပြီး မဲ့ရွဲ့နေလေသည်။ စိမ်းလဲ့ကတော့ မျက်ရည်တွေကျနေ၏။

''ငါ ပျောက်သွားတဲ့ ငွေငါးသိန်းကို မနှမြောဘူး။ စာရိတ္တပျက်တဲ့သူအတွက် ရင်ထုမနာဖြစ်တာပါ''





''မနှမြောရင်လည်း ပြောမနေပါနဲ့တော့ဖေဖေရယ်။ ဘေးလူကြားရင် ရှက်ဖို့ကောင်းပါတယ်''

''အေး . . . အကျင့်ပျက်တဲ့လူက ငါ့ထက်ပိုပြီး ရှက်ဖို့ကောင်းတာ။ စာရိတ္တပျက်ရင် အနာဂါတ်မလှပနိုင်ဘူးဆိုတာကို သိထားကြ''

ဦးဘုန်းမြတ် ဒေါသကြောင့် အသားများပင် ဆတ်ဆတ်တုန်လာသည်။

''အခု ခိုးတဲ့သူက ဝန်ခံပြီဆိုတော့ သမီးသွားလို့ရပြီလား ဖေဖေ''

''သွား သွား သွားချင်ရာကိုသွားကြ။ ဒီလို အကျင့်ပျက်တဲ့ သမီးကို မွေးထားမိတာ သိပ်ရှက်ဖို့ကောင်းတာပဲ၊ တောက်''

လရိပ်ထွက်သွားပေမယ့် စိမ်းလဲ့က ထိုင်နေဆဲပါ။ ဖေဖေ ပြောချင်သလောက်ပြောပါစေ၊ ပြောပြီးမှ ရင်ထဲမှာ ပေါ့သွားမှာလို့ တွေးပြီး အဆူခံဖို့ ပေကပ်ပြီးထိုင်နေတာဖြစ်၏။

''သမီးငယ်''

ဦးဘုန်းမြတ်၏လေသံက ပျော့သွားလေ၏။ ရိုးသားဖြူစင်ပြီး အစ်မအပေါ် စိတ်ရှည်သည်းခံတတ်တဲ့သမီးငယ်ကို သူသနားနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေ ဘယ်လောက်ပဲတူတူ စိတ်ဓာတ်ချင်းက လုံးဝကွာခြားနေသည့် သမီးနှစ်ယောက်ပါ။ ဒီကိစ္စမှာ ပိုက်ဆံယူတာ သမီးငယ်မဟုတ်မှန်း သူသိနေ၏။ ပိုက်ဆံသုံးလက်ဖွာတာက အကြီးမလေ။

အငယ်မက စုတတ် ဆောင်းတတ်ရှိလို့ မုန့်ဖိုးတွေစုပြီး သူငယ်ချင်းကိုတောင် စတိုးဆိုင်လေး ဖွင့်ပေးထားတာ သူသိနေသားပဲ။

ဆိုင်ကရတဲ့ အမြတ်အစွန်းလေးနဲ့ ဖခင်ပေးတဲ့မုန့်ဖိုးတွေ သမီးငယ် မှာရှိနေတာလည်းသိသည်။ သူ့ခိုးအစစ်ကို သိနေပါလျက်နဲ့ လက်တွေ့ မမိလို့ ငြိမ်နေရတာဖြစ်၏။ ပြောလိုက်ရင် အရွဲ့တိုက်ပြီး ပိုဆိုးသွားမှာစိုးလို့ အသိပေးရုံတင် ပေးလိုက်တာပါ။

"သမီးငယ်"

သမီးငယ်၏ပခုံးလေးကို ဦးဘုန်းမြတ် ဖွဖွကိုင်ပြီး ခေါ်လိုက်၏။

"သူများ သူခိုးလိုက်သံကြားမှ ဘာလို့ ခြေထဆေးတာမျိုး လုပ်ရတာလဲ သမီးငယ်"

"ဖေဖေ"

"ပျောက်တဲ့ပိုက်ဆံကို သမီးငယ်မယူဘူးဆိုတာ ဖေဖေ





သိတယ်"

"ရှင်"

"ငွေညှာတယ်ဆိုတာ နေရာတကာမကောင်းဘူး သမီးငယ်။ အကျင့်ပျက်တဲ့လူကို ငွေညှာတာ အဆိပ်ပင်ကို ရေလောင်းတာနဲ့ အတူတူပဲ။ အခုဆိုရင် သမီးငယ်ရဲ့အစ်မက ကလပ်တက်တဲ့အဆင့်တောင် ရောက်နေပြီ"

"ဟင်"

စိမ်းလဲ့ ရင်ဘတ်ကလေးကို လက်နှင့်ဖိမိ၏။ လရိပ် ဒီလောက်တောင် ဆိုးနေပြီလား။ စိမ်းလဲ့ အဲဒီအဆင့်ထိ သိမထားပေ။ ဖေဖေက စီးပွားရေးသမားဆိုတော့ နယ်ကျယ်ပြီး လက်တံရှည်တော့ သိမှာပေါ့။ ဘုရား ဘုရား လရိပ် အပျော်ကို ခုံမင်တာလွန်ပြီး ပျက်စီးသွားရင် ဒုက္ခ။

"ဒါ . . . ဒါဆို ဖေဖေ သူ့ကို ဘာမှမပြောဘူးလားဟင်"

"မိဘဆိုတာ သူများနားမှာမကာမှ လျှို့ထွက်လာတဲ့စကားကို ကြားရတာပဲသမီးငယ်။ ဖေဖေက စီးပွားရေးတစ်ဖက်နဲ့ဆိုတော့ သူ ဘာပဲလုပ်လုပ် လက်တွေ့မဖမ်းနိုင်ခဲ့ဘူး။ အခု ဖေဖေ လက်တွေ့အမိဖမ်းပြီး ဆုံးမရတော့မယ်"

"ဖေဖေရယ်"



www.burmeseclassic.com

www.burmeseclassic.com



"လက်တွေ့မမိရင် လရိပ်ကို သူ ဘာမှမသိသလို၊ ဘာမှ မလုပ်ခဲ့သလို ဖွတ်ငြင်းနေဦးမှာပဲ"

စိမ်းလဲ့ ဖေဖေ့ကို သနားလိုက်တာ။ စီးပွားရေးကတစ်ဖက် သားသမီးရေးက တစ်ဖက်နဲ့။ ဖေဖေ ဘယ်လောက်များ စိတ်ဆင်းရဲနေရှာမလဲ။

✹ ✹ ✹



## အခန်း (၁၁)

"အိုကေလား"

"အိုကေ ... အိုကေ"

ဆက်မော်နှင့်ဝေယံက အစအနောက်သန်သူတွေပီပီ Taxi ဆိုတဲ့စာတန်းပါသောကတ်ပြားကို ရှိန်းရဲ့ကားအမိုးပေါ်မှာတင်ပေးလိုက်သည်။ ဒါမှ နောက်နေ့မှ ရှိန်းသူဘယ်လို ဒုက္ခရောက်ခဲ့ကြောင်းကြားပြီး ရယ်ရမှာလေ။ ရှိန်းကို စင်တာထဲမှာ မျက်ခြေပြတ်ကာထားခဲ့ပြီး သူတို့လုပ်ချင်တာလုပ်နေတာဖြစ်၏။ အစကတည်းက ဒီလိုစချင်လို့ ကတ်ပြားကို ဝေယံ အိမ်ကတည်းက သယ်လာခဲ့တာဖြစ်၏။

"ဟာ ဟိုမှာ ... ရှိန်းထွက်လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဆက်မော် ... မင်း ဣန္ဒြေမပျက်စေနဲ့နော်"

"အေးပါကွ"

နှစ်ယောက်သား ခပ်တည်တည်နှင့်ပဲ ဆက်မော်ရဲ့ကားအေးမှာ ဟိုပြော ဒီပြော ပြောနေလိုက်ကြ၏။

"ဟော့ကောင်တွေ"

"ဟေ"

"မင်းတို့ကွာ ... ငါကတော့ ရှာလိုက်ရတာ။ မင်းတို့က ဒီကိုရောက်နေတာကိုး"

"တို့လည်း လူကွဲသွားပြီး မင်းကိုရှာတာပဲလေ။ ရှာလို့မတွေ့တော့ တို့လည်း ထွက်လာခဲ့တာ"

"အပြင်ရောက်လို့ မင်းကိုမတွေ့မှ တို့အခုရပ်စောင့်နေတာလေ"

"ဆင်ခြေကတော့ အဆင်သင့်ပဲ"

ပြောရင်း ရှိန်းက လက်ထဲမှာဆွဲလာတဲ့အိတ်တွေကို ကားထဲသို့ ထည့်၏။

"ရှိန်း"

"ဘာလဲ"

"ဟိုဘက်လက်က ဘာတွေလဲ"





"မုန့်တွေလေ ... ဘာဖြစ်လို့လဲ"

ဆက်မော်က ဆတ်ခနဲဆွဲယူပြီး မုန့်တွေကို ယူစားလေတော့ ဝေယံကလည်းနေမလား။

"ဟာ ... ဟော့ကောင်တွေ"

"ချန်ထားရင် ရန်များတယ်ကွ"

"ဝှက်ထားရင် ကြွက်စားမယ်"

"ဟာ"

မုန့်တွေကို နှစ်ယောက်သား ယူစားနေကြတာ အငတ်တိုင်းပြည်ကလာတဲ့အတိုင်းပါပဲ။ ရှိန်း မုန့်တွေကို ပြန်လုလိုက်တော့–

"စားပစ်မှ အားဖြစ်တာကွ ... ဟဲ ဟဲ"

"ခွေးကောင်တွေ ... ဒါ ငါ့အဘွားစားဖို့ ဝယ်လာတာကွ။ မင်းတို့က ဦးဦးဖျားဖျားနဲ့ ငရဲပြည်ကို ဖောက်ထိုးဆင်းမယ့်ကောင်တွေ"

"အဘွားအရင် အဘိုးတို့စားတာ ဘာဖြစ်လဲ၊ မင်းကုသိုလ်ရပါတယ်မြေးရာ"

"အေး ... စားကြပေါ့ကွာ။ မိဘဆိုတော့ သားတွေကို ချောကျွေးရမယ့်ဝတ္တရားက ရှိနေတာကိုး"

"အာ"



www.burmeseclassic.com

www.burmeseclassic.com



ရှိန်း ပြန်ပြီးချေပတော့ ပလုတ်ပလောင်းစားနေတဲ့ ဝေယံ နင်ပြီး 'အု'ခနဲ အသံထွက်လာ၏။

"ဟာ သူငယ်ချင်း ... ရှူးသောက်လိုက် ရှူးသောက်လိုက်"

"ဘာကွ"

"ဩော် ... ပါးစပ်ကို တစ်ရှူးနဲ့သုတ်ပြီး ရေသောက်လိုက်လို့ ပြောတာ"

ဆက်မော်က စပ်ဖြီးဖြီးနှင့် ဝေယံရဲ့ကျောနဲ့ ရင်ကိုလည်း ထုပေးလေသည်။

"ကဲ ... မင်းတို့လည်း မျိုလို့ဆို့လို့ ဝပြီမဟုတ်လား ငါလည်း လစ်တော့မယ်"

"ခုလို အဘိုးတွေကို ကျွေးရတဲ့ဒါနကြောင့် ငါ့မြေးလေး အန္တရာယ်ကင်းလို့ ဘေးရှင်းပါစေ"

"မင်းအဖေ ရိုက်သတ်တောင် မသေသေးဘူး"

ရှိန်းရဲ့ကားလေးက သခင့်အလိုကျ ဒုန်းစိုင်းပြေးနေသည့် မြင်းတစ်ကောင် သဖွယ်ပါ။ အစအနောက်သန်တဲ့ သူငယ်ချင်းတွေကို ရှိန်း စိတ်ဆိုးရခက် သည်းခံရခက်ပါ။ ပြောလိုက်ရင် မိန်းမ မရခင်လေး ကဲရတာ၊ မိန်းမရပြီး ခြေချုပ်အမိခံရမှာ၊ လွတ်လပ်တုန်းကဲမှာပဲတဲ့





"ဟင်"

သူ့ကားကိုတားနေတာ ကောင်မလေးတစ်ယောက်။ Taxi မဟုတ်တဲ့ ဘာကြောင့် တားနေတာလဲ။ အရေးကြီးကိစ္စရှိလို့ အကူအညီများ တောင်းချင်လို့လားဟုတွေးပြီး ရှိန်း ကားကို ရပ်ပေးလိုက်၏။

ကောင်မလေးက ပလက်ဖောင်းပေါ်ကနေ ဆင်းလာပြီး သူ့ဘေးက ကားတံခါးနားကိုရောက်လာပြီး –

"သာကေတဘက်ကို သွားချင်လို့၊ ဘယ်လောက်ပေးရမလဲ ဟင်"

"ဟင်"

မျက်နှာလေးကို မြင်လိုက်တာနှင့် ရှိန်း ကားပေါ်ကနေ ဆင်းလိုက်သည်။

"မျက်ဝန်းညို"

"ဟင်"

မျက်ဝန်းညိုက သူ့ကို အံ့ဩစွာ မျက်လုံးဝိုင်းလေးများနှင့် ကြည့်နေ၏။ ရှိန်း ပြုံးလိုက်မိသည်။ မျက်ဝန်းညိုနဲ့ပြန်ဆုံပြီးကတည်းက ပုပ္ပါးမှာ ဆုံခဲ့တုန်းက ကြည့်ခဲ့သည့် အကြည့်မျိုးလေးတွေကို ပြန်ရှာဖွေလို့ မရနိုင်ဖြစ်နေခဲ့တာ။ အခု အဲဒီတုန်းကအကြည့်မျိုးလေးကို ရှာလို့တွေ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ . . . ရင်းနှီးရွေးထွေးတဲ့အကြည့်တွေ ပျောက်ဆုံးပြီး ခပ်စိမ်းစိမ်းလေးကြည့်နေတာက ကိုယ့်ကို အခုမှမြင်ဖူးတဲ့အတိုင်းပါပဲ။

"ဘာကြောင့်ကြည့်နေတာလဲ မျက်ဝန်းညို့ရဲ့။ တက်လေမင်းသွားချင်တဲ့နေရာကို ကိုကို လိုက်ပို့ပေးမှာပေါ့။ ဘာလဲ ကိုကို့ကားကို Taxi မှတ်လို့ ဘယ်လောက်ပေးရမလဲ မေးနေတာလား"

"ဟို . . . ဟို"

"ဟင်"

သူမ လက်ညှိုးထိုးပြတဲ့ ကားအမိုးပေါ်ကို ကြည့်လိုက်တော့ Taxi ဆိုတဲ့ အပြာရောင်စာတန်းက သူ့ကိုလှောင်လိုက်သလိုပါပဲ။

"ဒါ . . . ဒါ . . . ဟိုကောင်တွေ နောက်လိုက်တာပဲဖြစ်မယ်"

"ရှင်"

"ကိုကို့သူငယ်ချင်းတွေက အဲဒီလိုပဲ။ အစအနောက် အရမ်းသန်တာမျက်ဝန်းညို့ရဲ့။ ခုကြည့်လေ . . . ကိုကို့ကားကို Taxi ဖြစ်အောင် ဒီစာတန်းကြီးတင်ပေးလိုက်တာ"

"ဒီမှာ"

"ဟင်"

"ရှင် ဘာတွေပြောနေတာလဲ။ မျက်ဝန်းညို့တာတွေရော





ကိုကိုဆိုတာတွေရော ရှုပ်နေတာပဲ။ ရှင့်ကို ကျွန်မ မသိဘူးနော်။ အကြောင်းလာမရိုက်နဲ့"

"ဘာ"

နန္ဒရှိန်း မျက်မှောင်ကြုတ်သွားလေ၏။ မျက်ဝန်းညို့က သူ့ကို မသိဘူးတဲ့။ တမင်စနေတာလားဆိုတော့လည်း မျက်လုံးတွေက တကယ်မသိဟန်လိုလို၊ တစ်ချက်တစ်ချက်ကျတော့ သိသလိုလို မသိသလိုလိုနဲ့၊ မျက်ခုံးလေးကြုတ်သွားလိုက် ပြေသွားလိုက်။

"မျက်ဝန်းညို့ . . . မင်း ကိုကို့ကို နောက်နေတာလား"

"နောက်ရအောင် ရှင်နဲ့ကျွန်မက ရင်းနှီးတဲ့ မိတ်ဆွေတွေမှ မဟုတ်တာ။ ရှင် ကျွန်မကို လရိပ်နဲ့ လူမှားနေတာထင်တယ်"

"ဟင် . . . မင်းက လရိပ်ကို သိနေတယ်လား"

"လရိပ်က ကျွန်မနဲ့ အမြွှာညီအစ်မပါ။ ကျွန်မနာမည်က စိမ်းလဲ့စိုပါ"

နန္ဒရှိန်းရဲ့အကြည့်က ကောင်မလေး၏ ဘယ်ဘက်လက်သူကြွယ်သို့ ရောက်သွားလေသည်။ သူမလက်မှာလည်း လက်စွပ်ကလေး ရှိနေ၏။ နန္ဒရှိန်း ကောင်မလေးရဲ့လက်ကို ဆတ်ခနဲ ဆုပ်ကိုင်လိုက်တော့ –

"အို . . . ဘာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းလက်မှာရော ဒီလက်စွပ် ဘာလို့ရှိနေတာလဲ"

ရှိန်း ခပ်စူးစူးကြည့်၍ မေးလိုက်တော့ ကောင်မလေးလက်ကို ရှာန်းလေသည်။ ရှာန်းလို့မရတော့ ကျန်တဲ့လက်တစ်ဖက်နှင့် လက်စွပ်ဝတ်ထားသည့်လက်ကို ဆုပ်ကိုင်လေ၏။

"ငါမေးနေတာဖြေလေ၊ ဒီလက်စွပ် မင်းမှာ ဘာလို့ရှိနေတာလဲ"

"လှ ... လှလို့ လရိပ်ဆီကနေ ခဏငှားဝတ်ထားတာပါ"

စိမ်းလဲ့ သူမနဲ့လရိပ် အမြွှာညီအစ်မလို့ပြောမိတာ မှားပြီထင်ပါရဲ့။ မသိဘူးလို့ပြောပြီး ပြန်လှည့်ထွက်သွားလျှင် ရရဲ့သားနဲ့။

"လက်ကိုလွှတ်ပါရှင်၊ သူများ မြင်သွားရင် တစ်မျိုးထင်ကုန်ပါ့မယ်"

"လွှတ်စေချင်ရင် မင်း ငါမေးတာကို မှန်မှန်ဖြေ၊ ဒီလက်စွပ်ပိုင်ရှင်ကို မင်းသိလား"

"ဟင့်အင်း မသိပါဘူး"

ဖြေလိုက်တာက ပျာပျာသလဲပါ။ ရှိန်း ဝေခွဲရခက်နေ၏။ သနပ်ခါးပါးကွက်ပါးပါးလေးနှင့် အခု သူ့ရှေ့မှာရှိနေသည့် ကောင်မလေးက ဟိုတုန်းက သူနှင့်တွေ့ခဲ့သည့် မျက်ဝန်းညိုနှင့်ပိုတူသည်ဟု သူ့စိတ်ထဲမှာ ထင်နေမိ၏။





ပြီးတော့ သူမေးသမျှ ခေါင်းခါငြင်းပြီး ဘာလို့ လက်စွပ်ကို ကွယ်ဝှက်ချင်တာလဲ။ သူ ကောင်မလေး၏လက်စွပ်ကို ချွတ်ယူလိုက်၏။

"အို ... ဘာလုပ်တာလဲ"

"ခဏလေးပါ"

ရှိန်း ကောင်မလေးကို ထွက်ပြေးမှာစိုးလို့ တစ်ဖက်က ကောင်မလေး လက်ကောက်ဝတ်ကို ဆုပ်ကိုင်ထားသလို ကျန်လက်တစ်ဖက်က လက်စွပ်ကိုကိုင်ပြီး သေသေချာချာ ကြည့်နေ၏။ ပြီးမှ သူကိုယ်တိုင်ပဲ ပြန်ဝတ်ပေးလိုက်ကာ –

"လရိပ်ကို ... ကိုယ် အခုပဲ ဖုန်းဆက်မေးကြည့်မယ်။ ဒီလက်စွပ် မင်းကို ငှားလိုက်သလားလို့။ ကိုယ်က ဒီလက်စွပ်ကို မျက်ဝန်းညို တစ်ယောက်တည်းဝတ်ဖို့ ပေးခဲ့တာကွ။ သူများကို ငှားတာမျိုး ငါ လက်မခံနိုင်ဘူး"

"မမေး ... မမေးပါနဲ့"

"ဘာဖြစ်လို့လဲ"

"ဟို ... အမှန်ကိုပြောရရင် ဒီလက်စွပ်က ပုံတူပါ။ လရိပ်မှာ ဒီလက်စွပ်မျိုးလေးတွေ့လို့ လှတာနဲ့ ပုံတူအော်ဒါအပ်ပြီး ဝတ်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ... ရှိန်းဆိုတဲ့စာလုံးကရော ဘာလို့ လိုက်ထွင်းထားတာလဲ"

"အဲဒါက လရိပ်နဲ့စိမ်းလဲ့ ခွဲမရအောင်တူတော့ လူမှားခံရတာကို ပျော်လို့ပါ။ လက်စွပ်ကစ ပုံစံတူလေး ဖြစ်စေချင်လို့"

"တော်တော့"

သူက ကောင်မလေးလက်ကို လွှတ်ပေးလိုက်ပြီးပြီမို့ Taxi တစ်စီးလာတာကိုမြင်တာနှင့် ကောင်မလေးက သူ့ရှေ့မှ ပြေးထွက်သွားလေသည်။

"ဟာ ... ဟေ့"

သူ ကြောင်ကြည့်နေတုန်းမှာပဲ ကောင်မလေးက Taxi ပေါ်သို့ အတင်းတက်၍ ပါသွားလေတော့သည်။

❋ ❋ ❋



## အခန်း (၁၂)

လရိပ်ချို။

ကိုကိုက အရေးကြီးတဲ့စကားပြောစရာရှိလို့ လာခဲ့ပါတဲ့။ အင်းလျားကန်ဘောင်ပေါ်မှာ စောင့်နေမယ်ဆိုတာနှင့် လာခဲ့သည်။

အင်းလျားကန်က ချစ်သူတို့ရဲ့နယ်မြေလေ။ အင်းလျားမှာ ချိန်းတယ်ဆိုတော့ ကိုကို လရိပ်ကို propose လုပ်မလို့ နေမှာပေါ့။

"ကိုကို"

"ဟင်"

"ရောက်နေတာကြာပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ချင်တဲ့လူက ကြိုရောက်ပြီးစောင့်ရတာပေါ့ လရိပ်ရယ်"

မျက်ဝန်းညိုလို့ မခေါ်တော့ဘဲ လရိပ်လို့ပြောင်းခေါ်တာကို လရိပ် သတိမထားမိပေ။

"ကိုကို လရိပ်ကို ပြောစရာရှိလို့ဆို။ ဘာပြောမှာလဲ ပြော လေ"

"အေးအေးဆေးဆေးပေါ့ လရိပ်ရဲ့"

လရိပ်က သူ့ဘေးမှာ ဝင်ထိုင်လေသည်။ နန္ဒရှိန်း ရေပြင်ကို အတန်ကြာ ငေးစိုက်ကြည့်နေမိ၏။ လရိပ်ချိုနဲ့ စိမ်းလဲ့စို။ သူ့ကို ဘယ်သူက လှည့်စားနေတာလဲ ဝေခွဲရခက်နေ၏။ ဘာကြောင့် လှည့် စားတာလဲ။

ဘယ်သူက မျက်ဝန်းညိုအစစ်၊ ဘယ်သူက အတုဆိုတာ သူ မသိပေ။

သူ့ရင်ထဲမှာရှိနေတာက မျက်ဝန်းညိုပါ။ မျက်ဝန်းညိုအစစ် ကိုသာလျှင် သူ့နှလုံးသားက လက်ခံမှာလေ။ တစ်ခုတော့ရှိတာပေါ့ နော်၊ ကိုယ်ချစ်ပါတယ်ဆိုတဲ့ မျက်ဝန်းညိုက ကိုယ်နဲ့တွေ့စကတည်းက ရိုးသားဖြူစင်သူလေးဖြစ်ဖို့လိုသည်။

"လရိပ်"

"ဟင်"





"ကိုကိုပေးခဲ့တဲ့ လက်စွပ်ကလေးကို အမြဲဝတ်ထားခဲ့တာ လားဟင်"

"ဒါပေါ့ ကိုကိုရဲ့"

"ဘာလို့ အမြဲဝတ်ထားခဲ့တာလဲ"

"ကိုကို့ကို အမြဲသတိရနေလို့ပေါ့"

"သြော်"

နန္ဒရှိန်း လရိပ်ဘက်သို့ လှည့်ထိုင်ပြီး လရိပ်မျက်နှာကို တွေ တွေ ငေးငေးလေးကြည့်နေမိ၏။

လရိပ် ခေါင်းငုံ့သွားပြီး –

"ကိုကိုကလဲ လရိပ်ကို ဘာလို့ အဲဒီလောက်ကြည့်နေတာ လဲ။ ဒီမှာ မနေတတ်တော့ဘူး"

"လရိပ်က လှလို့ကြည့်တာလေ"

"အဟွန်း"

"လရိပ်"

"ရှင်"

"လက်စွပ် ခဏလောက် ချွတ်လိုက်ပါလား"

"ဘာလုပ်မလို့လဲ ကိုကိုရဲ့"

"ခဏလေးပါ ... ကိုကို လွမ်းသလိုရှိလို့ ကြည့်မလို့ပေါ"



www.burmeseclassic.com

www.burmeseclassic.com



လရိပ်က လက်စွပ်ကိုချွတ်၍ပေးလေ၏။ ရှိန်းလက်စွပ်ကလေးကို ယူပြီး သေသေချာချာ ကြည့်လိုက်သည်။ ပြီး သက်ပြင်းချမိ၏။

"ရော့ ... လရိပ်၊ ပြန်ဝတ်ထားလိုက်"

"ကိုကို ဝတ်ပေးလေ"

ရှိန်း လက်ချောင်းလေးကိုကိုင်ပြီး သူကိုယ်တိုင်ပြန်ဝတ်ပေးလိုက်၏။ လရိပ်က ကျေနပ်စွာနှင့် ပြုံးနေသည်။ ရင်တွေလည်း ခုန်နေမိ၏။ သူမ ဘာဖြစ်နေတာလဲ။ တေဇဆိုတဲ့ ရည်းစားတစ်ယောက် ကိုယ့်မှာရှိနေပါလျက်နှင့် ကိုကို့ဆီက အချစ်ကိုလည်း သူမ မျှော်လင့်နေမိသည်။

ကိုကို့နဲ့တေဇ တစ်ယောက်ကိုပဲ ရွေးရမည်ဆိုလျှင် လရိပ် ကိုကို့ကိုပဲ ရွေးချယ်မိမလား။ မဟုတ်သေးပါဘူး။ တေဇကိုလည်း လရိပ် အရင်လူတွေနဲ့စာရင် ပိုချစ်ခဲ့တာပဲလေ။ ဒါပေမဲ့ လက်ထပ်ဖို့ အဆင့်ထိတော့ ဘယ်သူ့ကိုမှ တွေးလို့မရပေ။

"လရိပ်"

"ပြောလေ ကိုကို"

"ပြန်ကြရအောင်နော်"

"ဟင်"





မျှော်လင့်ထားတဲ့စကားသံကို မကြားရတော့ လရိပ်စိတ်ထဲမှာ အလိုမကျ ဖြစ်သွားသည်။

"လရိပ်ကို အရေးကြီးတဲ့စကား ပြောစရာရှိလို့ဆိုပြီး ကိုကို့ ဘာမှလည်း မပြောရသေးဘူး"

"ကိုကို သေချာမှပဲပြောမယ် လရိပ်"

"ကိုကိုကလည်း ဘာမှန်းမသိဘူး"

ကိုကိုက လရိပ်အရင် ထသွားလေတော့ လရိပ်လည်း နှုတ်ခမ်းလေး စူချင်ချင်နှင့် လိုက်ခဲ့တော့သည်။ သေချာမှ ပြောမယ်တဲ့။ ကိုယ့်ရင်ဘတ်အကြောင်း ကိုယ်မသိဘူးလား။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၃)

စိမ်းလဲ့။

လက်စွပ်ကလေးကိုကြည့်ပြီး ငိုင်တွေနေမိသည်။ မသိဘူးလို့ ဘူးခါ မသိသလို လုပ်ခဲ့တာအတွက် စိမ်းလဲ့ကို ခွင့်လွှတ်ပါကိုကို။ တကယ်တော့ စိမ်းလဲ့ကို ကိုကိုတစ်ယောက်ပဲ မျက်ဝန်းညိုလို့ ခေါ်ခဲ့တာလေ။ ပထမတော့ ဟုတ်ပါ့မလားလို့ ဇဝေဇဝါဖြစ်ခဲ့ပေမယ့် နောက်တော့ ကိုကိုဆိုတာကို စိမ်းလဲ့သိလိုက်ပါတယ်။

ကိုကို လရိပ်နဲ့ပတ်သက်နေပြီမို့လား။

ငယ်ငယ်ကတည်းက လရိပ်ကို ကိုကို့အကြောင်း စိမ်းလဲ့ တဖွဖွ ပြောပြခဲ့ဖူးပါတယ်။ အဲဒါကြောင့်ပဲ လရိပ်က –





"နင့်လက်စွပ် ငါ့ကို ခဏငှားပါလားစိမ်းလဲ့"

"ဘာလုပ်မလို့လဲ လရိပ်"

"ဪ ... နင်နဲ့ငါက ရုပ်ချင်းခွဲလို့မရအောင်တူတဲ့ အမြွှာညီအစ်မလေ။ လက်စွပ်ကလေးပါတူတော့ ပိုမကောင်းဘူးလား။ အဲဒါမှ လူများလည်း ခွဲလို့မရမှာ။ လူမှားခံရတာ ပျော်ဖို့ကောင်းတယ်ဟ"

လို့ လရိပ်ပြောတော့ စိမ်းလဲ့လက်စွပ်ကလေးကို ချွတ်ပေးခဲ့သည်။ လရိပ်လက်က စိမ်းလဲ့ထက်နည်းနည်းပိုကြီးလို့ မဆိုသလောက်ကလေး ကွင်းနည်းနည်းပိုကြီး၍ အပ်ခဲ့ရ၏။ စိမ်းလဲ့ လက်စွပ်ကိစ္စအတွက် ဒီလောက် အပန်းမကြီးဘူးထင်ခဲ့ပေမယ့် နောက်တော့ လရိပ်က တစ်ဆင့်တက်လာခဲ့၏။

"စိမ်းလဲ့"

"ဟင်"

"တကယ်လို့များ ကိုကိုက နင်နဲ့အရင်ပြန်မတွေ့ဘဲ ငါနဲ့ အရင်တွေ့ပြီး လူမှားရင် ဘယ်လိုလုပ်မလဲဟင်"

"နင်က အမှန်ကို ပြောပြလိုက်လေ"

"အဟွန်း ... ငါက လူမှားခံရတာကို ပျော်တဲ့သူလေ။ အမှန်ကို ဘယ်ပြောမှာလဲ"

"နင် အဲဒီလိုတော့မညစ်နဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ငါညစ်လည်း နင် ဘာမှ မရတော့ဘူးစိမ်းလဲ့ရဲ့။ ကိုကိုနဲ့ ငါက တော်တော်တောင်ရင်းနှီးနေပြီ သိလား"

"ဘာ"

"စိတ်လှုပ်ရှားသွားပြီလား။ သူနဲ့ငါ တွေ့ခဲ့တာ ဒီလိုဟ"

လရိပ်က သူ ပန်းချီပြပွဲကိုသွားရင်း စိမ်းလဲ့ရဲ့ ပုံတူပန်းချီကား လေး နှစ်ချပ်ကိုတွေ့ခဲ့ကြောင်းကနေ စပြောလေသည်။ ပန်းချီကားကို ဆွဲတဲ့လူရဲ့နာမည်က နန္ဒရှိန်းတဲ့။ ပြီးတော့ 'မရောင်းပါ' ဆိုတဲ့ စာတန်း လေးပါတာကအစ ပြောပြသည်။

"အဟွန်း ... အစကတော့ ငါလည်း နင့်ရဲ့ကိုကိုကို မြင်ဖူး ချင်တာရယ်၊ ပျော်ချင်လို့ နောက်ရုံသက်သက်နဲ့ ကျွန်မက ဒီပုံထဲက မျက်ဝန်းညိုပါလို့ ပြောလိုက်ပြီး ကိုကိုနဲ့တွေ့ဖို့ ဖန်တီးလိုက်တာပါ"

"ဒါ ... ဒါဆို ကိုကိုက နင့်ကို"

"ဟုတ်တယ်၊ ငါ့ကို မျက်ဝန်းညိုအစစ်လို့ထင်ပြီး အရမ်း ဂရုစိုက်တယ်လေ။ သူ့ရဲ့ ဂရုစိုက်မှုတွေနောက်မှာ ငါလည်း သာယာ သွားခဲ့ပြီး၊ ခုတော့"

"တော် ... တော်ပါတော့ လရိပ်ရယ်။ ဆက်မပြောပါနဲ့ တော့။ ဒီလောက်ဆို ငါ သဘောပေါက်ပါပြီ"

"အေး ... သဘောပေါက်တယ်ဆိုရင် နင် ငါနဲ့ ကိုကို့





ကြားမှာ အရှုပ်ထုပ်မလုပ်ပါနဲ့။ နင်က ငါ့ရဲ့ပြိုင်ဘက် ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး"

တဲ့။ စိမ်းလဲ့ ဘာလုပ်ရမှာလဲကိုကို။ စိမ်းလဲ့က လရိပ်ရဲ့ ပြိုင်ဘက်မဖြစ်နိုင်တာအမှန်ပါ။ လရိပ်ကို သိပ်ချစ်ခဲ့တာ စိမ်းလဲ့ရဲ့ ပျော့ကွက်ပါလေ။ စိမ်းလဲ့ရင်ထဲမှာ ကိုကို အမြဲတမ်းရှိနေခဲ့ပါတယ်။ တစ်နေ့တာတွေ့ဆုံမှုက စိမ်းလဲ့ရဲ့ နှလုံးသားထဲမှာ ကိုကို့ပုံရိပ်တွေပဲ ရဟတ်ယာဉ်လို နေ့စဉ်လည်ပတ်နေခဲ့တယ် ကိုကို။

ဒါပေမဲ့ ကိုကိုရယ် စိမ်းလဲ့နဲ့ကိုကို့ကြားမှာ ပဝါပါးလေးတစ်စ ကြောင့် ကမ္ဘာခြားသလို ဖြစ်ခဲ့ပြီပေါ့။ ကိုကို့ကိုတွေ့ပြီး ကိုကိုလို့ သိလိုက်ရချိန်မှာ ဝမ်းသာဖို့ထက် စိမ်းလဲ့ တုန်လှုပ်နေမိတယ် ကိုကို။ စိမ်းလဲ့ကို ခွင့်လွှတ်ပါ။ လရိပ် ပြိုင်ပြင်မှာကို စိမ်းလဲ့ကြောက်လို့ပါ ကိုကိုရယ်။

"မမလဲ့ ... မမလဲ့"

"ဟင်"

နှင်းနှင်းရဲ့ခေါ်သံကြောင့် စိမ်းလဲ့ အတွေးစကိုဖြတ်ပြီး အပြင် သို့ ထွက်လာခဲ့သည်။

"မမလဲ့"

"ဘာလဲ နှင်းနှင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ဟို"

"တစ် ဟို ဟိုနဲ့ ဘာဖြစ်နေတာလဲ နှင်းနှင်းရဲ့"

"မမရိပ် မမရိပ်ကို ဖေဖေကြီးဆူနေတယ်"

"ဟုတ်လား ဘာဖြစ်လို့ဆူတာလဲ"

"ပိုက်ဆံငါးသိန်းပျောက်တာကို မမရိပ်ယူတာဆိုလားပဲ"

"လာ လာ . . . သွားနားထောင်ရအောင်"

စိမ်းလဲ့နှင့် နှင်းနှင်း အပေါ်ထပ်ကနေ အောက်ထပ်ကိုဆင်းလာခဲ့ကြ၏။ ဖေဖေက လက်တွေ့မိအောင်ဖမ်းပြီးမှ ဆူမယ်ဆိုပြီး အခု ပိုက်ဆံကုန်လောက်မှ ဘာလို့ဆူရတာလဲ။

"သမီးတစ်ကောင် နွားတစ်ထောင်တဲ့။ အခု နင့်ကိုထိန်းရတာ ကျွဲအကောင် ၅၀၀ ကို ထိန်းနေရသလိုပဲ လရိပ်ချို"

"အခု သမီးက ဘာလုပ်နေလို့လဲ ဖေဖေ။ လူငယ်မို့လို့ လူငယ်ပီပီ လွတ်လွတ်လပ်လပ်နေတာ ဆန်းသလား"

"ဘာ ဆန်းသလား ဟုတ်လား လရိပ်ချို။ ပေးနေတဲ့ကြားက ပိုက်ဆံခိုးပြီး ကလပ်တွေတက်တဲ့အထိ ဖြစ်နေတာကို ငါက လက်ပိုက်ကြည့်နေရမှာလား။ ပြောစမ်းပါဦး"

"သမီးအရွယ်ရောက်နေပြီ ဖေဖေ။ ကိုယ့်ကိုယ်ကိုယ် ထိန်းနိုင်ပါတယ်"





"ဘာ"

"သမီးရဲ့ လွတ်လပ်ခွင့်တွေကို ဖေဖေ မပိတ်ပင်ပါနဲ့"

"လရိပ်ချို"

ဦးဘုန်းမြတ် ထိုင်နေရာမှ ဒေါသနှင့်ထရပ်လိုက်သည်။ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ဒေါသကို ထိန်းလိုက်ရ၏။ စိတ်တိုင်းမကျတိုင်းသာ ရိုက်နှက်ပြီး ဆုံးမရလျှင် ခုလောက်ဆို အရိုးတခြား အသားတခြား ဖြစ်နေလောက်ပြီ။ သူ့မိတ်ဆွေတွေပြောလို့ ကလပ်ကိုလိုက်သွားခဲ့တာ။ "ခင်ဗျားသမီးကိုကြည့်ထိန်းဦး၊ 'ကျွန်တော့်သားက ပြောတယ်။ ကလပ်မှာ ခဏခဏ တွေ့နေရတယ်" ဆိုလို့ လိုက်သွားခဲ့တာလေ။

ထင်တဲ့အတိုင်းပါပဲ။

ကလပ်မှာ သူကိုယ်တိုင် ဝင်ပြီး ဆွဲခေါ်လာခဲ့ရသည်။ ဘယ်လောက်ရှက်ဖို့ကောင်းလိုက်ပါသလဲ။

"အခု နင့်ကို ငါကိုယ်တိုင် ကလပ်မှာ အမြင်မတော်တာတွေ့လို့ ဆွဲခေါ်လာခဲ့ရတာလေ။ လွတ်တာလပ်တာတွေများလာရင် နင့်ဘဝ ပျက်စီးသွားမယ်၊ နားလည်လား"

"ကလပ်သွားမှတော့ ဘီယာသောက်တာ၊ တွဲကတာတွေ ရှိမှာပေါ့။ အဲဒါနဲ့ အမြင်မတော်စရာလား ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း ... ဆုံးမနေတဲ့ကြားက ဖင်အောက်ကခြားမောက် ထောင်ချင်တဲ့ကောင်မ ... ကဲ"

"ဖြန်း"

"ဖေဖေ"

စိမ်းလဲ့ ဖေဖေ့ကို ပြေးဆွဲလိုက်၏။ ဦးဘုန်းမြတ် ဒေါသကို အရှိန်မထိန်းနိုင်ဘဲ လရိပ်ပါးကို ရိုက်ပစ်လိုက်သည်။

"ဖေဖေရယ် ... ဒေါသကိုထိန်းပြီး ပါးစပ်နဲ့ပဲ အေးအေးဆေးဆေး ပြောပြီး ဆုံးပါနော်"

"ဒီကောင်မက ပါးစပ်နဲ့ဆုံးမလို့မရဘူး။ ခြားမိုးပြီးဆုံးမရင်တောင် ခြားအောက်ကထိုးပြီး မိုက်လုံးကြီးမယ့်ကောင်မ"

လရိပ် နှုတ်ခမ်းကိုဖိကိုက်ပြီး စူးစူးရဲရဲကြည့်လိုက်သည်က စိမ်းလဲ့ကိုပါ။ ဖေဖေက စိမ်းလဲ့ကိုကျတော့ ဦးစားပေးပြီး လရိပ်ကိုကျတော့ အမြဲတမ်း ဆူလိုက် ငေါက်လိုက်နဲ့ အမိုက်စာရင်းထဲကို သွင်းထားတာလေ။ လရိပ် ဘယ်လိုလုပ်ပြီး ကျေနပ်နိုင်မှာလဲ။ အဲဒီအတွက် လရိပ် ဒီထက်ပိုမိုက်ပြဦးမှာ။

"သမီးချင်းအတူတူ၊ လရိပ်က မိုက်တဲ့ဘက်မှာရှိနေခဲ့တာ ခုမှမဟုတ်ဘူး ဖေဖေ"

"အို ... လရိပ်"





"လရိပ်ချို့"

"ဖေဖေ"

စိမ်းလဲ့က ဖေဖေ့ကို ဆွဲထားလေလျှင် လရိပ် မဲ့ခနဲလုပ်၏။

"နင် တော်တယ်စိမ်းလဲ့၊ နင်က အမြဲတမ်း လိမ္မာတဲ့ဘက်မှာရှိနေတဲ့ သမီးအလိမ္မာလေးပါ"

"လရိပ်ရယ်"

"နင်မဆိုင်တဲ့လူကိုလှည့်ပြီး မဲစရာမလိုဘူး လရိပ်ချို့။ စိမ်းလဲ့က အငယ်ဆိုပေမယ့် နင့်အပေါ် အမြဲတမ်း သည်းခံခွင့်လွှတ်ခဲ့တဲ့ဘာလေး။ မိဘအပေါ်မှာရော နင့်အပေါ်မှာရော တာဝန်ကျေခဲ့တဲ့သူလေ"

"အဲဒီအကြောင်းတွေ မပြောပါနဲ့ ဖေဖေရယ်"

စိမ်းလဲ့ ဖေဖေ့ကိုတောင်းပန်လိုက်၏။ လရိပ်အပေါ်မှာ စိမ်းလဲ့ဘာအပြစ်မှမမြင်ချင်ပေ။ ပုပ္ပါးမှာ နေခဲ့ရတုန်းကတည်းက စိမ်းလဲ့က အနစ်နာခံ၊ သည်းခံ ခွင့်လွှတ်တတ်သည့်ဘဝနှင့် နေခဲ့ရတာ တေသားပေသားရနေပါပြီ၊ မေမေ ကျန်းမာရေးကောင်းနေတုန်းအချိန်ကတည်းက လရိပ်ကသာ အိမ်မှာ ကစားကျန်ခဲ့ပြီး ကျောင်းပိတ်ရက်တိုင်း စိမ်းလဲ့က မေမေနှင့် ဈေးလိုက်ရောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ ပန်းပင်တွေစိုက်ပြီး ရေလောင်းရင်လည်း လိုက်လောင်း၏။ မေမေ ဆေးမြစ်ရှာထွက်ရင်လည်း လိုက်တာပါပဲ။ မေမေ အိပ်ရာထဲကို ဘုန်းဘုန်းလဲတော့ လရိပ်က ဈေးရောင်းရမှာကို ရှက်သည်တဲ့။ စိမ်းလဲ့ကတော့ မိန်းကလေးတန်မဲ့ ကုံကော်ပင်တွေ ဖက်တက်ပြီးတောင် ပန်းခူးခဲ့ဖူး၏။ မေမေနဲ့လရိပ် မငတ်အောင် ဈေးရောင်းကာ ရှာကျွေးခဲ့သူက စိမ်းလဲ့လေ။

"ဒီမှာ လရိပ်ချို"

"______"

"နှင် ဒီနေ့ကစပြီး အိမ်ထဲကနေ အိမ်ပြင်မထွက်ရဘူး။ နှင့်ကို ခြေငြိမ်အောင် ငါ့မိတ်ဆွေရဲ့သားနဲ့ အမြန်ဆုံး လက်ထပ်ပေးမယ်။ ဒါပဲ"

ပေးစားတိုင်း ယူရမှာလား။ ကိုယ့်ဆန္ဒမပါဘဲ အတင်းစီစဉ်လို့ကတော့ အဲဒီ မင်္ဂလာပွဲ ပျက်ပြီသာမှတ်။

❋ ❋ ❋



BURMESE CLASSIC

## အခန်း (၁၄)

ဦးနန္ဒကျော် သားသမီးပြောတိုင်း ခေါင်းညိတ်ယုံလိုက်ဖို့အထိ မညံ့ပေ။ သားပါးစပ်က တစ်ညီ့တည်းညီ့နေတဲ့ မျက်ဝန်းညို့ (ခ) လရိပ်ချို့ရဲ့ အကြောင်းကို သူ စုံစမ်းမိရသလောက် ကောင်မလေးရဲ့ သတင်းက ကောင်းတဲ့အချက် သိပ်မရှိပေ။ နောက်ထပ်သိလိုက်တာက လရိပ်ချိုက သူ့မိတ်ဆွေ ဦးဘုန်းမြတ်ရဲ့သမီးတဲ့။

တော်သေးတာပေါ့။

သူ ကိုဘုန်းမြတ်ကမ်းလှမ်းတာကို စကားမလွှန်ခဲ့မိလို့၊ သားကိုတော့ သတိပေးထားမှဖြစ်တော့မည်။ ပုပ္ပါးမှာတွေ့ခဲ့တုန်းကတော့ ကောင်မလေးရဲ့ပုံစံက ရိုးရိုးသားသားလေးမို့ သူကိုယ်တိုင်တောင်



www.burmeseclassic.com

www.burmeseclassic.com



သနားမိခဲ့သေးသည်။ ခုတော့ အော်က်ခြေလွတ်ပြီး ဘဝင်မြင့်သွားသည် ထင်ပါရဲ့။

"သား"

"ဗျာ"

"သားကို ဖေဖေ သတိပေးစရာရှိတယ်"

"ဘာများလဲ ဖေဖေရဲ့"

"သား ... လရိပ်ချိုနဲ့ ဆက်မတွဲတာကောင်းလိမ့်မယ် သား"

ရှိန်း မျက်ခုံးနှစ်ဖက်တွန့်ကုန်သွားလေ၏။ ဖေဖေ ဘာသတင်းတွေ ကြားလာခဲ့ပါလိမ့်။

"လရိပ်ချိုက ဘာဖြစ်နေလို့လဲ ဖေဖေ"

"ဖေဖေ စုံစမ်းမိသလောက်ဆို ကောင်မလေးက ဂျင်မလေးပဲသား။ သူလည်တာက မကောင်းတဲ့ပတ်ဝန်းကျင်မှာလေ။ ကလယ်တက်တာ၊ ရည်းစားများတာ။ ပြီးတော့ ဆေးသုံးနေတယ်ဆိုတဲ့အထိ ဖေဖေ ကြားထားတာ သား"

နန္ဒရှိန်း ပန်းချီဆွဲဖို့ ဆေးစပ်ကာနီးမှ ဖေဖေ့စကားကြောင့် မစပ်ဖြစ်တော့ဘဲ ဖေဖေနှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်၏။

"လရိပ်က အဲဒီလောက်အထိ ဆိုးနေတာလား"

"အင်း ... ဖေဖေလည်း ကိုဘုန်းမြတ်နဲ့ တွေ့ရင် သတိ





ပေးဦးမှပါ"

"ဖေဖေကလည်း လရိပ်ချိုအကြောင်း ပြောနေရင်းက ဘယ်လိုကနေ ဘယ်လို ဦးဘုန်းမြတ်နာမည်က ပါလာရတာလဲ"

"လရိပ်ချိုက ကိုဘုန်းမြတ်ရဲ့သမီးလေ သားရဲ့"

"ဗျာ"

တိုက်တိုက်ဆိုင်ဆိုင်ပါလား။ လရိပ်ချိုက ဦးဘုန်းမြတ်ရဲ့သမီးတဲ့၊ ဒါဆို စိမ်းလဲ့စိုကလည်း ဦးဘုန်းမြတ်ရဲ့သမီးပဲပေါ့။ ဒီအခွင့်အရေးကို သူ လက်လွှတ်ခံလို့မဖြစ်ပေ။ Visiting Card လုံးဝတောင်းလို့မရခဲ့တဲ့ လရိပ်။ ခုတော့ ကံကြမ္မာက ကိုယ့်ကို မျက်နှာသာပေးပြီလေ။ မင်း ဘယ်လိုအကွက်ရွှေ့ဦးမှာလဲ လရိပ်ချို။

မင်းနဲ့ငါ စစ်တုရင်ကစားသလိုပေါ့။

မင်းအကွက်ရွှေ့သလို ငါလည်း ဘယ်လိုအကွက်ရွှေ့မလဲဆိုတာ မင်းစောင့်ကြည့်လိုက်ပါဦး။ ရည်းစားများတယ်တဲ့။ ကိုယ့်ရှေ့ရောက်လာရင်တော့ တကယ့်ကို ဖြူစင်တဲ့ယုန်သူငယ်မလေးလို နေပြခဲ့တာ။ မင်း သရုပ်ဆောင်ကောင်းပါတယ်။ မျက်ဝန်းညိုအပေါ်မှာသူ စွဲလမ်းခဲ့တဲ့စိတ်ကို လောင်စာလို သဘောထားပြီး သူ့မေတ္တာတရားကို မီးရှို့ခံရတာလောက် ခံပြင်းဖို့ကောင်းတာ ဘာရှိသေးလဲ။

"ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဦးဘုန်းမြတ်ရဲ့အိမ်လိပ်စာ သားကိုပေးပါ"

"ဘာလုပ်မလို့လဲ သား"

"သား ... အဲဒီအိမ်ကို ဝင်ထွက်သွားလာခွင့်ရချင်တယ်"

"သား မင်း"

"သားအတွက် စိတ်ချပါ ဖေဖေ။ အဆိုးနဲ့အကောင်း အကျိုးနဲ့ အကြောင်းကို သား ဝေဖန်ပိုင်းခြားတတ်ပါတယ်"

ဦးနန္ဒကျော် ခေါင်းညိတ်လိုက်၏။ သားကို သူယုံပါသည်လေ။ မိဘက မသင့်တော်ဘူးလို့ပြောတဲ့ မိန်းမတစ်ယောက်ကို သား လက်ထပ်ဖို့အထိတော့ မမိုက်မဲပါဘူး။ သားသမီးနဲ့ မိဘကြားမှာ နားလည်မှုများနှင့် နေလာခဲ့ကြသည်ဆိုတော့ သားမှာလည်း သူ့အကြောင်းနဲ့သူ ရှိနေမှာပေါ့။ ဥပမာ–ကောင်မလေးကို ပြုပြင်ကြည့်ချင်တာမျိုးပဲ ဖြစ်ဖြစ် –

"ဖေဖေ"

"ပြောလေ သား"

"ဦးဘုန်းမြတ်မှာ သမီးနှစ်ယောက်ရှိတယ်ဆိုတာ ဖေဖေ သိလား"

"သိတယ်လေ သားရဲ့။ အမြွှာနှစ်ယောက်ဆိုလားပဲ"





"ဟုတ်တယ် ဖေဖေ၊ တစ်ယောက်က စိမ်းလဲ့စိုတဲ့။ အဲဒါကြောင့် သား အဲဒီအိမ်ကို ဝင်ထွက်နေဖို့လိုတယ် ဖေဖေ"

သားပြောတာ ဘာအဓိပ္ပာယ်လဲ။ ဦးနန္ဒကျော် နားမလည်နိုင်ဖြစ်သွားသည်။ လရိပ်ချို့နဲ့ စိမ်းလဲ့စိုတဲ့၊ ဒီနှစ်ယောက်ကြားမှာ သား ဘာတွေ အကွက်ရွှေ့ဦးမလို့လဲ။

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

စိမ်းလဲ့ နှင်းဆီပန်းတွေကို ဘုရားတင်ဖို့ ခူးနေချိန်မှာ ခြံရှေ့သို့ ကားတစ်စီးထိုးစိုက်လာသည်။ ကိုဗေဒါ ခြံတံခါးပြေးဖွင့်ပေးလေသဖြင့် ကားက ခြံထဲသို့ဝင်လာ၏။

စိမ်းလဲ့ အိမ်ရှင်ရဲ့ဝတ္တရားအရ ဧည့်သည်ကိုကြိုဖို့ အိမ်ဘက်ကိုပြန်လျှောက်လာခဲ့သည်။ ကားပေါ်က ဆင်းလာတဲ့သူက –

"ဂွဒ်မောနင်းပါ စိမ်းလဲ့ညို"

"ဟင် ... ရှင်"

စိမ်းလဲ့ သူ့ကိုမြင်တာနှင့် ယောင်ပြီး ခြေတစ်လှမ်းနောက်ဆုတ်မိ၏။ လရိပ်ဆီကိုလာတာထင်ပါရဲ့။ သူ့ပုံစံက ရှင်းသန့်ချောမွေ့





နေသည်။ ပြုံးနေတဲ့ နှုတ်ခမ်းလေးတွေက စိုရဲနေပြီး စိမ်းညို့ညို့မျက်ခုံးနှစ်ဘက်က မျက်နှာချောချောပေါ်မှာ ထင်လို့ပါပဲ။ အို သူချောတာ စိမ်းလဲ့နဲ့ ဘာဆိုင်လို့လဲ။

"လရိပ် မရှိဘူးရှင့်၊ စောစောကပဲ အပြင်ထွက်သွားပါပြီ"

"အဲဒါ ... ဘာဖြစ်လဲ၊ ကိုယ်က သူ့ဆီကိုလာတာမှ မဟုတ်တာ"

"ဟင် ... ဒါဆို"

"ဦးဘုန်းမြတ်နဲ့ တွေ့ချင်လို့လာခဲ့တာပါ"

"ဖေဖေလည်း မရှိဘူး၊ ကုမ္ပဏီကိုသွားပြီရှင့်"

ရှိန်း ဟက်ခနဲ ရယ်လိုက်မိ၏။ မင်းနဲ့တွေ့ချင်လို့ လာခဲ့တာဆိုရင် မင်း ဘာပြောဦးမှာလဲ စိမ်းလဲ့စို။ ငါ မင်းဆီကနေ အကြွေးတောင်းဖို့လာခဲ့တာ။ ဒါပေမဲ့ အခုတော့မဟုတ်သေးပါဘူး။ မင်းတို့ညီအစ်မဆီမှာ မတူညီတဲ့အကြွေးနှစ်ခု တောင်းရမှာအတွက် မင်း ငါ့ကို နားလည်နိုင်ပါစေ။

"မင်းက ဧည့်ခံနည်းတော့ တော်တော်ကျွမ်းကျွမ်းကျင်ကျင်ဆတ်တာပဲနော်"

"ရှင်"

"ဘယ်သူပဲ မရှိရှိ အိမ်ရှင်ရဲ့တာဝန်အရ ဧည့်သည်ကို အိမ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ဖို့ ခေါ်ရမှာမဟုတ်ဘူးလေ။ အခု မင်းက မရှိတာတွေပဲပြောနေ တော့ ကိုယ့်ကို အညင်သာဆုံးနည်းနဲ့ နှင်နေသလိုပဲ"

"အို . . . အဲဒီလို မဟုတ်ပါဘူး"

"အဲဒီလိုမဟုတ်ရင် အခု ကိုယ် အိမ်ထဲကိုဝင်ရမလား။ ပြန် ထွက်သွားရမလား"

"အိမ်ထဲကိုဝင်ပါ"

စိမ်းလဲ့ ခပ်တိုတိုပဲပြောပြီး လှည့်ထွက်ကာ အိမ်ထဲသို့ ဝင်ခဲ့၏။ ဖေဖေနဲ့တွေ့ချင်လို့ လာတဲ့သူဆိုတော့ စိမ်းလဲ့ အိမ်ရှင်တာဝန်ကျေရ မည်။ အလုပ်ကိစ္စ ပြောစရာရှိလို့ လာတာပဲဖြစ်မှာပေါ့။ ကုမ္ပဏီကို လိုက်မသွားဘဲ ဘာလို့ အိမ်ကိုလာတာလဲဆိုတာကိုတော့ စဉ်းစားမရ ပေ။

သူ့အကြောင်းနဲ့သူ ရှိမှာပေါ့လေ။

စိမ်းလဲ့ကို မှာခဲ့လို့ ရတဲ့ကိစ္စရှိရင် မှာခဲ့လို့ရအောင်တော့ မေးကြည့်ရမှာပေါ့။

"ထိုင်ပါ"

"ဝင်လာပြီးမှတော့ ထိုင်မှာပဲလေ"

ပြောရင်းပဲ ရှိန်းက ဝင်ထိုင်လေသည်။

"ရှင် စကားပြောရင် တော်တော်ဝှကျတဲ့လူပဲ"





"စကားကို ဝှကျကျပြောတာ လိမ်တဲ့ညာတဲ့လူတွေလောက် တော့ အပြစ်မကြီးပါဘူး"

"ဟင်"

သူမတို့ကို စောင်းပြောလေသလားဟု စိမ်းလဲ့ စိတ်မလုံ ဖြစ်သွားသည်။ စိမ်းလဲ့တို့ ညာခဲ့တာတွေကို သူ သိရင်ဖြင့် –

"မင်းလူတွေကို ညာဖူးလား စိမ်းလဲ့စို"

"ရှင် ဘာတွေလာမေးနေတာလဲ။ မုသားမပါ လင်္ကာမချော ဆိုတဲ့စကားအရ လိမ်ညာမှုနဲ့ ကင်းတဲ့သူမှ မရှိတာ"

"အင်း . . . ဟုတ်တာပေါ့"

"ဒီမှာ"

"ဟင်"

"ရှင် ဖေဖေနဲ့တွေ့ချင်လို့ လာခဲ့တာမဟုတ်လား။ အခု ဖေဖေမရှိဘူးဆိုတော့ ရှင် မှာစရာရှိရင် ကျွန်မကို မှာခဲ့နိုင်ပါတယ်"

"ဟား . . . မင်း ဘယ်လိုအိမ်ရှင်မျိုးလဲကွ။ ဧည့်သည်ကို ပညာသားပါပါနဲ့ နှင်လွှတ်နေတော့တာပဲ။ မင်း အဲဒီလောက် လူ့မှုရေး မခေါ်င်းပါးနဲ့ သိလား"

"ဘာရှင့်"

စိမ်းလဲ့ မာနတွေနဲ့ စွတ်တင်းနေရတာ ရင်မောလှပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်သလိုသာပြောပါစေတော့လို့ စိတ်ထဲက အနူးအညွတ် တောင်းပန်နေရပေမယ့် မျက်နှာပေါ်က ဟန်ဆောင်မျက်နှာဖုံးကိုတော့ ခွာမချရဲပေ။ စိမ်းလဲ့က ဘီလူးခေါင်းဆောင်းထားရတဲ့ မင်းသမီးပါ။ ဟိုတုန်းကလို ကိုကိုနဲ့ ရင်းရင်းနှီးနှီးနေချင်ပေမယ့် ကံကြမ္မာက အခွင့် မပေးဘူးလေ။

စိမ်းလဲ့က အရှင်ပေါက်တဲ့ ရွှေကြာပင်ပေမယ့် အစားထိုးကြာ က သနားမိုးရွာတဲ့အရပ်မှာ ရပ်တည်ခွင့်ရခဲ့တာ ရက်ပေါင်းများစွာ။ တစ်နေ့တာလေး တွေ့ခွင့်ရခဲ့တဲ့ စိမ်းလဲ့တောင် သူ့ကို မမေ့နိုင်ခဲ့ရင် ရက်ပေါင်းများစွာ ထိတွေ့ဆက်ဆံခွင့်ရနေတဲ့ လရိပ်က ဘယ်လိုနေ မလဲ၊ မလိမ္မာတဲ့လရိပ်၊ ကိုကို့မေတ္တာရိပ်နဲ့ ထိတွေ့သွားရင် ပြောင်းလဲ ကောင်း ပြောင်းလဲလာနိုင်၏။

ဒီလိုတွေးမိတဲ့အတွက် စိမ်းလဲ့ အတ္တကြီးတယ်ဆိုရင် ခွင့်လွှတ် ပါကိုကို။ လရိပ်အတွက် စိမ်းလဲ့ အတ္တကြီးမိတာပါ။ လရိပ်ကလည်း ရည်းစားများခဲ့ပေမယ့် ကိုကို့အပေါ်မှာတော့ တကယ် တွယ်တာတယ် လို့ ထင်ပါသည်။ သူများတွေပြောကြသလောက် လရိပ်ဆိုးမယ် မထင် ပါဘူး။

"ဒီမှာ ဦးနန္ဒရှိန်း"

"ဟင်"





စိမ်းလဲ့က သူ့နာမည်ကိုသိနေပါလား။

"ကျွန်မက ဖေဖေ့ညွှန်ကြားချက်လို့ သည်ဖြစ်နေလို့ ရှင့်ကို ဒီလောက် သည်းခံပြီး ထိုင်ညှိခံနေတာ သိလား"

"ဒါဆို မင်းနဲ့တွေ့ချင်လို့လာတာ ဆိုရင်ရော"

"အပြင်မှာကတည်းက နှင်လွှတ်တာကြာပြီပေါ့"

"ထင်ပါတယ်"

နန္ဒရှိန်း ခြေထောက်ကိုချိတ်၍ ပုံစံပြောင်းထိုင်လိုက်သည်။ ပြီး စိမ်းလဲ့မျက်နှာကို စိုက်ကြည့်ကာ –

"ကိုယ်ကလည်း ကြိုသိနေလို့ ဦးဘုန်းမြတ်နာမည်နဲ့ ဝင်လာ ခဲ့တာပေါ့"

"ဟင်"

"တကယ်တော့ ကိုယ် မင်းနဲ့တွေ့ချင်လို့လာခဲ့တာ"

"ဘယ်လို"

"မင်းတို့ညီအစ်မနှစ်ယောက်ထဲက မျက်ဝန်းညိုအစစ်က ဘယ်သူလဲ၊ အဲဒါကို ကိုယ်သိချင်တယ်"

မျက်ဝန်းညိုဆိုတာနှင့် စိမ်းလဲ့ သူ့မလက်ကလေးကို ဖုံက် လိုက်သည်။ ကာယကံရှင်ကမသိပေမယ့် လက်စွပ်အတုနဲ့အစစ်ကို စိမ်းလဲ့တို့က သိနေသည်လေ။ ဒါကြောင့် စိတ်လုံနိုင်ပါမလား။



www.burmeseclassic.com

www.burmeseclassic.com



"လရိပ် ... လရိပ်က ရှင့်ရဲ့ မျက်ဝန်းညိုပဲလေ။ ဒီလောက် တွဲလာပြီးမှ ဘာမေးစရာလိုသေးလို့လဲ"

"လက်စွပ်ပြပြီး ကျွန်မက မျက်ဝန်းညိုပါဆိုတာနဲ့ ငါ ဖွတ် မှိတ်ယုံရလောက်တဲ့အထိ မညံ့သေးဘူး စိမ်းလဲ့စို"

"ဒီမှာ"

"____"

"ရှင်ယုံတာ မယုံတာ ကျွန်မနဲ့မဆိုင်ဘူး။ ရှင် အဲဒီကိစ္စ အတွက် လာတာဆိုရင် ပြန်ပါတော့"

"အဖြေမှန်မပေါ်သရွေ့ ကိုယ် မင်းနဲ့လည်း ပတ်သက်ဖို့ ကြိုးစားနေဦးမှာပဲ စိမ်းလဲ့စို"

သူ့အကြည့်တွေကို ရင်မဆိုင်နိုင်စွာ စိမ်းလဲ့ မျက်နှာလွှဲလိုက် ၏။ ဒီအချိန်မှာ သူ့ရှေ့ကနေ ပြေးထွက်သွားလိုက်ချင်သည်။ လရိပ် ရှိနေလျှင်လည်း အကောင်းသား။ လရိပ်က ယုတ္တိရှိရှိ လိမ်တတ်ပေ မယ့် စိမ်းလဲ့က သူလို စကားမကြွယ်ပေ။ စိမ်းလဲ့ ခုလိုလိမ်နေရတာ တောင် မနည်းအားမွေးနေရသည်။ စကားများသွားရင် ဒုက္ခ။ ပြန်ပါ တော့ ကိုကိုရယ်။ ကိုကိုပြန်ပါတော့။

"ကျွန်မ အားတော့နာပါတယ် ဦးနန္ဒရှိန်း"

"ဘာအတွက်လဲ"





"ကျွန်မမှာ လုပ်စရာအလုပ်တွေ ရှိနေသေးလို့ ရှင့်ကို အကြာ ကြီး ထိုင်ပြီး ညှော်ခံမနေနိုင်ပါဘူး"

"ကိုယ်ကလည်း ကိုယ့်အလုပ်နဲ့ကိုယ်။ ဒီမှာ တစ်နေ့လုံး မနေပါဘူး၊ စိတ်ချ"

မျက်စောင်းက ဝေ့ခနဲရောက်လာကာ –

"ရှင် တစ်နေ့လုံး နေချင်လို့ရမလား"

"တစ်သက်လုံးနေလို့တောင်ရတဲ့အကြောင်း မင်းမှ မသိသေး တာ"

"ရှင်"

"မင်းအဖေ ဦးဘုန်းမြတ်သာရှိရင် နေ့လယ်စာကျွေးပြီး တောင် တည်ခင်းညှော်ခံဦးမှာ သိလား"

"ရှင်နဲ့ ဖေဖေက ဘယ်လိုပတ်သက်နေတာလဲ"

"ကိုယ့်ဖေဖေနဲ့ ဦးဘုန်းမြတ်က အရင်းနှီးဆုံး မိတ်ဆွေတွေ လေ။ စီးပွားဖက်ဆိုတာထက် လည်ပင်းဖက်ပေါင်းလာကြတဲ့သူတွေ ပေါ့"

"သြော်"

ဖေဖေပြောတဲ့ လရိပ်နဲ့ပေးစားမည့် သူ့မိတ်ဆွေရဲ့သား ဆိုတာ ကိုကိုများလား။ တကယ်ဟုတ်ခဲ့ရင်တော့ လရိပ်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာစရာပေါ့လေ။ လရိပ်ကရော ဖေဖေထင်သလို အိမ်ထောင်ကျ ရင် ခြေငြိမ်သွားပါ့မလား။

"ကဲ . . . စိမ်းလဲ့စို"

စိမ်းလဲ့ ဖျတ်ခနဲ ကြည့်လိုက်သည်။

"မင်း ဒီလောက်နှင်နေမှတော့ ကိုယ်ပြန်ပါတော့မယ်"

"ပြန်ခဲ့င့်တာကြာပြီပဲဥစ္စာ"

"နောက်ထပ်လာဖို့တွေ ရှိသေးတယ်ကွ"

"လာပေါ့၊ ကိုက်ချင်တဲ့ခွေးတစ်ကောင် မနက်ဖြန်ကစပြီး မွေးလိုက်ရုံပေါ့"

"ကိုယ် ဝယ်ပေးရမလား"

"မလိုပါဘူး"

ရှိန်း အသံထွက်အောင်ပင် ရယ်လိုက်မိ၏။ ဒီကောင်မလေး က လရိပ်လိုမဟုတ်ဘဲ တစ်မျိုးချစ်ဖို့ကောင်းနေသည်။ ရုပ်ချင်းတူပေ မယ့် မတူတာလေးတွေကပဲ သူ့ရင်ကို လှုပ်ခါစေ၏။ လူချွဲကိုရှောင် လူတိုကိုပေါင်းတဲ့။ သူမ မျက်လုံးထဲက ဖြူစင်ရိုးသားမှုလေးတွေက သူ့ရင်ထဲမှာ စွဲငြိခဲ့သည့် မျက်ဝန်းလေးတွေပါ။

မင်းတို့ ဘယ်လောက်ပဲ ဟန်ဆောင်ကောင်းကောင်း အတုက အစစ်ဖြစ်မလာနိုင်ပါဘူးကွာ။ ကိုကိုသိနေပါတယ် မျက်ဝန်းညို့ ဦးဘုန်းမြတ်ဆီမှာ ကိုကို မျက်ဝန်းညို့အစစ်ကိုပဲ တောင်းမှာပါ။

"ကဲ . . . ကိုကို သွားတော့မယ်နော်"

ရှိန်း စိမ်းလဲ့ရဲ့ခေါင်းလေးကို ပုတ်ပြီး ထွက်လာခဲ့တော့သည်။ သူက လက်စွပ်ရဲ့ပိုင်ရှင်အစစ်မို့ အတုနဲ့အစစ်ရဲ့ ကွဲပြားမှုကို မသိဘဲ နေပါ့မလားလေ။

✵ ✵ ✵






www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"လရိပ် အရေးတကြီးငွေလိုလို့ ကိုကိုပေးထားတဲ့လက်စွပ်ကလေးကို အသိတစ်ယောက်ဆီမှာ ခဏလှည့်ထားလိုက်ရတယ် ကိုကို"

"အဲဒီတော့ ငါက ဘာလုပ်ပေးရမလဲ"

"ဟင်"

လရိပ် သူ့ကို အံ့သြစွာကြည့်လိုက်၏။ လရိပ်ထင်ထားတာက လရိပ် ဒီလိုပြောရင် "လရိပ်ရယ်၊ လရိပ်မှာ ဘာအခက်အခဲတွေရှိ တာလဲ။ ကိုကိုအမြတ်တနိုးပေးခဲ့တဲ့ လက်စွပ်ကလေးကိုမှ ပေါ်နေ သလားကွာ။ ကဲ ဘာမှစိတ်ပူမနေနဲ့ ကိုကိုပြန်ရွေးပေးမယ်နော်"





ဆိုတဲ့စကားသံကို ကြားရမယ်လို့ ထင်ထားခဲ့တာ။

အခုတော့ စိမ်းသက်တဲ့ မျက်ဝန်းတွေနဲ့ကြည့်ပြီး လရိပ်ကို ပြောတဲ့လေသံကပင် ခပ်မာမာ။ သူမှာလည်း ကိုယ်ကပျော့ရတော့မည် ပေါ့။

"ဘာလုပ်ပေးရမလဲဆိုတော့ လရိပ်ကို ပိုက်ဆံငါးသောင်း လောက်ချေးပါ ကိုကို"

"ဘာ"

"လရိပ် ... ဖေဖေ မုန့်ဖိုးပေးရင် ပြန်ဆပ်ပါ့မယ်ကိုကိုရယ်။ လရိပ်ကို ကူညီပါနော်"

ရှိန်း တွေခနဲဖြစ်သွား၏။ သူ ပိုက်ဆံကို နှမြောလို့ မဟုတ် ပေမယ့် ပေးလို့ဖြစ်ပါ့မလား။ ငွေရဲ့တန်ဖိုးကို နားမလည်ဘဲ စိတ် နောက်လိုက်ပြီး ပျက်စီးနေတဲ့သူကိုပေးလိုက်ရင် အဆိပ်ပင်ရေလောင်း သလို ဖြစ်နေမှာပေါ့။ အင်း သူ ရေမလောင်းလည်း အဆိပ်ပင်က အညွန့်တလူလူ တက်နေတာပဲလေ။

လရိပ်ကို သူ ချက်ချင်း အဆက်အသွယ်ဖြတ်ပစ်လို့တော့ ဖြစ်သေးပါဘူး။ သူရွေးမယ့်အကွက်ထဲမှာ လရိပ်က နယ်ရုပ်တစ်ရုပ် အဖြစ် ပါဝင်ဖို့လိုအပ်နေသေး၏။

ကိုယ့်ကို အရူးလုပ်သလို သူ့ကိုလည်း အရူးပြန်လုပ်ခွင့်



www.burmeseclassic.com

www.burmeseclassic.com



ရချင်သေးသည်။ ကိုယ်ပြုသည့်ကံ ကိုယ့်ထံပြန်လာ သည်လို့ပဲ သတ်မှတ်လိုက်တော့ လရိပ်ချို။

"ကောင်းပြီလေ၊ မင်းလိုတဲ့ငွေကို ငါပေးလိုက်ပါ့မယ်။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်နော်"

"ဘာများလဲ ကိုကို"

"ငါ အဲဒီလက်စွပ်ကို ပေးခဲ့တုန်းက မှာခဲ့တဲ့စကားတွေကို မင်း မှတ်မိမှာပေါ့"

စိမ်းလဲ့ ခဏခဏပြောပြလွန်းလို့ သူတို့နှစ်ယောက်ရဲ့ အကြောင်းတွေအားလုံးကို လရိပ်အတွက် ရပြီးသားပါ။

"ဟုတ်ကဲ့ . . . မှတ်မိပါတယ် ကိုကို"

"မှတ်မိတယ်ဆိုရင် နောက်ထပ် အဲဒီလက်စွပ်ကို မင်း ပေါင်တာ ရောင်းတာ လုံးဝမလုပ်ပါနဲ့"

"စိတ်ချပါ ကိုကို၊ နောက် ဒါမျိုး မဖြစ်စေရပါဘူး"

"နောက်တစ်ခါဆိုရင် မင်းနဲ့ငါ အတွေ့ပဲ"

ပြောပြီး ရှိန်း ပိုက်ဆံအိတ်ထဲကနေ ငါးထောင်တန်ဆယ်ရွက်ကို ရေပေးလိုက်၏။

"ရော့"

"ကျေးဇူးပဲနော် ကိုကို"





ပိုက်ဆံရတာနှင့် လရိပ် အပြုံးများနှင့် လှည့်ထွက်လာခဲ့သည်။ သူမ၏သူငယ်ချင်းအေမီက နန္ဒရှိန်းတို့ကို တစ်ချက်ပြန်လှည့်ကြည့်ပြီး အသံခပ်အုပ်အုပ်နှင့် –

"ဟဲ့ . . . လရိပ်"

"ဘာလဲဟ"

"နင် ဘာတွေလျှောက်လုပ်နေတာလဲ"

"နင် အေးဆေးနေစမ်းပါ အေမီရယ်။ ငါ ဆေးဖိုးငွေလိုနေလို့ဟ"

"နင်သုံးတာ ကြာမှမကြာသေးတာ လရိပ်ရယ်၊ ငါ စေတနာနဲ့ ပြောမယ်နော်"

"ဘာလဲ"

"နင့်ကို ဒါ စသုံးတုန်းကလည်း ငါ အားမပေးခဲ့ဘူး။ တို့က လွန်ကျူးကုန်ပြီဟ။ နင့်ကိုတော့ တို့လိုမဖြစ်စေချင်ဘူးဟာ။ အဲဒါကြောင့် နင် လူကြီးတွေကို ဖွင့်ပြောပြီး"

"တော်တော့ အေမီ"

အေမီက စေတနာအမှန်နဲ့ပြောတာဖြစ်၏။ သူတို့ လူပေါင်းများပြီး မူးယစ်ဆေးကို လက်တည့်စမ်းရာကနေ မသုံးရမနေနိုင်အထိ ဖြစ်လာခဲ့ကြသည်။ လရိပ်ကို သိမ်းသွင်းကြတော့ ရိုစီနဲ့ဗလကို အေမီ



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ခဲ့သေး၏။ လရိပ်ကိုလည်း တားခဲ့သည်။

ဒါပေမဲ့ အေမီနဲ့ကင်းလွတ်ရာကိုခေါ်ပြီး လရိပ်ကို သိမ်းသွင်းကြတာ။ လရိပ်က သုံးတာမကြာသေးတော့ ဖြတ်မယ်ဆိုလျှင် အချိန်မီသေးသည်လေ။

"လရိပ်"

"နင် ငါ့ကို ခုမှ ဆုံးမစာတွေ လာရွတ်မပြနဲ့ အေမီ။ အဲဒီအကြောင်း ထပ်ပြောရင် နင်နဲ့ငါ ဖဲ့ဆပလဲ ဖြစ်သွားလိမ့်မယ် သိလား"

"လရိပ်ရယ်"

အေမီ စိတ်မကောင်းစွာ ညည်းတွားမိ၏။ အပေါင်းအကြောင်း ဂုဏ်တက်၊ အပေါင်းအကြောင်း ဂုဏ်ပျက်တဲ့၊ သူတို့ အပေါင်းအကြောင်းဟာ ဂုဏ်ပျက်သည့်အပြင် ဘဝပါ နွံနစ်နေခဲ့ပြီ။ ပထမစမှားတာက သူတို့ ကလပ်တက်မိခြင်းပါပဲ။ ဗလနဲ့ရိုစီတို့ကို ကလပ်မှာဆုံပြီး ခင်မင်ခဲ့ကြတာဖြစ်၏။

ဒါ ပထမခြေလှမ်း မှားခြင်းပါပဲ။ နောက်တော့ ငါးစာကိုမြင်ပြီး ငါးမျှားချိတ်ကို မမြင်တတ်ခဲ့တဲ့သူတို့ ဗလတို့ ထောင်ချောက်ထဲကို တိုးဝင်ပြီး ဒီလိုတွေ ဖြစ်ခဲ့ကြတာလေ။

"ကဲ ... အခု နင် ငါနဲ့ လိုက်မှာလား၊ မလိုက်ဘူးလား အေမီ"





"နင်သွားရင်တော့ ငါလိုက်မှာပေါ့"

"Ok Let's go"

လရိပ်နှင့်အေမီ တစ်ယောက်လက်ကိုတစ်ယောက် ဆုပ်ကိုင်ပြီး ထွက်သွားကြချိန်မှာ ရှိန်းတို့အဖွဲ့ကလည်း –

"ရှိန်း"

"ပြော"

"မင်းဖောက်လမ်းကြီးက ရှုပ်နေပြီနော် ဟော့ကောင်"

"ဘာမှရှုပ်စရာမရှိဘူး။ အခုရှုပ်လည်း နောင်ရှင်းသွားလိမ့်မယ်။ ငါ့လမ်းကြောင်းကို ငါဘာသာရှင်းတတ်တယ်"

"အေး ... လမ်းကြောင်းရှင်းရင် ဖားရိုးကျွတ်ပြီး ကိုယ့်နဖူးကိုယ်ပြန်ပြီးမှန်မှာစိုးလို့ ငါတို့ကပြောတာ"

"ငါက တော်းအေမှ မဟုတ်တာကွ"

"မင်း မတုံးမှန်းကို ငါသိပါတယ်"

"ဟော့ကောင် ဝေယံ"

"မအမှန်းကို သိတယ်လို့ပြောတာ"

ရှိန်း ပါးစပ်လှုပ်ရုံပေမယ့် ဆဲပြီဆိုတာကို ဝေယံ သိလိုက်၏။ ဆက်မော်ကတော့ ရှိန်းကို ဘယ်လိုနားလည်ရမှန်းမသိတော့၊ တစ်ညို ညည်းညိုခဲ့တဲ့ မျက်ဝန်းညို။



www.burmeseclassic.com

www.burmeseclassic.com



အခု အတုဖြစ်နေတာကိုလည်း မပေါက်ကွဲ။ အစစ်ကိုလည်း ဖွင့်မပြော။ အကွက်ရွှေ့မယ်သာပြောပြီး ဘာမှ လှုပ်ရှားတာလည်း မမြင်။

အင်း . . . ဒီကောင်က လျှို့ဝှက်တတ်တဲ့ကောင်လေ။

"ဒါနဲ့ မင်းကိုငါ မေးရဦးမယ်ရှိန်း"

"ဘာမေးမှာလဲ"

"လက်စွပ်နှစ်ကွင်းက ပုံစံတူဆိုပြီး အတုနဲ့အစစ်ကို မင်း ဘယ်လိုခွဲခဲ့တာလဲ"

ရှိန်း လွှင့်ခနဲ ပြုံးလိုက်မိ၏။

"ငါက လက်စွပ်ရဲ့ပိုင်ရှင်အစစ်လေကွာ"

"အဲဒီတော့"

"အဲဒီတော့ ငါ့လက်စွပ်ကို ငါသိတာပေါ့။ ငါ ဝတ်ခဲ့တာ ခဏလေးမှ မဟုတ်တာ။ ရက်ပေါင်းများစွာ လပေါင်းများစွာလေ"

"ဘာတွေ ကွဲပြားနေလဲ။ အဲဒါကိုပဲ ပြောစမ်းပါ"

ရှိန်း မဖြေခင် ကုတ်ဒ်ဘူးကို ဖွင့်၍ သောက်လိုက်၏။ ဆက်မော်နှင့် ဝေယံက သူ့ဆီက ဘာသံထွက်လာမလဲဆိုတာကို နားစွင့်နေကြသည်။

"ငါလက်စွပ်မှာ ထွင်းထားတဲ့ ရှိန်းဆိုတဲ့စာလုံးက န,သတ်မှာ





န,ငယ်က ဗိုက်မပူဘူး"

"ဒါဆို မင်းလက်စွပ်က နသတ်က အပျိုပေါ့"

"လရိပ်ချိုဝတ်ထားတဲ့လက်စွပ်က န,သတ်မှာ ဗိုက်နည်းနည်း ပူနေတယ်"

"အဲဒါက ခြောက်လဗိုက်ကိုကြည့်ပြီး ထွင်းတာပဲဖြစ်မယ်"

"ဆက်မော် . . . မင်း ဖောက်မလာနဲ့နော်"

ရှိန်း ဟောက်လိုက်တော့ ဆက်မော် ပါးစပ်ပိတ်သွားလေ၏။ ရှိန်း မညံ့ဘူးဆိုတာကို သိတော့သိသားပဲ။ ရှိန်းက တစ်ညိုတည်း ညိုနေလို့သာ သူတို့လည်း ဘာမှမပြောခဲ့တာပါ။ တကယ်တော့ သူတို့ လရိပ်ကို သိပ်ကြည့်မရကြပေ။ ပွင့် လင်းတာထက် ရဲတင်းလွန်း၏။ မိန်းကလေးမို့လို့ ဗိုင်းကောင်း ကျောက်ဖိဖြစ်ရမယ်လို့ မဆိုလိုပါဘူး။

ဒါပေမဲ့ . . . မိန်းကလေးတစ်ယောက်မှာ ထိန်းသိမ်းသင့်သည့် သိက္ခာကိုတော့ ထိန်းသိမ်းရမည်လေ။

"ဆက်ပြောလေ ရှိန်း"

"ဆက်ပြောရရင် အတုက အစစ်ထက် ကွင်းနည်းနည်းပို ကျယ်တယ်"

"ဒါနဲ့များ ဟိုက ပိုက်ဆံတောင်းတာကို မင်း ဘာလို့ပေးခဲ့ေသး လဲ။ သူ့ဘာသာ ပေါင်ရုံမကလို့ ရောင်းပဲစားစားလေ"



www.burmeseclassic.com

www.burmeseclassic.com



"လိုအပ်လို့ ပေးလိုက်တာပေါ့ကွာ"

"ငါတော့ မင်းကို နားကိုမလည်တော့ဘူး"

ရှိန်း ကိုယ့်အကြံနှင့်ကိုယ်မို့ သူငယ်ချင်းတွေကို ရှင်းမပြဖြေမယ့် ကျေနပ်နေသည်။ မေတ္တာတရားကို အလိမ်ခံရတာ လူကိုဓားနဲ့ထိုးသွားတာထက် နာကျင်စေ၏။ တန်ပြန်တုံ့လှည့်ဆိုတာ လရိပ်ချိုအတွက် ရှိကိုရှိလာစေရမည်။ ဦးဘုန်းမြတ်က သူ့သမီးနဲ့ ရှိန်းကို လက်ထပ်ပေးချင်တယ်တဲ့။ အစက ရှိန်း ငြင်းခဲ့တာလေ။

အခုတော့ ခေါင်းညိတ်ဖို့ ဆုံးဖြတ်လိုက်၏။ ဘယ်သမီးနဲ့လဲဆိုတာ မသိသေးသော်လည်း ဘယ်သူနဲ့ပဲဖြစ်ဖြစ် လက်ခံဖို့ ဆုံးဖြတ်လိုက်တာသည် ရှိန်းမှာ ဝှက်ဖဲတစ်ချပ် ရှိနေလို့ပါ။

"မင်း သတိတော့ထားနော် ရှိန်း"

"လရိပ်ချိုက မလွယ်ဘူးကွ"

ရှိန်း လက်ကာလိုက်ပြီး -

"ပုဏ္ဏားတိုင်းမှာ အဖြေရှိပါတယ်ကွာ။ ငါ ဘယ်လိုလုပ်မယ်ဆိုတာကို မင်းတို့စောင့်ကြည့်"

✻ ✻ ✻



## အခန်း (၁၇)

စိမ်းလဲ့ နာရီကို တကြည့်ကြည့်နှင့် လရိပ်အိမ်အပြန်ကို စောင့်မျှော်နေမိသည်။ ည ၁၀ နာရီပင် ထိုးနေပြီ။ လရိပ် အခုထိဘာလို့ ပြန်မလာသေးပါလိမ့်။ ဒီအချိန်က အပြင်မှာ မိန်းကလေးတွေသွားလာလို့ သင့်တော်တဲ့အချိန်မှ မဟုတ်တော့တာ။ ဖေဖေကလည်း သူ့အလုပ်နှင့်သူ ယားလို့ပင် မကုပ်အားတာမျိုးလေ။ လရိပ်ကို ဘယ်လိုမျက်လုံးဒေါက်ထောက်ပြီး ကြည့်နေနိုင်မှာလဲ။

လရိပ်ကလည်း လည်ပုံ။ ဖေဖေ အလုပ်မသွားခင်အထိတော့ အိမ်မှာ ငြိမ်ကုပ်ပြီးနေ၏။ ဖေဖေထွက်သွားတာနှင့် သူကလည်း မြင်းကို ဇောင်းထဲကလွှတ်လိုက်သည့်အတိုင်းပါပဲ။ စိမ်းလဲ့က ဘေးရင်



www.burmeseclassic.com

www.burmeseclassic.com



ရန်သူတစ်ယောက်လို ဆက်ဆံသည်။ ခါတိုင်းတော့ ဖေဖေမပြန်ခင် သူက အိမ်ကို အရင်ရောက်အောင်ပြန်လာတတ်ပြီး ဒီနေ့တော့ ဘာလို့ နောက်ကျနေပါလိမ့်။

"ကျွတ် . . . ဘာလို့ ခုထိ မပြန်သေးပါလိမ့်"

မျှော်ရတာ လည်ပင်းသစ်ကုလားအုတ် ဖြစ်နေပြီမို့ စိမ်းလဲ့ ညည်းတွားလိုက်၏။ နှင်းနှင်းက ဆက်တီကိုမှီပြီး ငိုက်နေရင်းမှ ဆတ်ခနဲ ခေါင်းထောင်လာကာ –

"မမလဲ့"

"ဟင်"

"မမရိပ် ဘာများဖြစ်နေလဲ မသိဘူးနော်"

"ငါလည်း အဲဒါပဲ စိတ်ပူနေရတာပေါ့ နှင်းနှင်းရယ်"

"မမလဲ့ သူ့ကို ဖုန်းဆက်ကြည့်ပါလား"

"ဘယ်နေပါ့မလဲ နှင်းနှင်းရယ်။ ငါဆက်တိုင်း စက်ပိတ်ထားတာနဲ့ပဲ တိုးနေတယ်။ သူ ဘာလို့ ဖုန်းပိတ်ထားတယ်မသိပါဘူး"

နှင်းနှင်း မမလဲ့ကိုကြည့်ပြီး သနားမိ၏။ သူကသာ စိုးရိမ်စိတ်ပူနေရတာ။ မမရိပ်က မမလဲ့ဆိုရင် ဘယ်တော့မှ အကောင်းမပြောပေ။

"မမလဲ့"





"ဘာလဲ နှင်းနှင်းရယ်"

"ဒီကိစ္စ ဖေဖေကြီးကို ဖွင့်ပြောမှဖြစ်မယ်ထင်တယ်"

စိမ်းလဲ့ တွေခနဲဖြစ်သွားပြီး သက်ပြင်းချလိုက်မိသည်။

"မဖြစ်သေးပါဘူး နှင်းနှင်းရယ်။ ခဏတော့ စောင့်ကြည့်ဦးမှပေါ့"

"မမလဲ့ကတော့ ဝဋ်တစ်မျိုးပါပဲ"

"ငါကတော့ အဲလိုကြီး မသတ်မှတ်ပါဘူးဟယ်။ သူက ငါ့အစ်မဆိုတော့ ငါ့မှာ ဝတ္တရားရှိတယ်လေ"

"မမလဲ့ကသာ မမရိပ်အပေါ် ကြင်နာတာပါ။ မမရိပ်ကတော့ မမလဲ့ဆိုရင် တစ်ခါမှ အကောင်းမမြင်ဘူး"

စိမ်းလဲ့က ဖြူစင်စိတ်ထားရှိသူပီပီ . . .

"မေတ္တာလက်နက်က အစွမ်းထက်ပါတယ် နှင်းနှင်းရယ်။ တစ်နေ့တော့ သူနားလည်လာမှာပါ"

"နှင်းနှင်းကတော့ မထင်ပေါင်"

စိမ်းလဲ့ ဘာမှထပ်မပြောတော့ပဲ ငြိမ်သက်သွားလေသည်။ ရင်ထဲက အပူတွေက ပူသထက်ပူလာ၏။ တစ်ခုခုများ ဖြစ်နေသလားလို့ တွေးမိတော့ နေမထိထိုင်မသာ၊ ဘယ်လိုလုပ်မလဲ။ နှင်းနှင်းပြောသလို ဖေဖေ့ကို ဖွင့်ပြောလိုက်ရ ကောင်းမလားလို့ တွေးနေစဉ်



www.burmeseclassic.com

www.burmeseclassic.com



"ဟော"

"ကားသံကြားတယ် မမလှဲ့"

"အေး . . . ဟုတ်တယ်"

ကားသံကြားတာနှင့် စိမ်းလဲ့ ခြေထောက်တွေက ပြေးထွက်သွားပြီးသားပါ။ ဆိုရိုးစကားကတော့ အစ်မကြီးအမိအရာတဲ့။ အခု အကြီးဖြစ်တဲ့လရိပ်က အမိအရာမှာမနေဘဲ အငယ်ဖြစ်တဲ့ စိမ်းလဲ့က ပြန်ပြီး အမိအရာရောက်နေပါပြီ။

ဆယ့်ငါးမိနစ်ကလေးကွာတဲ့ကြားမှာ ဘယ်လိုလေမျိုးက သွေးထိုးပြီး ဘယ်လိုသွေးဆိုးတွေ လရိပ်ကိုယ်ထဲမှာ လည်ပတ်စီးဆင်းခဲ့သည်မသိ။ စိမ်းလဲ့ကျတော့ လိမ္မာသည်လေ။

လူဆိုတာ ဆုံးမသူရှိမှ သူများဆုံးမမှ လိမ္မာတာမဟုတ်ပေ။ ကိုယ့်အသိစိတ်နဲ့ ကိုယ်ဆုံးမမှလိမ္မာတာမဟုတ်လား။ ကိုယ့်အသိစိတ်ကမှ ကိုယ့်ကိုယ်ကိုယ် မပြုပြင်ရင် ဆုံးမသူရှိလည်း ဒီဘက်နားကဝင် ဟိုဘက်နားကထွက်ပဲဖြစ်မှာပေါ့။

"လရိပ်"

လရိပ်ကားပေါ်ကဆင်းသည်နှင့် စိမ်းလဲ့ပြေးသွားလိုက်သည်။

"နောက်ကျလိုက်တာ လရိပ်ရယ်။ နင် ဘယ်တွေလျှောက်သွားနေတာလဲ"





လရိပ်က ဘာမှပြန်မပြောဘဲ ရှေ့ဆက်လျှောက်သွားလေတော့ စိမ်းလဲ့ကပ်လိုက်လာကာ –

"နင့်ကို ငါ စိတ်ပူနေတာ လရိပ်ရဲ့"

လရိပ်က ဆတ်ခနဲ ပြန်ငဲ့ကြည့်ပြီး –

"နင့်ကို ဘယ်သူက စိတ်ပူခိုင်းနေလို့လဲ"

"အဲဒီလိုတော့ မပြောနဲ့ လရိပ်။ နင်နဲ့ငါက ညီအစ်မလေ။ ကိုယ့်အစ်မ တစ်ခုခုဖြစ်မှာကို စိုးရိမ်တာပေါ့"

"မလိုပါဘူး။ အမြွှာမကလို့ ရင်ချင်းပဲဆက်မွေးမွေး အချိန်တန်လို့ ကိုယ့်လမ်းကိုယ်လျှောက်ကြတာ။ နင် အဲဒီလို နေရာတကာ ဝင်ပါလွန်းလို့ ငါ အမြင်ကတ်တာ သိလား"

"အဲဒါ မိသားစုစိတ်ဓာတ်ရှိတာလေ။ ကိုယ့်သွေးကို ကိုယ်ချစ်လို့ စိုးရိမ်ပူပန်နေရတာ လရိပ်ရဲ့။ ဘာလဲ နင်က ငါ့ကို အပိုတွေ ဟန်လုပ်ပြတယ် ထင်နေတာလား"

"အဲဒါတွေ ငါ စိတ်မဝင်စားဘူး။ နောက်ကို ငါ့ဘာသာ ဘာပဲလုပ်လုပ် နင်ပြောစရာမလိုဘူး စိမ်းလဲ့။ ငါ နေချင်သလိုနေမယ်။ သေတယ်ကြားရင် အလောင်းလိုက်ကောက်၊ မကောက်ချင်ရင် မျက်စိမှိတ် နားပိတ်ထားလိုက် ပြီးပြီ"

ပြောရက်လိုက်တာလို့ ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်စေတနာတွေက အရာမထင်ဘဲ ဒုံထဲရေသွန်တာမှ ခွက်ခွက်ရာ ထင်ဦးမည်။

"လရိပ်"

"နင် ငါ့ကို ဘာမှလာမပြောနဲ့ စိမ်းလဲ့၊ ငါ အဲဒါတွေကြောင့် အိမ်ကိုပြန်လာရမှာ ရဲပြည်ဆင်းရမှာထက် ကြောက်တာသိလား"

"ဟင်"

အိမ်ဆိုတာ လူသားတွေရဲ့အပန်းဖြေစရာ သုခဘုံလို့ လူတိုင်းလိုလို သတ်မှတ်ထားကြတာမဟုတ်လား။ ဘယ်နေရာမှာ ဘယ်လောက်ပဲ မောပန်းနွမ်းနယ်ခဲ့ပါစေ အိမ်ကိုပြန်ရောက်လာရင် အမော ပြေသည်တဲ့။ သူကျမှ အိမ်ကိုပြန်လာရမှာ ငရဲပြည်ဆင်းရမှာထက် ကြောက်တယ်ဆိုတော့ ဒီအိမ်ကြီးကပဲ ကျိန်စာသင့်နေသလိုလို။

"မပြောလို့ကတော့ မရဘူး လရိပ်။ နင် သွားတာ လာတာ တွေ ဆင်ခြင်သင့်နေပြီ"

"ဘာ"

"နင့်အကြောင်းတွေသိရင် ဖေဖေ ဘယ်လောက်စိတ်ဆင်းရဲ ရမလဲ သိလား"

"စိတ်ဆင်းရဲရင် လဲသေလိုက်ပေါ့"

"လရိပ်"





စိမ်းလဲ့ တစ်ကိုယ်လုံးဖျင်းခနဲ ဖြစ်သွားသည်။ မိဘကို ဒီလို ပြောရဲတဲ့အဆင့်ထိ ရောက်နေပါရော့လား။

"နင် ကိုယ့်မိဘကို ဘယ်လိုပြောလိုက်တာလဲ လရိပ်"

"ကြားတဲ့အတိုင်းပဲလေ"

"နင် ... နင်"

"မိုက်ရိုင်းတယ်လို့ ပြောမလို့လား၊ ပြောလေ ငါက နင့်လို အိမ်ထဲမှာကုပ်ပြီး ထမင်းအိုးတွေ ဟင်းအိုးတွေနဲ့ နစ်ပါးသွားမနေနိုင်ဘူး သိလား"

"အေး ... အဲဒီလို ထမင်းအိုးတွေ ဟင်းအိုးတွေနဲ့ နစ်ပါး သွားနေတဲ့သူက သူ့အရည်အသွေးနဲ့သူ။ ကိုယ့်ဒူးကိုယ်ချွန်ပြီး ကိုယ့် ခြေထောက်ပေါ် ကိုယ်ရပ်တည်ဖို့ ကြိုးစားနေတာ။ နင်သာ မိဘ မိုက်ဆံ ထိုင်ဖြုန်းပြီး ကိုယ့်ကိုယ်ကိုဖျက် သံချေးတက်လုပ်နေတာ နားလည်လား"

"ဟင်"

"ဖေဖေ"

ဦးဘုန်းမြတ် ဘယ်ကနေ ဘယ်လိုရောက်လာသည်မသိနိုင် အောင် ခါးကိုထောက်၍ မားမားရပ်ရင်း ပြောလိုက်ခြင်းပါ။ ဦးဘုန်း မြတ် အသံကိုကြားသည်နှင့် နှင်းနှင်း လှစ်ခနဲ ပျောက်သွားလေ



www.burmeseclassic.com

www.burmeseclassic.com



တော့၏။ ပွဲက ကြမ်းတော့မယ်ဆိုတာသိလို့ ကြောက်ပြီးထွက်သွားတာလေ။

"ဒီမှာလရိပ်ချို"

"___"

"အခု ... နင် အိမ်ကို ပြန်လာတဲ့အချိန်က မိန်းမကောင်းဖြစ်တဲ့ အချိန်လား ပြောပါဦး"

"ဖေဖေ"

ခေါင်းကို ဆတ်ခနဲ မော့လိုက်ပြီး လရိပ် –

"ဖေဖေက လရိပ်ကို မိန်းမပျက်လို့ပြောလိုက်တာလား"

"အဲဒီအဆင့်ထိ မရောက်သေးပေမယ့် နင် ဘာတွေ လုပ်နေတယ်ဆိုတာ နင့်ကိုယ်နင် အသိဆုံးဖြစ်မှာပေါ့"

ပြောရင်းက ဦးဘုန်းမြတ် မျက်ရည်တွေဝေ့တက်လာ၏။ သူ လရိပ်သတင်းဆိုးကို ကြားရပြီး ဒေါသကို ကျိတ်မှိတ်မျိုသိပ်နေရတာ အရေးကြီးတဲ့ အလုပ်ကိစ္စ မပြီးပြတ်သေးလို့ပါ။

အခု ပြီးပြတ်သွားပြီမို့ သူ လုပ်စရာရှိတာကို လုပ်ရတော့မှာပဲလေ။ သူ မျက်ကွယ်မပြုမိ သမီးနှစ်ယောက်အတွက် ရသလောက် ရှာခဲ့မယ်ဆိုတဲ့စိတ်နဲ့ စီးပွားရေး စီးပွားရေးနဲ့ ခေါင်းတောက်အောင် အလုပ်တွေ ဖိလုပ်နေခဲ့တာ။





သမီးတွေကို လျစ်လျူရှုထားခဲ့သလိုဖြစ်တော့ အခု အောက်ခြေလွတ်တဲ့သူက ထိန်းမရ သိမ်းမရဖြစ်ပြီ။

"ဖေဖေ မှားခဲ့တာပါ။ သမီးတွေမွေးထားပြီး ဖေဖေ ထိန်းသိမ်းမှု ညံ့ဖျင်းခဲ့လို့ သမီးကြီး ခုလိုဖြစ်ရတာ"

"ဖေဖေ"

"ဖေဖေ တောင်းပန်ပါတယ် သမီးကြီးရယ်။ သမီးကြီး လိမ္မာပါတော့"

လရိပ်ရဲ့ စူးရှနေတဲ့ မျက်ဝန်းတွေက တဖြည်းဖြည်း အရောင်မှိန်၍ သွားလေသည်။ နွံမှန်းသိသိနဲ့ အရသာကိုသိချင်လို့ ဆင်းကြည့်ခဲ့မိတာ။ အခုတော့ နုတ်လို့မရတော့သည့်အခြေအနေ။

"သမီးကြီး"

"ရှင်"

"သမီးကြီး ဆေးရုံတက်ပြီး ဆေးဖြတ်လိုက်ပါနော်"

"ဟင်"

ဦးဘုန်းမြတ်၏အသံက တုန်ရင်အက်ကွဲနေသည်။ လရိပ်က ဖခင်၏မျက်နှာကို ပြူးကြောင်ကြောင်နှင့် မော့ကြည့်နေ၏။ တစ်ခါတစ်ခါ သမီးကြီး လူစိတ်ပျောက်နေသလားထင်ရအောင် မိုက်ရိုင်းတတ်တာတွေရဲ့ အဓိကတရားခံက မူးယစ်ဆေးသုံးစွဲနေလို့ဆိုတာ

www.burmeseclassic.com



သူသိခဲ့ပြီလေ။ ဖခင်တစ်ယောက်ရဲ့မျက်ဝန်းမှာ ဒီမျက်ရည်တွေ အညှာနိုင်နိုင်ပါ့မလား။ ရင်ထဲမှာလည်း သောကတွေ ထုနှင့်ထည်နှင့်ပါ။

သူ့အမေသာရှိရင် ဒီလို ဖြစ်ချင်မှဖြစ်မယ်ဆိုပြီး ဇနီးသည်ကိုလည်း သတိရမိ၏။ ဦးဘုန်းမြတ် သမီးကြီး၏ပခုံးကို ဆုပ်ကိုင်လိုက်ကာ . . .

"နော် သမီးကြီး"

"ဟင့်အင်း . . . ဟင့်အင်း"

လရိပ် ခေါင်းကိုသာ တွင်တွင်ခါလေ၏။

"ဘာဖြစ်လို့လဲ သမီးကြီးရယ်"

"သမီး သမီး . . . မဖြတ်နိုင်ဘူး"

"ဟင်"

"လရိပ်"

ဦးဘုန်းမြတ် မချိတင်ကဲနှင့် လက်သီးဆုပ်လိုက်မိ၏။ သူ့အပြစ်တွေ။ သူ့အပြစ်တွေပါ။ စိမ်းလဲ့ကလည်း လရိပ်ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်ပြီး လရိပ်လက်ကို ဆုပ်ကိုင်ကာ မျက်ရည်တွေကျနေ၏။

"ဘာလို့မဖြတ်နိုင်ရမှာလဲ သမီးကြီးရယ်။ ခွဲလမ်းမှုဆိုတာ စိတ်ကို အလိုလိုက်ခြင်းပါပဲ။ သမီးစိတ်ကို တင်းပြီး ဖြတ်နိုင်အောင်





ကြိုးစားကြည့်ရမှာလေ"

"ဟုတ်ပါတယ် လရိပ်ရယ်။ လရိပ် ဆေးဖြတ်လိုက်ပါနော်"

"အဟင့် . . . အီး"

"သမီးကြီး"

"လရိပ်"

လရိပ် ကလေးတစ်ယောက်လို အီးခနဲ ငိုချလေတော့၏။ သူမ စိတ်နောက်ကိုလိုက်ခဲ့မိလို့ ခုတော့ ပဒိုင်းသီးလို ဖြစ်နေပြီလေ။

"အမှားသိရင် အမှန်ကို ပြင်လို့ရပါတယ် သမီးကြီးရယ်"

"ဟုတ်ပါတယ် လရိပ်ရယ်။ လရိပ်သာ ပြုပြင်လိုက်မယ်ဆိုရင် တို့မိသားစုတွေ စိတ်ချမ်းချမ်းသာသာနဲ့ ပျော်ပျော်ရွှင်ရွှင် နေရမှာပါ"

"တော်ကြပါတော့ . . . လရိပ် ဘာမှမကြားချင်ဘူး။ ဘာမှ မပြောကြပါနဲ့"

လရိပ် ခေါင်းကို တွင်တွင်ခါ၍ နားနှစ်ဖက်ကိုပိတ်ကာ အရူးတစ်ယောက်လို အော်လေ၏။ အမှန်တရားဆိုတာကိုလည်း သူမ လက်မခံနိုင်။ အဆိုးကို အကောင်းမြင်နေတဲ့သူဟာ အဆိုးဘက်ကိုသာ ခြေလှမ်းတွေ တွားနေပြီး အကောင်းက သူ့ရဲ့ရန်သူ။



www.burmeseclassic.com

www.burmeseclassic.com



"သမီးကြီး"

"မပြောနဲ့ . . . ဘာမှမပြောကြနဲ့။ သွား . . . သွားကြ"

"သမီးကြီး သတိထားလေ"

"လရိပ်"

သွားကြဆိုပြီး လရိပ် သူတို့လက်တွေကို ဖယ်ချရုန်းကန်ပြီး ထပြေးသွားလေသည်။

ဦးဘုန်းမြတ်နဲ့ စိမ်းလဲ့လိုက်သွားလေတော့ လရိပ်က လော့စ်ချကာ အခန်းတံခါးကို ပိတ်ထားလေ၏။

"သမီးကြီး လရိပ်"

"လရိပ်"

"ဒုန်း ဒုန်း"

"လရိပ်"

"ဒုန်း ဒုန်း"

ဦးဘုန်းမြတ် တံခါးကို တဒုန်းဒုန်းထုနေတဲ့ သမီးငယ်၏ လက်ကို ဖမ်းဆုပ်ထားလိုက်၏။ ပြီး သူ့ကို မော့ကြည့်လာတဲ့ သမီးငယ် ကို ခေါင်းခါပြလိုက်သည်။

"နေပါစေတော့ သမီးငယ်"

"ဖေဖေရယ်"





သားအဖနှစ်ယောက် မျက်ရည်ကိုယ်စီနှင့် လရိပ်အခန်းရှေ့ကနေ ထွက်ခဲ့ကြတော့၏။ လရိပ် အမှန်တရားကို မြင်တတ်ဖို့ အတော်ကို သူတို့ကြိုးစားရဦးမည်။

✹ ✹ ✹



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"ဘယ်လို သား"

ပြောတဲ့စကားကို မကြားလို့မဟုတ်ဘဲ မယုံနိုင်လို့ ပြန်မေးလိုက်ခြင်းပါ။ ဒေါ်မေရီက အကြောင်းစုံသိထားသူမဟုတ်လေတော့ မေးပြောလိုက်တဲ့စကားက သူ့အတွက်မင်္ဂလာအရှိဆုံးပါပဲ။ အကြောင်းမစုံတစုံသိထားတဲ့ ဦးနန္ဒကျော်နဲ့ ဒေါ်ကေသရီကတော့ သားကို ရူးများသွားပြီလားလို့ ထင်လိုက်ချင်ကြ၏။

"သားက ကိုဘုန်းမြတ်ရဲ့သမီးနဲ့ လက်ထပ်မယ် ဟုတ်လားသား" .

"ဟုတ်တယ် မေမေ၊ အဲဒါကြောင့် မေမေတို့စီစဉ်စရာ





ရှိတာကို စီစဉ်ပေးဖို့ သားတောင်းဆိုတာပါ"

"သားရယ်"

"သား ... မင်း စိတ်တွေ ပုံမှန်ရော ဟုတ်ရဲ့လားကွာ"

ဦးနန္ဒကျော်က အတော်ပင် မျက်နှာပျက်သွားလေ၏။ ရှိန်းက ပြုံးလိုက်ကာ –

"သားမရူးပါဘူး ဖေဖေ။ ကောင်းလွန်းလို့ ဒီစကားကို ပြောတာပါ"

"အေးဟယ် ... နင်တို့ပြောနေပုံက ငါမြေးကပဲ ရူးနေသလို၊ ဘုန်းမြတ်သမီးနဲ့လက်ထပ်ပါ့မယ်ဆိုတာကို နင်တို့က ဘာဖြစ်တာလဲ။ ငါကတော့ ဘုန်းမြတ်သမီးနဲ့ပဲ သဘောတူတယ်"

"အမေရယ် ... ဒီကိစ္စ အမေ ဘာမှမသိဘဲနဲ့ ဝင်မပြောပါနဲ့"

"ဘာပြောတယ် နန္ဒကျော်"

"ဒီ ဒီလိုပါ ... အမေ"

ဒေါ်ကေသရီ ပျာပျာသလဲ ဝင်ပြောလိုက်ရ၏။ ဦးနန္ဒကျော်က သားကို မဖြစ်စေလိုသောဇောနှင့် ပြောလိုက်တာကို ဒေါ်မေရီက တစ်မျိုးမြင်ပြီး ဒေါသဖြစ်မှာစိုးလို့ ဒေါ်ကေသရီ ကြားဝင်လိုက်ခြင်းပါ။

"ကိုဘုန်းမြတ်ရဲ့သမီးအကြောင်းကို အမေ မသိသေးလို့ ဝင်မပြောနဲ့လို့ ကိုက ပြောတာပါ အမေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းမြတ်သမီးက ဘာဖြစ်နေလို့လဲ"

"အဲဒီကလေးမလေးက အခု ဆေးတွေ ဘာတွေ သုံးနေတဲ့ အဆင့်ရောက်နေပြီ အမေရဲ့"

"ဟဲ့ . . . ကျန်းမရေးမကောင်းလို့ ဆေးသုံးတာ ဘာဖြစ်လဲ။ ဘာလဲ နင်တို့ပြောတာက ကောင်မလေးက အနေအထိုင်မတတ်လို့ ဟိုတားဆေး ဒီတားဆေးသုံးတာကို ပြောတာလား"

"မဟုတ်ဘူး အမေ"

"ဒါဆို ဘာတုံး"

"မူးယစ်ဆေးသုံးတာကိုပြောတာ အမေရဲ့။ ဘိန်းဖြူပါတဲ့ ဆေးလိပ်သောက်တာကိုပြောတာ"

"ဟေ . . . ဟုတ်လား"

သေသေချာချာ နားလည်အောင် ရှင်းပြမှပဲ ဒေါ်မေရီ အသံ တိတ်သွားလေတော့၏။ ဦးနန္ဒကျော်နှင့် ဒေါ်ကေသရီက သားကို နားမလည်နိုင်စွာ ကြည့်နေကြသည်။ အစက တစ်ညီတည်းညီလာခဲ့ ကြတဲ့ မျက်ဝန်းညို။ အခု မညီနိုင်ဘဲ ပြာသွားကြတာ စာရိတ္တကြောင့် ပါပဲ။ ဆင်းရဲလွန်းလို့ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ သားက ခေါ်လာ ခဲ့တယ်ဆိုရင်တောင် ဟိုတုန်းကလို ရိုးသားဖြူစင်သူလေးဆိုရင် သူတို့ သားနဲ့ လက်ထပ်ပေးမှာပါ။





အခုက ဘယ်လိုလူ လူမျိုးမှ မခံနိုင်သည့် စရိုက်ဆိုးတွေနှင့် မိန်းကလေးကို သူတို့ ဘယ်လိုချွေးမအဖြစ် လက်ခံနိုင်ပါ့မလဲ။ ဆင်းရဲ တာက ရွှေပင်နားတော့ ရွှေကျေးဖြစ်သွားလိမ့်မည်။ ဘယ်ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာပဲဖြစ်ဖြစ် ဝင်ဆံ့၏။ လရိပ်ချိုလို စရိုက်ဆိုးတာကျ တော့ ပတ်ဝန်းကျင်ကို ဘယ်လိုမျက်နှာပြရမလဲ။

"သား"

"ဗျာ"

"စဉ်းစားပါဦးလား သားရယ်"

"သား စဉ်းစားပြီးမှ ဆုံးဖြတ်တာပါ ဖေဖေ"

"အို ဘာပဲဖြစ်ဖြစ် . . . ဒီလိုမိန်းကလေးမျိုးနဲ့တော့ မေမေ လုံးဝသဘောမတူနိုင်ဘူး သား"

ဒေါ်ကေသရီ ခါးခါးသီးသီးငြင်းလေ၏။

"သား မေမေ့ရှေ့ကို မေမေသဘောကျလောက်တဲ့ ချွေးမ ကောင်းတစ်ယောက်အဖြစ်နဲ့ ခေါ်လာနိုင်အောင်ကြိုးစားမှာပါမေမေ။ သား ကိုယ့်ကိုယ်ကိုယ် ယုံကြည်တယ်။ ပြီးတော့ သားမှာ ဂုဏ်ဖဲတစ် ချပ် ရှိတယ်"

"ဘာဂုဏ်ဖဲလဲ၊ မင်း ဘာမှ ဆင်ခြင်ဆင်လက်တွေ ထုပြမနေ နဲ့သား။ အိမ်ထောင်ရေးဆိုတာ တည်ဆောက်ပြီးရင် စာတစ်ကြောင်းလို



www.burmeseclassic.com

www.burmeseclassic.com



Correction နဲ့ ဖျက်လို့မရဘူး။ အဲဒါကို မင်း နားလည်လား''

''သား နားလည်ပါတယ် မေမေ''

''နားလည်ရဲ့သားနဲ့ မင်း ဘာလို့တိုးမိုက်နေရတာလဲ''

''သားမိုက်တယ်, မမိုက်ဘူးဆိုတာ အချိန်က အဆုံးအဖြတ်ပေးပါလိမ့်မယ် ဖေဖေ''

''ကျွတ်''

ဦးနန္ဒကျော် သက်ပြင်းချလိုက်မိ၏။ ဘာမဆို အမြဲတမ်းစဉ်းစားချင့်ချိန်ပြီးမှ ဆုံးဖြတ်တတ်တဲ့သား။ ဒီတစ်ခါတော့ သူကပဲအတွေးချော်တာလား၊ သူတို့ကပဲ အတွေးတိမ်နေတာလား မပြောတတ်တော့။ အကျင့်ဆိုးတစ်ခုပျောက်အောင် လုပ်ဖို့ဆိုတာ လွယ်သလား။ ခြံခုန်စရိုက်ဆိုးကတဲ့နွားက ခုန်နေမှာပဲလေ။

''သားရယ် ... မေမေတို့ ရင်ကျိုးအောင် မလုပ်ပါနဲ့နော်သား''

''ခက်လိုက်တာ မေမေရယ်''

လျှို့ဝှက်ချက်ကို ဒီလိုဒီအကြောင်းရှိပါတယ်လို့လည်း ရှိန်းရှင်းမပြချင်။

''မြေးက သူ့ကိုယ်သူ ယုံကြည်မှုရှိလို့ ပြောနေတာပဲဟယ်။ မြေးဆန္ဒကို လိုက်လျောပေးလိုက်။ ကောင်မလေးက ထိန်းမရလို့





ဆေးလွန်ပြီးသေသွားတော့လည်း သူ့ရမယ့်အမွေတွေ ငါ့မြေးရတာပေါ့''

''အမေ''

အဘွားစကားကြောင့် ရှိန်း ရယ်လိုက်မိ၏။ ဒေါ်ကေသရီကတော့ ရင်ဘတ်သာဖိလေတော့သည်။ လူကြီးဆိုတော့ သူထင်ရာလျှောက်ပြောတာ လွယ်တာပေါ့။ တကယ်တမ်းလက်တွေ့မှာ ရင်ဆိုင်ရမယ့် ဆိုးကျိုးတွေကို အမေမှမသိဘဲ။ ဒေါ်ကေသရီ ဘာမှမပြောခင်ဦးနန္ဒကျော်ကပဲ –

''အမေရယ် ... သူ့ဆီကမရခင် ချက်ချင်းမသေဘဲ ကိုယ့်စည်းစိမ်ကို အပြုတ်ဖြုတ်သွားရင် ဒုက္ခဆိုတာလည်း ထည့်တွက်ပါဦး''

''ဟေ ကောင်မလေးက အဲဒီလောက်တောင် ဆိုးသလား''

အဘွားကိုကြည့်ပြီး ရှိန်း တစ်ဖက်သို့လှည့်ရယ်နေဆဲ။ ဆင်းရဲတဲ့ဘဝကလာခဲ့တော့ စည်းစိမ်ချမ်းသာကို မက်မောလွန်းသည့်အဘွား။ သူဖြစ်ချင်တာကိုပဲပြောတော့ ရယ်စရာဖြစ်နေသည်။ ဖြစ်သင့်တာတွေ မဖြစ်သင့်တာတွေကို မစဉ်းစားဘဲ ပြောလိုက်တော့ မိတနှစ်ပါးမှာ သားအတွက် ရင်ပူရတာကတစ်ဖက်၊ မိခင်ကို စိတ်ရှုပ်ချင်တော့တာက တစ်ဖက်။

''ဆိုးတာပေါ့ အမေ၊ အဲဒီပစ္စည်းပစ္စယတွေကို မက်မော



www.burmeseclassic.com

www.burmeseclassic.com



နေရအောင် သားက ဆင်းရဲနေလို့လား"

"ငါက မသိလို့ ပြောမိတာပါဟယ်။ တကတည်း"

ပြောပြီး ဒေါ်မေရီ ထသွားလေတော့၏။

"မေမေ"

"ပြော"

"သားအတွက် မေမေ စိတ်အေးအေးထားပြီး ဒီကိစ္စကို ဖြစ်အောင် စီစဉ်ပေးပါနော်"

"ဘာ . . . မေမေက စိတ်အေးအေးထားရမယ် ဟုတ်လား သား"

ရှိန်း ခေါင်းညိတ်လိုက်ပြီး –

"လောလောဆယ် စေ့စပ်ထားရုံပါ မေမေ၊ စေ့စပ်ထားတာ လက်ထပ်တာမှ မဟုတ်ဘဲ။ ရှေ့တိုးခွင့် နောက်ဆုတ်ခွင့်ရှိတယ်လေ။ စေ့စပ်ပြီးမှ ဖေဖေ သဘောကျလောက်တဲ့ ချွေးမမျိုး ဖြစ်မလာဘူး ဆိုရင် သား နောက်ဆုတ်ဖို့ ကတိပေးပါတယ်"

လင်မယားနှစ်ယောက် အကြည့်ချင်း ဆုံသွားကြ၏။ ဒီ ကလေး ဘာတွေတွေးပြီး ဘာစိတ်ကူးနဲ့ ဒီလိုတောင်းဆိုနေပါလိမ့်။

✵ ✵ ✵



## အခန်း (၁၉)

လရိပ်။ အပြင်ကိုထွက်ဖို့ ဘယ်လိုမှ အခွင့်အရေးက ချောင်းလို့မရပေ။ ဖေဖေကိုယ်တိုင်က ကုမ္ပဏီကိုမသွားတော့ဘဲ လရိပ်ကို မျက်လုံးဒေါက်ထောက်ကြည့်နေသည်။ လရိပ် ဘာလုပ်ရမလဲ။ ဘယ်လိုမှ နေလို့မရအောင် စိတ်က အပြင်ကိုပဲ သွားချင်နေသည်။ သုံးနေ့ကျ ဆေးကိုပဲ တမ်းတနေမိ၏။ ပါးတွေကယားသလို နားတွေကယားသလို နှင့် ဝိုချင်လာသည်။

"ဒေါက် ဒေါက်"

"လရိပ်"

"ဒေါက် ဒေါက်"



www.burmeseclassic.com

www.burmeseclassic.com



"လရိပ်"

"ဟာ"

စိမ်းလဲ့အသံမို့ တံခါးဆီကိုပြေးကပ်သွားလိုက်သည်။

"လရိပ် . . . တံခါးခဏလောက်ဖွင့်ပါဦး"

"____"

"လရိပ်"

"နင် ဘာလာလုပ်တာလဲ။ မလာနဲ့ သွား"

"လရိပ်ကို ထမင်းစားဖို့ လာခေါ်တာပါ။ ဖေဖေက ထမင်းစားမယ်တဲ့"

"မစားဘူး . . . မစားဘူး။ နင်တို့ ဘယ်သူမှ မလာကြနဲ့ သွား သွား"

"မဟုတ်တာ လရိပ်ရယ်၊ ထမင်းမစားဘဲနေရင် နင် ကျန်းမာရေး ထိခိုက်မှာပေါ့"

"မစားဘူး သေလည်း အေးတာပဲ"

"လရိပ်"

"သွားလို့ ငါပြောနေတယ်နော်။ ထွက်သွား . . . ဘယ်သူမှ မလာကြနဲ့။ ငါ့ကိုထပ်ပြီး အနှောင့်အယှက်ပေးရင် ငါ့ကိုယ်ငါ သတ်သေလိုက်မှာ"





"အို"

စိမ်းလဲ့ ဘုရား တမိလိုက်၏။ တကယ်လုပ်ရင်ဒုက္ခလို့ တွေးပြီး ရင်ဘတ်က မီးဟပ်ခံလိုက်ရသလိုပါ။ ဒီကိစ္စကို ဖေဖေသိအောင်ပြောပြမှ ဖြစ်မှာပါလေ။ တင်းလွန်းရင်ပြတ်တဲ့၊ အခန်းထဲထည့်ပြီး သော့ခတ်ထားတဲ့ကိစ္စကြီးကို တစ်ပတ်လောက်တော့ လျှော့နိုင်းမှ။

မဟုတ်ရင် လရိပ်ကလည်း အထဲကနေ တံခါးကို ဂျက်ချထားတာလေ။ ဒီလိုလူမျိုးတွေက စိတ်ထင်ရာလျှောက်လုပ်တတ်ကြသည်။ ပြောသလို သူ့ကိုယ်သူ သေကြောင်းမကြံဘူးလို့ ပြောလို့ရမလား။ စိမ်းလဲ့ အခန်းဝမှာရပ်ပြီး မျက်ရည်တွေကျနေမိသည်။ သူဆက်ပြောနေလည်း လရိပ်က လုံးဝ တံခါးဖွင့်မပေးမှာ ကျိန်းသေနေ၏။

"လရိပ်"

"____"

"ငါ တံခါးကို သော့မခတ်ခဲ့တော့ဘူးနော်။ နင် ဗိုက်ဆာရင် ထွက်လာခဲ့ပါ။ ဒီနေ့ နင်ကြိုက်တဲ့ဟင်းတွေချည်းပဲ ချက်ထားတာဟ"

"နင့်ကို သွားတော့လို့ ပြောနေတယ်လေ၊ သွား နောက်ထပ်လည်းမလာနဲ့"

"အေး . . . အေးပါဟာ၊ ဒါဆို ငါသွားပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



စိမ်းလဲ့ လေးတွဲသော ခြေလှမ်းတို့နှင့် အပေါ်ထပ်မှဆင်းလာခဲ့တော့သည်။ လရိပ် ဒီလိုဖြစ်နေတာကို ကိုကိုမသိဘူးလား။ သိရင် လရိပ်ကို လက်ခံနိုင်ပါဦးမလားလို့လည်း စိတ်ပူမိသည်။ စိမ်းလဲ့က လရိပ်ဘဝ ပျော်ရွှင်လှပနေတာကိုပဲ မြင်ချင်သူပါ။ ဒါကြောင့်ပဲ ကိုကို့ရဲ့ ပတ်သက်မှုတွေကို လုံးဝမပြောဘဲ ရေငုံနှုတ်ပိတ်နေခဲ့တာပေါ့။ လရိပ် ဘဝလေး ပြောင်းလဲသွားမည်ဆိုလျှင် စိမ်းလဲ့ ဘာပဲလုပ်ပေးရပေမယ့် လုပ်ပေးနိုင်သည်။

လရိပ်ဘဝကို ကိုကိုများ ပြုပြင်ပြောင်းလဲပေးနိုင်မလား။ ကိုကို့ကို အသိပေးလိုက်ရင် အို မဖြစ်ဘူး မဖြစ်ပါဘူး။ ဒီလိုဖြစ်နေတာကို ကိုကိုသိသွားလို့ လရိပ်ကို အဆက်ဖြတ်လိုက်ရင် ပိုဆိုးသွားနိုင်သည်။ ဖေဖေကတော့ လရိပ်ကို ချော့ပြီး ဆေးရုံခေါ်သွားဖို့ စီစဉ်နေလေရဲ့။ ဘုရားသိကြားမလို့ လရိပ် အမြင်မှန်ရပြီး ပြုပြင်ပြောင်းလဲနိုင်ပါစေ။

ဟူး . . . နင့်အတွက် ရင်မောရပါလား လရိပ်ရယ်။

"ဟိတ်"

"အမေ့"

ရုတ်တရက်ခေါ်လိုက်သံကြောင့် အတွေးလွန်လာတဲ့ စိမ်းလဲ့ လန့်သွားလေသည်။





"ဒီလောက်အသံကိုများ လန့်ရသလား"

"ဟင်"

သူ့ကိုမြင်လိုက်တာနှင့် ကိုကိုလို့ ခေါ်မိတော့မည့်ပါးစပ်ကို မနည်း ဘရိတ်အုပ်လိုက်ရ၏။ ပြီး မျက်နှာကို တင်းလိုက်သည်။

"ရှင် ဒီကို ဘာလာလုပ်တာလဲ"

"လရိပ်ဆီကိုလာတာ သူ ရှိလား"

"ရှိ . . . အဲ မရှိဘူး"

"ကိုယ် ဘယ်စကားကို အမှန်ယူရမှာလဲ"

"မရှိဘူးလို့ ပြောနေတာလေ"

"သူ မရှိလည်း ရပါတယ်။ မင်းရှိနေရင် အဆင်ပြေသားပဲ"

"ဘာရှင့်"

"ကိုယ်ပြောတာ ဘာမှားလို့လဲ။ အိမ်ရှင်တစ်ယောက်မဟုတ် တစ်ယောက်ရှိနေရင် အဆင်ပြေတယ်လို့ ပြောတာ"

စိမ်းလဲ့ မျက်စောင်းထိုးလိုက်မိ၏။ သူက မချိုမချဉ်ပြုံးလျက် ဝင်ထိုင်လေသည်။

"ဖေဖေရှိတယ် ခဏစောင့်"

တိုပြတ်ပြတ်ပြောပြီးထွက်သွားတဲ့ ကောင်မလေးရဲ့ကျောပြင်ကို ရှိန်း လိုက်ငေးနေမိ၏။ စိမ်းလဲ့နဲ့တွေ့တိုင်း သူ့အပြုအမူတွေက



www.burmeseclassic.com

www.burmeseclassic.com



ကလေးသန့်နေသည်လားတော့ မပြောတတ်ပေ။ လုရိပ်နဲ့တွေ့ခဲ့ပေမယ့် သူ စတာ,နောက်တာ မလုပ်ခဲ့ဖူးပါဘူး။ စိမ်းလဲ့နဲ့ကျတော့ စိတ်က အလိုလို စ,ချင်နေမိ၏။

အဲဒါဘာလဲဆိုရင် ရင်ဘတ်ထဲကို ဘယ်အချိန်က ကြွလာမှန်း မသိသော အချစ်တွေကြောင့်ဖြစ်၏။

"မောင်နန္ဒရှိန်း"

"ဗျာ ... ဩော် အန်ကယ်"

ရှိန်း မတ်တတ်ရပ်လိုက်လေလျှင် –

"ထိုင်ပါ ... ထိုင်ပါ"

"ဟုတ်ကဲ့"

ဦးဘုန်းမြတ် အပ္ပရုပ်ကို ဟန်လုပ်၍ အပြုံးမြမြနှင့်သာ။ ရှိန်းက တစ်ခါတစ်ခါ ဖခင်နှင့် အလုပ်ကိစ္စတွေ ဝိုင်းကူလုပ်ပေးသဖြင့် ဦးဘုန်းမြတ်တို့နှင့် တွေ့ကာ သိနေတာဖြစ်၏။ ပန်းချီဆွဲတာက သူ့ရဲ့ ဝါသနာ။

"ဘယ်ကလှည့်လာတာလဲ မောင်နန္ဒရှိန်း"

"ဒီကိုပဲ တမင်လာခဲ့တာပါ အန်ကယ်"

"ကိစ္စရှိလို့လားကွဲ့"

"ကျွန်တော် ပွင့်ပွင့်လင်းလင်းပြောရရင် အန်ကယ့်သမီးနဲ့





တွေ့ဖို့ လာခဲ့တာပါ"

"ဟေ"

ဦးဘုန်းမြတ် မျက်နှာမပျက်အောင် မနည်းထိန်းလိုက်ရ၏။

"အန်ကယ့်မှာက သမီးနှစ်ယောက်ရှိတာလေ"

"ဟုတ်ကဲ့ ... ကျွန်တော် သိပါတယ်"

"မောင်နန္ဒရှိန်းက ဘယ်သူနဲ့တွေ့ချင်တာလဲ မသိဘူး"

"ကျွန်တော် နှစ်ယောက်စလုံးနဲ့သိပါတယ် အန်ကယ်။ အဆင်ပြေမယ့်လူနဲ့ပဲ တွေ့ပေးလို့ရပါတယ် အန်ကယ်"

ဦးဘုန်းမြတ် တွေခနဲဖြစ်သွားလေ၏။ ခုခေတ်လူငယ်တွေများ လျှင်လိုက်တာ။ သမီးနှစ်ယောက်နဲ့ ဒီကောင်လေး ဘယ်လို ဘယ်အချိန်တွေ တွေ့သွားပါလိမ့်။ ကိုယ့်ဘက်ကစပြီး သားသမီးရေး ဆွေးနွေးတီးခေါက်ထားတာရှိသည်။ အဲဒီအတွက် သူ့အဖေက လှေ့လာခွင့်ပေးထားတာပဲ ဖြစ်မှာပေ့။ သူ ရည်ရွယ်ထားတာက သမီးကြီးနဲ့။

ခုအချိန်မှာ သမီးကြီးနဲ့က တွေ့ပေးလို့မဖြစ်သေးပေ။ ဒီကောင်လေးက အမြင်စူးရှတယ်လေ။ ပြီးတော့ သမီးကြီးကို မမြင်ဖူးသေးပေမယ့် သမီးကြီးကိစ္စနဲ့ပတ်သက်ပြီး ကိုနန္ဒကျော်က သတိပေးဖူးသည်။ သူ့သားကိုရော မပြောဘဲနေပ့ါမလား။ အခင်း ပြောခဲ့သည်း



www.burmeseclassic.com

www.burmeseclassic.com



သူတို့သိထားတဲ့ အခြေအနေက ဆိုးဆိုးဝါးဝါးကြီးမှမဟုတ်တာ။

"မောင်နန္ဒရှိန်း"

"ဗျာ"

"အန်ကယ့်သမီးနှစ်ယောက်ထဲက မောင်ရင် ဘယ်သူနဲ့ ပို ရင်းနှီးလဲ"

"လရိပ်နဲ့ ပိုပြီးရင်းနှီးပါတယ် အန်ကယ်။ တွဲသွားတွဲလာတွေ လည်း ရှိခဲ့ဖူးပါတယ်"

"ဒါဆို မောင်နန္ဒရှိန်း သူ့အကြောင်းတွေကို သိမှာပေါ့"

"သိပါတယ် အန်ကယ်"

"ဩော်"

ဦးဘုန်းမြတ် သက်ပြင်းကျိတ်ချပြီး နန္ဒရှိန်းမျက်နှာကို နိုး ကြည့်လိုက်သည်။ နန္ဒရှိန်းကလည်း လူပါးပေမို့ စကားကို လမ်း ကြောင်းဖွင့်ပေးဖို့ စဉ်းစားမိ၏။ ဦးဘုန်းမြတ် အခက်တွေ့နေမှာစိုးလို့ပါ။

"ပျက်အစဉ်ပြင်ခဏ၊ အချိန်မီချုပ် အစုတ်သက်သာဆိုတဲ့ စကား ရှိနေတာပဲ အန်ကယ်ရယ်။ လရိပ်ကို အားလုံးဝိုင်းပြီး ပြုပြင် ပေးရမှာပေါ့"

"အန်ကယ့်အမှားတွေလည်း ပါပါတယ်ကွာ"

"ဒီကိစ္စမှာ ဘယ်သူ့ကိုမှ အပြစ်တင်လို့ မရပါဘူး အန်ကယ်။





ကံကြမ္မာသာ အပြစ်ရှိပြီး ကံကြမ္မာမှားတာလို့ပဲ သတ်မှတ်လိုက်ပါ"

နားလည်မှုရှိတဲ့ လူတစ်ယောက်အနေနဲ့ ဦးဘုန်းမြတ် နန္ဒရှိန်း ကို ပို၍အထင်ကြီးလေးစားသွားရ၏။ တော်ရုံလူ နားလည်ခွင့်လွှတ် မပေးနိုင်သော သမီးကြီးရဲ့အပြစ်ကို သူကတော့ တရားမွှနဲ့ ဖေးမ သွားချင်တာမျိုးလေ။ ဒီလိုကလေးမျိုးကို သားမက်မတော်ချင်တဲ့ သမီး ရှင် ရှိပါ့မလား။

"ခဏနော် မောင်နန္ဒရှိန်း။ အန်ကယ် သမီးတွေကို သွားခေါ် လိုက်ဦးမယ်"

"ဟုတ်ကဲ့"

ရှိန်း စိတ်ရှည်လက်ရှည်နှင့် ထိုင်စောင့်နေလိုက်သည်။ စိမ်းလဲ့ များ ပြန်ထွက်လာလေမလားလို့ ဟိုဟိုဒီဒီ လျှောက်ကြည့်နေပေမယ့် အရိပ်အယောင်ပင် မတွေ့ရတော့ပေ။

"ကိုကို"

"ဟင်"

"ကိုကို တကယ်လာတာပဲ"

"လရိပ်"

လရိပ်က ပြုံးရွှင်သောမျက်နှာနှင့် နန္ဒရှိန်းဘေးမှာ ဝင်ထိုင် လေတော့ ဦးဘုန်းမြတ် ပြုံးလိုက်သည်။ နန္ဒရှိန်းကိုတွေ့တာနှင့် သမီး



www.burmeseclassic.com

www.burmeseclassic.com



ကြီးရဲ့မျက်နှာက ရွှင်လန်းလို့ပါလား။

"နေကောင်းရဲ့လား လရိပ်"

"ဟုတ်ကဲ့ . . . ကောင်းပါတယ် ကိုကို"

"မျက်နှာက ချောင်ကျသွားသလိုပဲ"

"အဟွန်း"

အဖြေက ရယ်လိုက်ခြင်းသာ။

"သမီးကြီးနဲ့ မောင်နန္ဒရှိန်း ဒီလောက်ရင်းနှီးကြမှန်း ဖေဖေ ခုမှပဲ သိရတော့တယ်"

"ကိုကိုနဲ့သမီးက ပုပ္ပါးမှာကတည်းက ခင်ခဲ့ကြတာ ဖေဖေရဲ့"

"ဟုတ်လား"

"ဟုတ်"

ဒီအချိန်မှာတောင် ညာနိုင်သေးတဲ့ပါးစပ်။ လျှာဖြတ်ပစ်မယ်လို့ ကလေးတွေကို ခြိမ်းခြောက်သလို ကြိမ်းဝါးလိုက်ချင်၏။

"ကိုကို လရိပ်ဆီကို လာတာလားဟင်"

"ဆိုပါတော့"

"ဟင် . . . ကိုကို့စကားကြီးကလဲ"

"ဒါနဲ့ လရိပ်လက်စွပ် ပြန်ရွေးဖြစ်လား"

"ဒီမှာလေ"





"ကောင်းပါတယ်"

လရိပ်က လက်ကိုထောင်ပြလေသဖြင့် ရှိန်း အလိုက်သင့် ခေါင်းညိတ်လိုက်၏။ မရွေးဖြစ်လဲ ကိုယ်က ပူစရာမှမလိုတာ။ ကိုယ့်လက်စွပ်အစစ်နဲ့ ရင်ထဲက မျက်ဝန်းညိုအစစ်ကိုသာ အလိုရှိတာလေ။ မင်း ဘာလို့ ကိုကို့ကို ရှောင်နေရတာလဲ မျက်ဝန်းညို။ မင်း ဘယ်လောက်ပဲ ရှောင်ရှောင် ကိုယ့်လက်က မလွတ်ပါဘူးကွာ။

ကိုယ်ပေးခဲ့တဲ့ လက်စွပ်ကလေးကို အမြတ်တနိုး ဝတ်လာခဲ့ပြီးမှ မသိချင်ယောင်ဆောင်နေတဲ့သူကို သိအောင်တော့ ဖော်ထုတ်ရမှာပဲ။ သိသိနဲ့ ငြိမ်နေရတဲ့လူက အောင့်သက်သက်ကြီးလေ။ နှလုံးသားဆိုတာ လှည့်စားလို့ရတဲ့အရာမှ မဟုတ်ဘဲ။

"ဒါနဲ့ စိမ်းလဲ့စို ဘယ်ရောက်သွားတာလဲ။ စောစောက ခဏပဲ တွေ့လိုက်ရပြီး ပျောက်သွားတယ်နော်"

"ဟင်"

"ဩော် . . . သမီးငယ်က စားပိုမှူးလေ မောင်နန္ဒရှိန်းရဲ့။ မီးဖိုချောင်ထဲမှာပဲ ဖြစ်မှာပေါ့"

"ဩော်"

လရိပ် ကွက်ခနဲ မျက်နှာပျက်သွားပြီး –

"ကိုကိုက စိမ်းလဲ့နဲ့ ဘယ်အချိန် သိသွားတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်မကြာသေးပါဘူး"

"ဘယ်မှာတွေ့ခဲ့ကြတာလဲ ကိုကို"

"လမ်းမှာလေ၊ ကိုကိုက လရိပ်နဲ့မှားတာကစပြီး သိခဲ့ကြတာပါ"

လရိပ်မျက်နှာ တင်းခနဲဖြစ်သွားလေ၏။ ဒီကိစ္စကို စိမ်းလဲ့ ဘာကြောင့် ဖုံးကွယ်ထားတာလဲ။ ဒါ မရိုးသားခြင်းပဲပေါ့။ နင်နဲ့ငါ တွေ့ကြသေးတာပေါ့ စိမ်းလဲ့ရယ်။

"ကဲ ... ကိုကိုပြန်ဦးမယ် လရိပ်"

"-----"

"အန်ကယ် ကျွန်တော့်ကို ခွင့်ပြုပါဦးနော်"

ရှိန်း ပြန်သွားပြီးတဲ့နောက်မှာ နံရံကွယ်ကနေ မျက်ရည်ဝဲနေရသူက စိမ်းလဲ့ပါ။ မတတ်သာလို့ ခပ်ခွာခွာနေရတာပါ ကိုကိုရယ်။

❋ ❋ ❋



## အခန်း (၂၀)

"ဖြန်း"

"အား"

"ဟင်"

ဘာမပြော ညာမပြောနှင့် လရိပ်က စိမ်းလဲ့ပါးပြင်ကို ရိုက်ချလိုက်လေလျှင် နှင်းနှင်း အံ့အားသင့်စွာ လက်ထဲမှာကိုင်ထားသည့် ဒန်အိုးဖုံးကို လွှတ်ချလိုက်မိ၏။

"ဂွလန်း"

စိမ်းလဲ့ ပါးပြင်ကို လက်နှင့်အုပ်လိုက်ရင်း လရိပ်ကို နား မလည်စွာ မျက်လုံးဝိုင်းလေးများနှင့် ကြည့်နေ၏။ လရိပ်ကတော့



www.burmeseclassic.com

www.burmeseclassic.com



စိမ်းလဲ့ကို စားတော့ ဝါးတော့မတတ် စူးရဲသည့်မျက်လုံးများနှင့် ကြည့်၍

"အဲဒါမှတ်ထား၊ ငါ့အပေါ် ကလိမ်ကကျစ်ကျတဲ့အတွက် နင်နဲ့ထိုက်တန်တဲ့ ဆုလာဘ်ပဲ"

"လရိပ်"

"မခေါ်နဲ့၊ နင် ငါ့နာမည်ကို ခေါ်စရာမလိုဘူး"

စိမ်းကားသောမျက်ဝန်းတွေနှင့် အစိမ်းရောင်စကားလုံး များကြောင့် စိမ်းလဲ့ရင်ထဲမှာ ရှုံ့ခနဲ ကျင်ခနဲ ဖြစ်သွားသည်။ ပါးရိုက်ခံရတာ မနာနိုင်။ ရင်ထဲမှာ နာကျင်ခြင်းတို့က စူးစူးရှရှ။

"ငါ ငါ ... ဘာအမှားလုပ်မလို့လဲ လရိပ်ရယ်"

"ဘာအမှားလုပ်မိလို့လဲ ဟုတ်လား"

"အား"

လရိပ် စိမ်းလဲ့ပခုံးကို တအားဖျစ်ညှစ်ဆုပ်ကိုင်၍ နံရံမှာ ကျောကပ်သွားအောင် ဆွဲတွန်းထားလေ၏။

"နင် ကိုကိုနဲ့တွေ့ခဲ့တဲ့ကိစ္စ ငါ့ကို ဘာလို့မပြောတာလဲ"

"အဲ ... အဲဒါလေ"

"ငါ့ကို နင်လိမ်တယ်"

"မဟုတ်ဘူး လရိပ်"

"ဘာမဟုတ်တာလဲ၊ ဘာမဟုတ်တာလဲ။ ငါ မသိအောင်





ဖုံးကွယ်ထားတယ်ဆိုကတည်းက နင် ကိုကို့ကို လုယူချင်လို့ မဟုတ်လား။ ကြောင်သူတော် ကြွက်သူခိုးမ"

"မဟုတ်ဘူးနော်၊ ငါရှင်းပြပါရစေ လရိပ်ရယ်"

"မရှင်းနဲ့"

လရိပ် စူးစူးဝါးဝါး အော်လေတော့ စိမ်းလဲ့ကိုယ်လေး တုန်သွားသည်။ မာကြောခက်ထန်နေတဲ့လရိပ်ကိုကြည့်ပြီး နင်းနင်း ကြက်သီးများပင် ထလာ၏။ မမလဲ့ကို တစ်ခုခုလုပ်ရင် ဒုက္ခလို့တွေးမိပြီး လှစ်ခနဲ ပြေးထွက်သွားလေသည်။ ဦးဘုန်းမြတ်ကို သွားခေါ်တာပါ။ ဘီလူးသရဲစီးသလို ဖြစ်နေတဲ့လရိပ်ကို ဦးဘုန်းမြတ်ကလွဲလျှင် ဘယ်သူက ဘာပြောရမှာလဲ။

"နင် ငါ့ကို မှန်မှန်ပြောစမ်း စိမ်းလဲ့။ နင် ကိုကို့ကို ကျိတ်ကြိုက်နေတာ မဟုတ်လား"

"ဟင့်အင်း"

"ငါ့ကို မညာနဲ့နော်"

"မညာပါဘူး လရိပ်ရယ်"

"တောက်"

"ငါက နင့်အတွက်ဆို ဘာတွေပဲပေးဆပ်ရ ပေးဆပ်ရ နင့်ကို ပေးဆပ်ခြင်းနဲ့ ချစ်နေမယ့်သူပါဟာ။ ငါပြောတာကို နင်ယုံပါ



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . ငါဆိုတဲ့မိန်းမက ဘယ်အရာမဆို နိုင်ရမှ ကျေနပ်တာ။ ငါ ရှုံးရပြီဆိုရင် မစားရတဲ့အမဲ သဲနဲ့ပက်ရုံမကဘူး။ ရေဆေးပြီးတောင် စားလို့မရအောင် မစင်တွင်းထဲ ပစ်ချပစ်မယ် နားလည်လား"

"သမီးကြီး"

ဦးဘုန်းမြတ်၏အသံကြောင့် လရိပ် လှည့်ကြည့်လေသည်။ စိမ်းလဲ့က ဖခင်ကို ခေါင်းခါပြလိုက်၏။ လရိပ်ကို မဆူဖို့လေ။ ဆူလိုက်ရင် ပိုဆိုးသွားမှာစိုးလို့ပါ။ ဒီအချိန်မှာ သူ့ကို အတတ်နိုင်ဆုံးချော့မှ သူ့ဆန္ဒကို တတ်နိုင်သလောက် ဖြည့်ဆည်းပေးလျှင် အာရုံပြောင်းပြီး အပြင်ထွက်ချင်စိတ်ပျောက်လိုပျောက်ငြားပေါ့။

လရိပ် ကိုကို့ကို တကယ်ချစ် မချစ် မသေချာပေမယ့် အနိုင်ယူလိုချင်စိတ်ရှိနေမှာတော့ အသေအချာပါ။ စိမ်းလဲ့အပေါ် နိုင်ချင်တဲ့ လရိပ်ကို စိမ်းလဲ့က အမြဲတမ်း အနိုင်ပေးဖို့ ဆုံးဖြတ်ပြီးသားပါ။

"ကိုယ့်ညီမလေးကို ဘာလို့ရိုက်ရတာလဲ သမီးကြီးရယ်"

"ရိုက်သင့်လို့ ရိုက်တာဖေဖေ။ ဒီကောင်မ လူပါးဝလွန်းလို့ ရိုက်တာ"

"ဟုတ်ပါတယ် ဖေဖေ. သမီးမှာ အပြစ်ရှိလို့ လရိပ်က ရိုက်တာပါ။ လရိပ်ကိုမဆူပါနဲ့နော်။ သမီးမှာ အပြစ်ရှိတာ ဖေဖေဆူချင်ရင် သမီးကိုပဲ ဆူပါ"





"သမီးငယ်ရယ်"

ဦးဘုန်းမြတ် တမလွန်က သမီးတွေရဲ့အမေကိုသာ ဆွဲထုတ်ပြလို့ရလျှင် ငါ့ရဲ့ထိန်းသိမ်းအုပ်ချုပ်မှုတွေ ညံ့ဖျင်းလို့ သမီးနှစ်ယောက်အဖြစ်ကို ကြည့်ပါဦးလို့ တပြီး ငိုလိုက်ချင်ရဲ့။

သမီးတွေအတွက် သူ စည်းစိမ်ဥစ္စာတွေ အမွေပေးဖို့ ကျိုးကုန်း ရှာခဲ့သမျှ အခု ပလိုင်းပေါက်နဲ့ ဖားကောက်သလို ဖြစ်နေပါပြီ။ ပြန်ထွက်ကျတဲ့ဖားက စည်းစိမ်ဥစ္စာတွေမဟုတ်ဘဲ ကိုယ့်သမီးရဲ့ဘဝ။

"လရိပ်"

"ဘာလဲ"

"လရိပ် အခန်းထဲမှာ အေးအေးဆေးဆေး သွားနားတော့နော်။ ဖေဖေကလေ လရိပ်နဲ့ ဦးနန္ဒရှိန်းကို စေ့စပ်ပေးဖို့ စီစဉ်နေတာ လရိပ်ရဲ့"

"ဘာ"

"တော်ကြာ လရိပ်မျက်နှာတွေ ချောင်ကျနေလို့ စေ့စပ်ပွဲမှာ မလှဖြစ်နေဦးမယ်။ သွားနားတော့နော်။ ပြီးရင် စိမ်းလဲ့ လရိပ်စားဖို့ ထမင်းတွေ ဟင်းတွေ ယူလာခဲ့မယ် သိလား"

"ငါ့ကို ကိုကိုနဲ့စေ့စပ်ပေးမယ်ဟုတ်လား။ နင် နင် တကယ် ပြောတာလား စိမ်းလဲ့"



www.burmeseclassic.com

www.burmeseclassic.com



လရိပ်က မယုံသလိုမေးလေလျှင် –

“တကယ်ပြောတာ လရိပ်ရဲ့။ နင် မယုံရင် ဖေဖေ့ကို မေးကြည့်ပါလား”

လရိပ်မျက်နှာ သူ့ဘက်သို့ လှည့်လာတော့ ဦးဘုန်းမြတ် မျက်နှာလွှဲလိုက်သည်။

“စိမ်းလဲ့ပြောတာ ဟုတ်လား ဖေဖေ”

“ဟုတ်ပါတယ်ဆို လရိပ်ရယ်။ စိမ်းလဲ့က ဒီကိစ္စမျိုးကို ညာပါ့မလား”

“ဝမ်းသာလိုက်တာ”

လရိပ်မျက်နှာ ချက်ချင်းပြုံးသွားပြီး –

“ဒါဆို ...နင် ထမင်းဟင်းတွေ များများယူလာခဲ့နော် စိမ်းလဲ့။ ငါ အားပြန်ပြည့်လာအောင် များများစားမယ်သိလား”

“အေးပါ လရိပ်ရယ်”

လရိပ် ပြုံးပြုံးရွှင်ရွှင်နှင့် ထွက်သွားလေလျှင် –

“သမီးငယ်”

“ရှင် ဖေဖေ”

“ဘာလို့မဟုတ်တာတွေ လျှောက်ပြောတာလဲ သမီးရယ်”

“ဒီအချိန်မှာ လရိပ်တဝက်ို ပြုပြင်ပြောင်းလဲပေးနိုင်မယ့်သူက





ဦးနန္ဒရှိန်းပါပဲ ဖေဖေ”

ဦးဘုန်းမြတ် သမီးငယ်၏စကားကို သိပ်တော့နားမလည်ပေ။ သမီးကြီးနဲ့ နန္ဒရှိန်းက ဘယ်အတိုင်းအတာထိ ပက်သက်နေကြလို့လဲ။ ဒါတွေကို ခဏထားပြီး ပါးရိုက်ခံလိုက်ရတဲ့ သမီးငယ်၏ပါးပြင်ရဲနေတာကြည့်၍ ...

“သမီး အရမ်းနာနေလားဟင်”

ပါးပြင်ကို ဖွဖွကိုင်ပြီးမေးလေတော့ စိမ်းလဲ့က ခေါင်းလေးခါပြလေသည်။

“သမီးငယ်ရယ်”

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

စိမ်းလဲ့။

ကိုဗေဒါကို စိတ်ရှုပ်သွားသည့်ပုံစံလေးနှင့် ကြည့်နေ၏။ ကားကထိုးရပ်သွားတာ ဘာဖြစ်မှန်းမသိ။ စိတ်က အိမ်ကိုအမြန်ရောက်ချင်နေပါပြီ။ လရိပ်ကိုစိတ်မချလို့လေ။ လိုအပ်တာရှိရင် ဖေဖေက လုပ်ပေးဖို့နေရာတကာ မသင့်တော်။

"ကိုဗေဒါ"

"ဟေ"

"ကားက ဘာဖြစ်တာလဲဟင်"

"မသိဘူးလေ စိမ်းလဲ့ရဲ့"





"နည်းနည်းပါးပါး ကြည့်ပါဦး"

"ငါက ကားကို မောင်းရုံပဲမောင်းတတ်တာ စိမ်းလဲ့ရဲ့။ ကားဘီးပေါက်တာဆိုရင်တော့ ငါသိတယ်၊ ကျန်တာပျက်ရင် ငါ မသိဘူးဟ။ ပြင်လည်းမပြင်တတ်ဘူး"

"ကားဘီးပေါက်တာသိတာတော့ ကိုဗေဒါပြောမှလား၊ ကလေးတောင်သိတယ်"

"ငါလည်း ငါသိတာ ငါပြောရတာလေ စိမ်းလဲ့ရဲ့"

"ဟုတ်ပါပြီ ကဲ . . . အခု ဘယ်လိုလုပ်ကြမလဲ ပြော"

ကိုဗေဒါ ခေါင်းကိုကုတ်လိုက်ပြီး –

"ဝပ်ရှော့ကို ဖုန်းဆက်ရုံပဲ ရှိတော့တာပေါ့"

စိမ်းလဲ့ နှုတ်ခမ်းလေးစူ၍ ကိုဗေဒါ့ကို ဖုန်းပေးလိုက်သည်။ စောစောက သုတ်သီးသုတ်ပြာနှင့် ဆင်းသွားလို့ ကိုဗေဒါ ဖုန်းကကျန်ခဲ့တာလေ။ ဖုန်းဈေးတွေကျနေတဲ့အချိန်မှာ ဈေးသည်တောင် ဖုန်းကိုင်နိုင်၏။ ဒီတော့ စိမ်းလဲ့တို့အိမ်မှာ ဒရိုင်ဘာကအစ ဖုန်းရှိနေတာ မဆန်းလှ။

"ရော့ . . . ဒီမှာဖုန်း"

ကိုဗေဒါ ဝပ်ရှော့တစ်ခုကို ဖုန်းဆက်နေတုန်းမှာပဲ ခဲပုပ်ရောင်ကားတစ်စီးက သူတို့အနားမရောက်မီ ရပ်သွား၏။ ကားပေါ်က



www.burmeseclassic.com

www.burmeseclassic.com



ဆင်းလာသူက –

"လရိပ်"

"ဟင်"

စိမ်းလဲ့ လှည့်ကြည့်လိုက်တော့ တေဇအောင်၊ ဒီလူကို စိမ်းလဲ့ မမှတ်မိဘဲနေပါ့မလား။ လရိပ်ရဲ့ခိုင်းစေချက်အရ ဒီမျက်နှာကို သေသေချာချာကြည့်ပြီး အလွတ်ကျက်ခဲ့ဖူးသည်လေ။ တစ်ခါလာတွေ့ပေးခဲ့ပြီး နောက်ထပ် လရိပ်နဲ့သူ ဘာတွေဆက်ဖြစ်ကြလဲ စိမ်းလဲ့မသိတော့။

"ကားဘာဖြစ်လို့လဲ"

"အဲဒါ ကျွန်မ မသိပါဘူး"

"ကိုယ် ဘာကူညီရမလဲ လရိပ်"

"မလိုပါဘူး၊ ဝပ်ရှော့ကို ဖုန်းဆက်ထားတယ်"

မာဆတ်ဆတ်အသံကြောင့် တေဇ မျက်ခုံးနှစ်ဘက် မြင့်တက်သွားကာ –

"မင်း ဘာဖြစ်နေတာလဲ လရိပ်။ ကိုယ့်အပေါ် ဘာလို့ ဆက်ဆံရေးတွေ ကျဲသွားတာလဲ။ ကိုယ်ချိန်းရင်လည်း မင်းမလာဘူး။ တွေ့တော့လည်း ဆက်ဆံပုံက အစိမ်းသက်သက်ကြီးကွာ"

"ဒီမှာ"

"ဟင်"





"ရှင် လူမှားနေတာပါ။ ကျွန်မ လရိပ်ချို မဟုတ်ဘူး"

"ဘာ"

ပြောပြီး စိမ်းလဲ့ သူနဲ့စကားမပြောချင်သလို နေရာရွှေ့ရပ်လိုက်တော့ –

"လရိပ်"

"အို"

လက်ကို ဆောင့်ဆွဲလိုက်သဖြင့် စိမ်းလဲ့ ဒေါသဖြစ်သွားသည်။ သူ့ကို ခပ်စူးစူး ကြည့်လိုက်ပြီး လက်ကိုလည်း ဆောင့်ရုန်းလိုက်ကာ –

"လူမှားနေပါတယ်လို့ လူလိုပြောနေတာကို ရှင် လူလို နားမလည်ဘူးလား"

"ငါက လူမှားတယ် ဟုတ်လား"

တေဇက စိမ်းလဲ့မျက်နှာကို သေသေချာချာကြည့်ပြီး မေးလေတော့ စိမ်းလဲ့ကမဖြေ။ နှုတ်ခမ်းကို တင်းတင်းစေ့၍ မျက်နှာလွှဲလိုက်၏။

"မင်း ငါ့ကို နှစ်ကျပ်ခွက်လာမနင်းနဲ့ လရိပ်။ လူဆိုတာ ကုန်ပစ္စည်းလို အတုအပ ထုတ်လို့ရတာမဟုတ်ဘူး။ မင်းကို ခွဲ၍ သွားတောင် ငါမှတ်မိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ရှင်ယုံတာ မယုံတာ ကျွန်မ ကိစ္စမဟုတ်ဘူး။ ကျွန်မက ရှင်ပြောတဲ့ လရိပ် မဟုတ်ဘူး။ စိမ်းလဲ့စိုရှင့် စိမ်းလဲ့စို"

"ကိုယ်မယုံဘူး"

"မယုံဘူးဆိုရင် ဟိုမှာသက်သေရှိတယ် မေးကြည့်လိုက်"

စိမ်းလဲ့ ကိုဗေဒါကို မေးငေါ့ပြလိုက်သော်လည်း –

"ငါ့ကို မယုံရင် ငါ့မယားကိုမေးကြည့်ဆိုတာမျိုး ဖြစ်မနေဘူးလား လရိပ်။ သူက မင်းရဲ့လူလေ။ မင်းပြောသမျှ ခေါင်းညိတ်နေမှာပေါ့။ ငါ့ကို ဒီအချိုးမျိုးနဲ့ လှည့်စားဖို့ မကြိုးစားနဲ့ လရိပ်။ မင်း ငါနဲ့ လိုက်ခဲ့"

"အို ရှင်နော်"

"ဟာ ... ဟော့ ဟော့ကောင်"

"ခင်ဗျား ရှေ့တိုးမလာနဲ့"

တေဇက လရိပ်အထင်နှင့် စိမ်းလဲ့လက်ကို ဆွဲခေါ်လေတော့ ကိုဗေဒါ တားဖို့ ရှေ့တိုးလာခြင်းပါ။ ရှေ့မတိုးနဲ့ဆိုပြီး ရင်ဘတ်ကို တွန်းလိုက်တာနှင့် ကြောက်တတ်သူပီပီ ခြေလှမ်းတွေ နောက်ဆုတ်သွား၏။

တေဇ လရိပ်ကို တင်းနေတာကြာပြီ။ ချစ်ပါတယ်ဆိုပြီး ချိန်းတော့ မလာ။ ကိုယ့်မှာ ဘာအပြစ်ရှိလို့လဲ။ မချစ်တော့ဘူး





ဆိုရင်လည်း အတိအလင်း လမ်းခွဲစကားပြောပေါ့။ ခုတော့ ဒီလိုမဟုတ်ဘဲ သူ့ကို အရူးလုပ်နေတာ အခံရခက်၏။

"မင်းနဲ့ကိုယ် စာရင်းရှင်းရအောင် လရိပ်"

"ဘာစာရင်းလဲ၊ ဘာမှရှင်းစရာမလိုဘူး"

"လရိပ်"

"ရှင် ဖယ်နော်"

သူတို့ ရန်းရင်းဆန်ခတ်ဖြစ်နေကြစဉ် နောက်ထပ်ကားတစ်စီး ထိုးရပ်လာပြန်၏။ ကားသုံးစီးက အဖြူ ခဲပုပ်ရောင်နှင့် နောက်ထပ်ကားက အနီရောင်။ ဒီနေရာမှာ ကား အရောင်းပြပွဲလုပ်နေတဲ့အတိုင်းပါပဲ။ အနီရောင်ကားပေါ်ကဆင်းလာတာ လူနှစ်ယောက်။

"ဟိတ် ... အဲဒါ ဘာဖြစ်နေကြတာလဲ"

တေဇက လှည့်ကြည့်ပြီး –

"ခင်ဗျားတို့ ကိုယ်နဲ့မဆိုင်ရင် ဝင်မပါကြနဲ့။ မြင်းအလုပ်ခွေးရှုပ်ရင် ထုတ်ပစ်ခံရတတ်တယ်နော်"

"ဘာကွ"

ဆက်မော်က ဝေယံကို ဆွဲထားလိုက်ပြီး –

"ဒီမှာကိုယ့်ညီ ... တို့ကလည်း ကိုယ်နဲ့မဆိုင်ဘဲ ဝင်ပါရအောင် အချိန်တိုင်း လမ်းပေါ်လျှောက်နေတဲ့ ကလေကချေတွေ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးကွ။ အခု မင်းလက်ဆွဲခေါ်နေတာ တို့ ညီမဝမ်းကွဲ အဲဒီတော့ မင်း ဘာလုပ်သင့်တယ်ဆိုတာကိုစဉ်းစား"

"ညီမလေး . . . ကိုယ့်ကားပေါ် ကိုယ်တက်နေ သွား"

ဝေယံက ဆက်မော်၏စကားအရ ချော်လဲရောထိုင်လုပ်ပြီး စိမ်းလဲ့ကိုလည်း လှည့်ပြော၊ အကျီလက်ကိုလည်း မတင်လေသည်။ စိမ်းလဲ့က ကားပေါ်ကိုတက်တာမဟုတ်ဘဲ ကိုဗေဒါအနားမှာ သွားရပ်နေလိုက်၏။

"ကိုယ့်ညီ အေးအေးဆေးဆေးဒိုးတာ ကောင်းလိမ့်မယ် ထင်တယ်။ တို့ မလိုအပ်ဘဲ ပြဿနာတွေ မတက်ချင်ဘူးကွာ"

"တောက်"

တေဇ မကျေမနပ်နှင့် တောက်ခေါက်ပြီး လှည့်ထွက်သွားလေ၏။ ဒီတော့မှ စိမ်းလဲ့က ဆက်မော်တို့ဆီသို့ လျှောက်လာ၏

"ကျေးဖူးတင်လိုက်တာ အစ်ကိုတို့ရယ်။ သူက စိမ်းလဲ့ကို လူမှားပြီး လာရစ်နေတာပါ"

"ဟင်"

ဆက်မော်နှင့်ဝေယံ အကြည့်ချင်းဆုံသွားကြ၏။ လရိပ်ရဲ့ စိမ်းလဲ့ဆိုတဲ့နာမည်တွေကို သူတို့ နားရည်ဝပြီးသားပါ။ သူတို့လည်း အစက လရိပ်လို့ပဲ ထင်ခဲ့တာဖြစ်၏။ သေသေချာချာကြည့်တော့





စိမ်းလဲ့ရဲ့မျက်ဝန်းလေးတွေက ဖြူစင်ရိုးသားခြင်းများနှင့် တောက်ပနေသည်။ ပြီးတော့ လရိပ်လို ဘောင်းဘီတွေဝတ်တာမဟုတ်ဘဲ ထဘီလေးနှင့်။

လရိပ်က စိမ်းလဲ့ထက် ပိုလှတယ်တော့ထင်ရ၏။ ဘာဖြစ်လို့လဲဆို အမြဲတမ်း မျက်တောင်လေးတွေ ကော့ပြီး ပြုံးလိုက်ရင် မနို့တရှိုဟန်။ စိမ်းလဲ့က လရိပ်လောက် မျက်တောင်မကော့ဘဲ ကျေးဖူးတင်စကားပြောရင်း ရယ်လိုက်တာက ပွင့်ပွင့်လင်းလင်းပါပဲ။ ဒါတွေကို သေသေချာချာကြည့်ပြီးစဉ်းစားမှ ခွဲခြားလို့ရတာတွေဖြစ်၏။

"ဒါဆို ညီမလေးက လရိပ်ရဲ့ အမြွှာညီမပေါ့ ဟုတ်လား"

"ဟင် . . . အစ်ကိုတို့က လရိပ်ကို သိနေကြတာလား"

"အစ်ကိုတို့က ရှိန်းရဲ့သူငယ်ချင်းတွေပါ။ ရှိန်းနဲ့ပတ်သက်ပြီး လရိပ်ကို သိနေကြတာလေ။ အစ်ကို့နာမည်က မိုးဆက်မော်၊ သူ့နာမည်က ဝေယံဖြိုးတဲ့။ မှတ်ထားနော်"

"ဟုတ်ကဲ့ . . . စိမ်းလဲ့ မှတ်ထားပါ့မယ်။ နောက်လမ်းမှာတွေ့ရင်လည်း ခေါ်ပါ့မယ်နော်"

"ဒါနဲ့ ညီမတို့ကား ဘာဖြစ်လို့လဲ"

"ဘာဖြစ်သွားမှန်းမသိလို့ အစ်ကို။ ထိုးရပ်သွားတာပဲ။ ဝပ်ရှော့ကို ဖုန်းဆက်ထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝေယံအကြည့်က စိမ်းလဲ့လက်မှာဝတ်ထားသည့် လက်စွပ်ကလေးဆီသို့ ရောက်သွားသည်။ ရှိန်းနဲ့ သံယောဇဉ် ဂဟေဆက်ခဲ့ကြတဲ့ လက်စွပ်ကလေးပေါ့။ စိမ်းလဲ့က ရှိန်းစွဲမက်ဆို စွဲမက်လောက်တဲ့ မျက်ဝန်းလေးတွေနှင့်။ လရိပ်နှင့် မျက်ဝန်းချင်းတူနေပေမယ့် ကြည့်ပုံလေးတွေကမတူပေ။

"အခု စိမ်းလဲ့က ဘယ်ကိုသွားမှာလဲ"

"အိမ်ကိုပြန်မှာပါ အစ်ကို"

"ဪ"

"အစ်ကိုတို့ လိုက်ပို့ပေးမယ်လေ"

"နေပါစေ အစ်ကို ... ရပါတယ်"

"ညီမက အားနာလို့လား"

"အဟွန်း"

ထိုအပြုံးကိုပဲ ဆက်မော်က နားလည်လိုက်ကာ –

"အားမနာပါနဲ့ ညီမရယ်။ အစ်ကိုတို့ လိုက်ပို့ပေးမယ်နော်။ ကဲ ကားပေါ်တက်"

စိမ်းလဲ့ တွေခနဲဖြစ်သွားလေ၏။ လိုက်သွားရကောင်းမလား မလိုက်ရကောင်းမလား။ သူတို့ပါးစပ်က နန္ဒရှိန်းနဲ့ လရိပ်ဆိုတာပါလာတော့ မယုံစရာတော့မရှိပေ။





ပုံစံတွေလည်း တည်တည်ကြည်ကြည်တွေမို့ –

"ဟုတ်ကဲ့ ... အစ်ကိုတို့ကို စိမ်းလဲ့ ထပ်ပြီးကျေးဇူးတင်ပါတယ်နော်"

နှစ်ယောက်စလုံး ခေါင်းညိတ်ပြုံးပြပြီး ဝေယံက ကားတံခါးကို ဖွင့်ပေးလေလျှင် စိမ်းလဲ့က ကိုဗေဒါဘက်သို့လှည့်၍ –

"ကိုဗေဒါ"

"ဟေ"

"စိမ်းလဲ့လိုက်သွားလိုက်မယ်နော်"

"အေးအေး ... လိုက်သွား"

စိမ်းလဲ့ စိတ်ချယုံကြည်စွာ ကားပေါ်သို့တက်လိုက်၏။ ဒီလူတွေသာ ရောက်မလာရင် စိမ်းလဲ့နဲ့တေဇ ဘာတွေထပ်ဖြစ်ကြမလဲ။

✹ ✹ ✹



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ငါ့ရဲ့မျက်ဝန်းညိုလေးကို ကူညီပေးခဲ့တဲ့အတွက် မင်းတို့ကို ငါ ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်ရင် ဒီဝိုင်းအတွက် မင်းရှင်း"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ကွ။ ကျေးဇူးတရားနဲ့ ကျွေးမွေးခြင်းက ခမည်းခမက်တော်တယ်။ သူလည်း သမီးပေး ငါလည်း သားပေးလေ"

ရှိန်းက ဆက်မော်စကားကြောင့် ရယ်လေသည်။ အယူမရှိတဲ့ အပေးတွေချည်းပဲဆိုတော့ ဟုတ်တာပေါ့"

"ကဲ ... ဟုတ်ပါပြီ ... ဒီနေ့ ဒီပွဲက ငါ့ရဲ့ကျေးဇူးဆပ်ပွဲပဲ





ထားပါတော့"

"ဒီလိုမှပေါ့ကွ"

"ဆက်မော်ရေ နောက်တစ်ခါတွေ့ရင်လည်း တို့ ကြံဖန်ကူညီစရာရှာပြီး ကူညီရအောင်ကွာနော်"

"တိုက်ဆိုင်လို့ ကူညီတာပဲ ကောင်းပါတယ် ဝေယံရာ။ ကူညီဖို့ကို ကြံဖန်ရှာပြီး ကူညီရင်တော့ ပထမပါးလေးနမ်းလို့ နောက်ထပ်တစ်ဖက် ထပ်နမ်းမလားလို့ လှည့်ပေးရင် ပါးရိုက်ခံရမှ ဒုက္ခဖြစ်နေပါဦးမယ်"

"ဟား ဟား ဟား"

ရယ်သံတွေက ထိန်းမရ သိမ်းမရပုံစံမျိုးပါ။ စိတ်ညစ်စရာတွေ အိမ်မှာ အခြားမှာ ရှိခဲ့လျှင်တောင် သူငယ်ချင်းတွေ စုမိရင်တော့ ရင်ဖွင့်ကြ၊ အားပေးကြနှင့် ဝိုင်းဝန်းဖြေရှင်းတတ်ကြသည်သာ။ အခုလည်း သူတို့ ဝင်ပြီးကူညီလာခဲ့တာ ရှိန်းရဲ့အရေးလေ။ အခြားသူဆိုလျှင် ဘာမှန်းမသိ ညာမှန်းမသိနဲ့ သူတို့ ကားပေါ်က ဆင်းဖြစ်မည်မထင်။

"ရှိန်း"

"ပြော"

"မင်းတို့ ဘယ်တော့ စေ့စပ်ဖြစ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်အပတ်ဆန်းဒေးလေ"

"မြန်လှချေလားကွ"

"အဟား ... မြန်မှကွ။ စောစောယူမှ ငါက မင်းတို့အရင် သားသမီးလုပ်စာ ထိုင်စားလို့ရမှာကွ"

"အံမယ် ... မင်းက သားသမီးလုပ်စာထိုင်စားချင်တယ် ဟုတ်လား။ အဟား ... လရိပ်လိုသမီးမျိုးနဲ့တွေ့ရင် မင်း လုပ်ရင်းမွဲ ဖုတ်ရင်းပြာ ဖြစ်နေပါ့မယ် ရှိန်းရာ"

"ဟော့ကောင် ဝေယံ ... မင်းစကားက ဘာလဲကွ။ လုပ်ရင်းမွဲတာက ဟုတ်ပါပြီ။ ဖုတ်ရင်းပြာတာက ဘာလဲ"

"ပြောင်းဖူး ... ပြောင်းဖူး"

သူတို့စကားထဲမှာ လရိပ်ဆိုတာ ပါလာခဲ့ရင် အခုတော့ မကောင်းဘက်ကဖြစ်နေပါပြီ။ အရင်တုန်းကတော့ စပါယ်ရှယ် အကောင်းစားလေးလို ရေပန်းစားခဲ့တာပါ။ အတုက အစစ်ဖြစ်မလာနိုင်ခြင်း၏ သီအိုရီအတိုင်း ရွှေများလို မှတ်ကျောက်အတင်မခံဘဲ ဘူးပေါ်သလို ပေါ်လာတော့ လူတို့၏သဘာဝ အကောင်းမမြင်တော့တာ မဆန်းပေ။

ထင်ပေါ်ရင်သာ စင်တော်ကောက်ချင်ကြပြီး ပုပ်ရင်တော့ နှာခေါင်းရှုံ့ကြမှာပဲလေ။ ဘယ်သူက နှာခေါင်းပိတ်ပြီး အပုပ်ကြီးတို့





မျိုချချင်ပါ့မလဲ။

"အရေးထဲ မင်းက ပြောင်းဖူးကို သတိရနေသေးတယ်"

"ဟသ်ာတသွားတုန်းက ညောင်တုန်းမှာ ဝယ်စားခဲ့တာကို သတိရလို့ပါကွာ"

ပြောင်းဖူးကိုပဲ လူသေလို လွမ်းသလို မျက်ရည်သုတ်ဟန် လုပ်ပြလေတော့ ဆက်မော်က စောင်မဲ နရွဲ့ပုံစံနှင့် ကြည့်လေသည်။ ပြီးမှ —

"မင်း စေ့စပ်ရင် ငါတို့ပါ လိုက်မှာနော် ရှိန်း"

"လိုက်ရမယ်လေ၊ မင်းတို့နှစ်ယောက်က ငါ့အတွက် အားနဲ့ ဘားပဲဥစ္စာ"

"အေးပါ ... အခုနေတော့ပြောတာပဲ။ နောက်မှ အားက မယားဖြစ်ပြီး တို့က ဆားဖြစ်နေပါဦးမယ်"

"မင်းတို့ အရာရာပါရင်တော့ ပြောမှာပဲလေ"

"ဩော် ... မိန်းမရရင်တော့ တို့မလိုအပ်တော့ဘူး ဒီလိုလား"

"ဒါပေါ့"

"ခွေးကောင် ... တော်တော် ကူညီဖို့ကောင်းတယ်။ အခုကျတော့ ချေးယိုမရလည်း ရင်ဖွင့်၊ ရှူးပေါက်မရလည်း ရင်ဖွင့်နဲ့။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမက မရသေးဘူး လေသံက ပြောင်းချင်နေပြီ''

ဆဲတော့လည်း ရှိန်းက တဟဲဟဲနှင့် ရယ်နေသည်။ တကယ်တော့ ရင်ထဲမှာ သူ့အကြံတွေ အောင်မြင်ပါ့မလားလို့ စိတ်ပူနေရ၏။ သူလုပ်နေတာတွေက အငိုလွယ်ပြီး အရှိုက်ခက်မည့်ကိစ္စတွေပါ။ မိဘတွေမှာလည်း ဘုမသိ ဘမသိနှင့် သူ ကန့်လန့်တိုက်လို့သာ စီစဉ်ပေးကြတာ စိတ်ကတော့ မချမ်းသာကြပေ။

ငှက်မသိသေးလို့ ဖရက်ကို ချိုးထင်နေတာ ရှိပါစေဦးလေ။ ခေတ်စပ်ပွဲရောက်မှပဲ –

''ရှိန်း''

''ဟင်''

''မင်း လရိပ်ကို လျှော့တွက်လို့တော့ မရဘူးနော်၊ ဟော့ကောင်''

ရှိန်း လွှန့်ခနဲပြုံးလိုက်ပြီး –

''လျှော့တွက်ရင် အလျှော့တွက်ခံရမှာစိုးလို့ အလေးမထိုးသာအောင် အပြည့်တွက်ပြီးသားပါကွ''

✹ ✹ ✹



## အခန်း (၂၃)

လရိပ်မှာ အလုပြင် အဝတ်ရှေ့နှင့် ယောက်ယက်ခတ်နေတာ မပြီးနိုင် မစီးနိုင်၊ စိမ်းလဲ့ တစ်ထည်ပြီးတစ်ထည် ဆွဲထုတ်ပြီး မကြိုက်လို့ ပစ်ချတိုင်း လိုက်ခေါက်ပြီး သိမ်းနေရသည်။ သူတို့ညီအစ်မမှာ အကြီးက အငယ်ကို ဗိုလ်ကျပြီး အငယ်က အကြီးလို သည်းခံခွင့်လွှတ်ခြင်းများနှင့်သာ။ ဒါ ခုမှမဟုတ်ဘဲ ဟိုး ငယ်ငယ်လေးကတည်းကလေ။

လရိပ် ကျောက်ပွင့်တွေနှင့် အနီရဲရဲအင်္ကျီကို ကိုင်ပြီး နောက်ထပ် ဆွဲထုတ်ခြင်းကိုရပ်တန့်လိုက်သည်။ ဒါကိုပဲ ဝတ်တော့မည်လို့ ဆုံးဖြတ်လိုက်သည်ထင်၏။



www.burmeseclassic.com

www.burmeseclassic.com



စိမ်းလဲ့ကတော့ လရိပ်ကို မကြည့်နိုင်သေးပေ။ သူ့အဝတ်တွေကို လိုက်သိမ်း၊ ခေါက်ပြီး ပြန်ထည့်နှင့် အလုပ်ရှုပ်နေ၏။

"စိမ်းလဲ့"

"ဟင်"

"ငါလှလား ကြည့်ပါဦး"

စိမ်းလဲ့ ထရပ်လိုက်ပြီး –

"လှတာပေါ့ လရိပ်ရယ်၊ ငါ့မျက်စိထဲမှာတော့ နင့်လောက်လှတဲ့သူ နောက်တစ်ယောက်မရှိနိုင်တော့ဘူးလို့တောင် ထင်တယ် သိလား"

"တကယ်"

"တကယ်ပေါ့ လရိပ်ရဲ့၊ စနိုးပွိုက်ကလေး ကျနေတာပဲ မှန်နေအောင်လှတာ"

"ဘာဝယ်ကျွေးရမလဲ"

"မှန်တာပြောတာ ကျွေးစရာမလိုပါဘူး လရိပ်ရဲ့"

လရိပ် တစ်ဖက်သို့ပြန်လှည့်ပြီး မှန်ထဲမှာပေါ်နေတဲ့ သူ့မပုံရိပ်ကိုကြည့်ကာ အကျေနပ်ကြီး ကျေနပ်နေ၏။ စိတ်တွေ ဂဏာမငြိမ်တဲ့ ထိုင်းမှိုင်းတွေဝေနေခဲ့သမျှ ဒီနေ့တော့ ခဏတာမေ့ထားလိုက်ချင်သည်။





သူများကိုသာပြောနေတာ။ စိမ်းလဲ့မှာလည်း ဖက်ဖူးရောင်ဝတ်စုံလေးနှင့် ယဉ်စစလှနေ၏။ ရင်ဖုံးဆန်ဆန် အင်္ကျီလေးပေါ်မှာ စီးကွင့်လေးတွေ ဒီဇိုင်းထွင်ပြီး ထိုးထားပုံက ရိုးမလိုနှင့် ဆန်း၊ ဆန်းမလိုနှင့် ရိုးရိုးလေး။

သူမနှင့်လိုက်ဖက်စွာ အမြင်အာရုံကို ကျက်သရေ တိုးစေသောအလှမျိုးပါ။ ဆံပင်တွေကို အားလုံးအပြောင်သိမ်းပြီး ဖက်ဖူးရောင်ပဲဖြစ်သော ခေါင်းစည်းကွင်းလှလှလေးနှင့် စည်းထား၏။

"ဘာလိုသေးလဲ ကြည့်ပါဦး စိမ်းလဲ့ရဲ့"

"ဘာမှမလိုပါဘူး လရိပ်ရယ်၊ လှပြီးသားလူက လှနေမှာပဲ"

"နင်လည်း လှပါတယ်ဟ"

"နင့်ကို မမီတာတော့ ကျိန်းသေပါတယ်"

"မမရိပ်နဲ့ မမလဲ့"

"ဟင်"

"ဩော် . . . နှင်းနှင်း လာလေ"

"ဧည့်သည်တွေ ရောက်နေပါပြီ၊ အဲဒါ ဖေဖေကြီးက မမတို့ကို အခေါ်ခိုင်းလိုက်လို့ နှင်းနှင်းလာခေါ်တာပါ"

"အေး အေး . . . အခုလာခဲ့မယ်လို့ပြောလိုက်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



နှင်းနှင်း ပြန်ထွက်သွားပြီးနောက် –

"ငါသွားနှင့်မယ် စိမ်းလဲ့။ နင် ရှုပ်နေတာတွေ အားလုံး ရှင်းပေးခဲ့နော်"

"အေးပါ"

လရိပ်က ပြောပြီးတာနှင့် ကြော့ကြော့လေးထွက်သွားလေသည်။ စိမ်းလဲ့ကတော့ လရိပ်ကျောပြင်လေးကိုငေးကြည့်ပြီး ကျန်ခဲ့၏။ ဒီလိုအစ်မမျိုးနဲ့မှ အမြွှာလာဖြစ်ရလေခြင်းလို့ စိမ်းလဲ့ ဘယ်တုန်းကမှ ကံတရားကို အပြစ်မဖို့မိပေ။ ကိုယ် အရှုံးပေးလိုက်ရတာ ကိုယ်ချစ်တဲ့ ကိုယ့်အစ်မမို့ စိမ်းလဲ့ ကျေနပ်ပါသည်။ ဖူးစာပဲပေါ့။ ဖူးစာဆိုတာ ဦးရာလူစနစ်နဲ့ ကံစမ်းမဲဖောက်ယူလို့ရတာမှ မဟုတ်ဘဲလေ။

စိမ်းလဲ့ လက်မှာဝတ်ထားသော လက်စွပ်ကလေးကို ချွတ်လိုက်၏။ မတန်တော့ခြင်းမဟုတ်တဲ့ မသင့်တော်ခြင်းတွေကြောင့် တစ်နေရာရာမှာပဲ ပုန်းခိုနေပါတော့ လက်စွပ်ကလေးရယ်။ နင်နဲ့ငါ လမ်းခွဲလိုက်ကြပါစို့။

စိမ်းလဲ့ ဝေဝဲလာသော မျက်ရည်စတွေကို လက်ညှိုးလေးနှင့် တို့သုတ်လိုက်၏။ စိမ်းလဲ့ကိုခွင့်လွှတ်ပါတော့ ကိုကိုရယ်။ စိမ်းလဲ့ကို ခွင့်လွှတ်ပါ။

"မမလဲ့"





"ဟင်"

"ဖေဖေကြီးက မမလဲ့ကို အမြန်ဆင်းလာခဲ့ပါတဲ့"

"ဪ . . . အေး အေး"

စိမ်းလဲ့ကို နှင်းနှင်းက ရပ်စောင့်နေ၏။ နှင်းနှင်းအနားသို့ စိမ်းလဲ့ရောက်သွားလေလျှင် –

"နှင်းနှင်း"

"ရှင် မမလဲ့"

"ဒီလက်စွပ်ကို နင် သိမ်းထားပေးစမ်းပါ"

"ဟာ . . . ဘာဖြစ်လို့ ချွတ်ထားတာလဲ မမရဲ့"

"ငါ မဝတ်ချင်တော့လို့ပါ"

"မဝတ်ချင်တော့ရင်လည်း မမလဲ့ရဲ့လက်စွပ်ကို မမလဲ့ပဲ သိမ်းထားပေါ့"

"အဲဒါဆိုလည်း ငါ့အခန်းထဲမှာ နင်သွားသိမ်းလိုက် ဟုတ်ပြီလား"

စိမ်းလဲ့ အပေါ်ထပ်ကနေ သုတ်သီးသုတ်ပျာ ဆင်းလာခဲ့တော့၏။ ဖေဖေ့ဘေးမှာ စိမ်းလဲ့ ဝင်ထိုင်ပြီးသည်အထိ ဘယ်သူကမှ စကား မပြောကြသေးပေ။

စိမ်းလဲ့ အားလုံးကို ဝေ့အကြည့်မှာ သူမကို ကြည့်နေသည့်



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီးနှစ်ယောက်ကိုမြင်တော့ ပြုံးပြလိုက်သည်။

"ကဲ ... သမီးငယ်လည်း ရောက်လာပြီဆိုတော့ မောင်နန္ဒရှိန်း ပြောစရာရှိတယ်ဆိုတာကို ပြောပါ"

ရှိန်း ခါးကို မတ်လိုက်ပြီး –

"ကျွန်တော်ပြောရမှာ အားတော့နာပါတယ် အန်ကယ်။ ဒါပေမဲ့ ခုရှုပ်မှနောင်ရှင်းဆိုသလို ကျွန်တော်ပြောမှဖြစ်မှာမို့လို့ အားလုံးရှေ့မှာ ပြောရမှာပါ"

"ပြောစရာရှိတာကိုပြောပါ မောင်နန္ဒရှိန်း။ အားမနာပါနဲ့"

"အန်ကယ် ကျွန်တော့်ကို အန်ကယ်ရဲ့သမီးကြီးနဲ့ လက်ထပ်ပေးမယ်၊ သမီးငယ်နဲ့ လက်ထပ်ပေးမယ်လို့ ခွဲခြားစိတ်ဖြာပြီး ပြောမထားဘူးနော်"

"ဟင်"

ဦးဘုန်းမြတ် 'ဟင်' ခနဲ ဖြစ်သွားလေ၏။ ပြောသင့် ပြောထိုက်တဲ့စကား။ မေးသင့်မေးထိုက်တဲ့မေးခွန်းကို မေးလိုက်တာမို့ အဖြေရ ခက်သွားသည်။ မှန်တာပေါ့။ ကိုယ့်သမီးနဲ့လက်ထပ်ပေးချင်တယ်လို့ ပြောခဲ့တာထဲမှာ သမီးကြီးနဲ့သမီးငယ်နဲ့လို့ ခွဲခြားပြောခဲ့တာမပါ။ ကိုယ့်ဘာသာပဲ သမီးကြီးနဲ့လို့ ရည်ရွယ်ခဲ့တာပဲဖြစ်၏။

"ဟုတ် ... ဟုတ်ပါတယ်ကွယ်"





"ဒါဆို ... ကျွန်တော် တကယ်နှစ်သက်မြတ်နိုးတဲ့သူကို ရွေးချယ်ခွင့် ရှိတာပေါ့"

ခေါင်းညိတ်ရမလား၊ ခေါင်းခါရမလား၊ သမီးနှစ်ယောက်ကို လှမ်းကြည့်လိုက်တော့ မျက်နှာပျက်နေကြ၏။

"ကျွန်တော် အန်ကယ် အခက်မတွေ့ရအောင် ရွေးချယ်မှာပါ အန်ကယ်"

"မောင်နန္ဒရှိန်း ဘယ်လိုရွေးမှာလဲ"

"ကျွန်တော် အချက်နှစ်ချက်နဲ့ ကိုက်ညီတဲ့သူကိုရွေးမှာပါ အန်ကယ်။ ဆက်မော်"

ရှိန်းက ဆက်မော်ကို အချက်ပေးလိုက်တာနှင့် ဆက်မော် ပန်းချီကားနှစ်ချပ်ကို ဦးဘုန်းမြတ်ဆီသို့သွားပေးလိုက်၏။ ပန်းချီကားတွေကို ပါကင်သဘောမျိုး ပိတ်ထားတာမို့ ဦးဘုန်းမြတ်က နားမလည်စွ။

"ဒါက ဘာလဲ မောင်နန္ဒရှိန်း"

"အန်ကယ် ဖွင့်ကြည့်လိုက်ပါ"

ဦးဘုန်းမြတ် ပန်းချီကားတွေကို မမြင်ရခင် သေးလူတွေလည်း စိတ်ဝင်စားနေကြ၏။ ပန်းချီကားကိုမြင်လိုက်ရတော့ –

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဦးဘုန်းမြတ်အကြည့်တွေက ပန်းချီကားဆီကိုရောက်လိုက် သမီးနှစ်ယောက်ဆီကိုရောက်လိုက်ပါ။

"ဒီ . . . ဒီပန်းချီကားထဲက"

"သူနဲ့ကျွန်တော်က ပုပ္ပါးမှာတွေ့ခဲ့ကြတာပါ အန်ကယ်။ သူ့မျက်ဝန်းလေးတွေက ညိုနေလို့ ကျွန်တော် သူ့ကို မျက်ဝန်းညို လို့ခေါ်ခဲ့ပါတယ်။ အဲဒီကတည်းက ကျွန်တော် သူ့ကို သံယောဇဉ်တွယ် ပြီး စွဲလမ်းခဲ့တာ အခုထိပါ။

နှစ်တွေကြာခဲ့ပေမယ့် ကျွန်တော် သူ့ကို တစ်ရက်မှမမေ့လို့ မရခဲ့ပါဘူးဗျာ။ သူလည်း ကျွန်တော့်လိုပဲ ရှိနေမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ဒါကြောင့် ကျွန်တော် ကျွန်တော်ချစ်တဲ့ မျက်ဝန်းညိုကိုပဲ လက်ထပ်ပါရစေ"

"ကိုဘုန်းမြတ်ရဲ့သမီးနှစ်ယောက်ထဲက မောင်နန္ဒရှိန်းရဲ့ မျက်ဝန်းညိုအစစ်က ဘယ်သူလဲကွဲ့"

မေးလိုက်သူက ရပ်မိရပ်ဖထဲက တစ်ယောက်ဖြစ်၏။ ရှိန်း နှစ်ယောက်စလုံးကိုဝေ့ခနဲကြည့်၍ –

"သူတို့နှစ်ယောက် အသိဆုံးပဲဖြစ်မှာပါ"

အားလုံး၏အကြည့်တွေက လရိပ်နှင့်စိမ်းလဲ့ဆီသို့ ရောက် သွားကြ၏။ နှစ်ယောက်စလုံး ခေါင်းငုံ့၍ တိတ်ဆိတ်နေကြသည်။





လရိပ်ကမငြင်းသလို စိမ်းလဲ့ကလည်းဝန်ခံမှာမဟုတ်တာ ရှိန်းသိနေ၏။

"အန်ကယ်"

"ဟင်"

"အန်ကယ်ကိုယ်တိုင် ရွေးချယ်နိုင်အောင် ကျွန်တော် သဲလွန်စတစ်ခုပေးပါ့မယ်။ ဒါက ပထမအချက်ပါ"

"ပြောပါ မောင်နန္ဒရှိန်း"

"ကျွန်တော့်ရဲ့မျက်ဝန်းညိုက ပုပ္ပါးမှာတုန်းက ပန်းရောင်း တယ် အန်ကယ်။ ပန်းလည်း စိုက်တယ်တဲ့။ သူက မရှက်မကြောက်နဲ့ ဘဝကို ဘဝဆန်ဆန် လှုပ်ရှားရုန်းကန်နေတဲ့ ရိုးသားဖြူစင်သူလေး ပါ။ ဒီလောက်ဆိုရင် အန်ကယ်လည်း ဘယ်သူဆိုတာ သိလောက်မှာ ပါ"

ဦးဘုန်းမြတ် ရှိန်းပြောပြတာကို မသိဘဲနေပါ့မလား။ သူပြော တာ သမီးငယ်ပဲပေါ့။ ပုပ္ပါးမှာနေခဲ့တုန်းက သမီးကြီးက ရှက်လို့ဆိုပြီး လုံးဝ ဈေးမရောင်းဘူးတဲ့။ သမီးငယ်ကသာ အသံတစာစာဟစ်ကာ ဈေးရောင်းပြီး အမေနဲ့အစ်မကို ရှာကျွေးခဲ့တာတဲ့လေ။

ဒါကြောင့်ပဲ ငါ့သမီးလေး ပင်ပန်းဆင်းရဲခဲ့ရတာဆိုပြီး ဦးဘုန်းမြတ် သနားကရုဏာသက်စွာ အချစ်ပိုခဲ့ရသည်။ သူ့ကို ရောက်လာတော့လည်း အစ်မဖြစ်သူ ဝိုဖ်ကျသမျှကို သည်းခံ



www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်တတ်သူလေးပါ။

ခုတ်ရာတခြား ရှရာတခြား တစ်လွဲတော့ဖြစ်ကုန်ပါပြီ။ သူက နန္ဒရှိန်းနဲ့ လက်ထပ်ပေးဖို့ ရည်ရွယ်ခဲ့တာ သမီးကြီးနဲ့။ အခု နန္ဒရှိန်း လက်ထပ်ချင်တာက သမီးငယ်။ ဘာပဲဖြစ်ဖြစ် သူ ခေါင်းညိတ်ရတော့ မည်ပေါ့။

နန္ဒရှိန်းက အဖက်ဖက်မှာ ပြည့်စုံတဲ့ လူတော်လူကောင်း လူကောင်းလေးလေ။ လူတိုင်း လက်မခံနိုင်တဲ့ သမီးကြီးရဲ့ ဆိုးသွမ်းမှုတွေကြောင့် အိမ်ထောင်ကျရင် ပြောင်းလဲသွားမလားလို့ရည်ရွယ်ခဲ့တာ သူမတရားမှန်းသိ၏။

သမီးငယ်နဲ့ကျမှ မဖြစ်နိုင်ဘူးဆိုလျှင် သူထပ်ပြီး မတရားရာ ကျမှာပေါ့။

"နောက်တစ်ချက်က ဘာလဲ မောင်နန္ဒရှိန်း"

"ဟုတ်တယ် ဘယ်လိုရွေးဦးမှာလဲ၊ ဦးတို့ သိချင်လှပြီ မောင် နန္ဒရှိန်းရဲ့"

"အချိန်တွေ သိပ်ဆွဲမနေနဲ့ မောင်နန္ဒရှိန်း။ မြန်မြန်သာ ပြောလိုက်ပါတော့"

လူကြီးတွေ တစ်ယောက်တစ်ပေါက် ပြောကုန်ကြ၏။ ဒေါ် မေရီက လက်တကားကားလုပ်ကာ –





"နေကြပါဦးဟယ် ... မြေးက သူ့အစီအစဉ်နဲ့သူ ပြောမှာပေါ့ ဟဲ့"

"ကဲဟား ... လူကြီးတွေကို အားနာဖို့ကောင်းပါတယ်ကွာ။ ပြောစရာရှိတာကို မြန်မြန်ပြောလိုက်စမ်းပါ"

"ရှင်ကလည်းတစ်မျိုး ဘယ်လိုဖြစ်နေတာလဲ"

"ဟုတ်ကဲ့ ... ကျွန်တော် ပြောမှာပါ"

လရိပ်နဲ့ ပိုပြီးရင်းနှီးတယ်လို့ ပြောခဲ့ဖူးတဲ့ နန္ဒရှိန်းစကားကြောင့် ဦးဘုန်းမြတ် တစ်ထစ်ချတွက်ခဲ့တာမှားပြီ။

"ကျွန်တော် ပုပ္ပားမှာတုန်းက မျက်ဝန်းညိုကို ကျွန်တော့် လက်စွပ်ကလေး ပေးခဲ့ပါတယ်။ အခု လရိပ်ချို့နဲ့ စိမ်းလဲ့စို နှစ်ယောက် စလုံးမှာ အဲဒီလက်စွပ်ရှိနေပါတယ်"

"ဟင် ... မင်းပေးခဲ့တာ တစ်ကွင်းတည်းမို့လား။ အခု ဘာလို့နှစ်ယောက်စလုံးမှာရှိပြီး နှစ်ကွင်းဖြစ်နေရတာလဲ"

"တစ်ကွင်းကတော့ အစစ်ပါ။ တစ်ကွင်းက ပုံစံတူလိုက်လုပ်ပြီး ဝတ်ထားတဲ့အတုပါ"

ဦးဘုန်းမြတ် သက်ပြင်းချလိုက်ဝိတော့၏။ သမီးနှစ်ယောက်ကိုခေါ်လာခဲ့တုန်းက သမီးငယ်၏လက်မှာ လက်စွပ်ကလေးပါလေသည်။ နောက်တော့ သမီးကြီးက သမီးငယ်နဲ့ လက်စွပ်ပုံစံတူဝတ်ချင်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်ဆိုပြီး အပ်ဝတ်ခဲ့တာလေ။ ဆက်စပ်ပြီးတွေးကြည့်လိုက်တော့ ဒီလက်စွပ်ကြောင့် နန္ဒရှိန်းနဲ့ သမီးကြီး ရင်းနှီးပတ်သက်ခဲ့ကြတာဖြစ်မည်။

"ဒါဆို မောင်နန္ဒရှိန်း . . . လက်စွပ်အတုနဲ့အစစ်ကို ခွဲပြီး ရွေးမှာလား"

"ဟုတ်ပါတယ်"

"ဘယ်သူက အစစ်လဲကွဲ့"

"အဲဒီလက်စွပ်နှစ်ကွင်းစလုံးကို ကျွန်တော့်လက်သန်းမှာ ဖြန့်ဝတ်ကြည့်ပြီး ကျွန်တော် ခွဲပါ့မယ်"

"တော်တော့ နန္ဒရှိန်း။ ရှင် ဘာမှဆက်မပြောနဲ့တော့"

လရိပ်အသံထွက်လာပြီး ဆတ်ခနဲ ထရပ်ခြင်းနှင့်အတူ နုတ်ခမ်းကို ဖိကိုက်ပြီး ရှိန်းကို မီးဝင်းဝင်းတောက်မတတ် မျက်လုံးများနှင့် ကြည့်၍ –

"လောကမှာ ရှင်တစ်ယောက်တည်း ယောကျ်ားရှိတာ မဟုတ်ဘူး၊ နားလည်လား"

ပြောပြီး သူမလက်မှ လက်စွပ်ကိုချွတ်၍ ရှိန်းရင်ဘတ်ဆီသို့ ပစ်ပေါက်ခဲ့တော့သည်။

"လရိပ်"





"မလိုက်နဲ့သမီးငယ်"

လရိပ်နောက်သို့ ထလိုက်မည်ပြုသည့်သမီးငယ်၏လက်ကို ဦးဘုန်းမြတ် ဆွဲထားပြီး ပြန်ထိုင်ခိုင်းလိုက်၏။ ဒီဇာတ်စပ်ပွဲကို ဖြစ်အောင် သူစီစဉ်မှာပါ။ အားလုံးရဲ့သိက္ခာတွေအတွက် ကျွံထားတဲ့သူ့စကားကို ဦးဘုန်းမြတ် ဘယ်တော့မှ နုတ်မှာ မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

စိတ် ကသိကအောက်နှင့်ပဲ စေ့စပ်ပွဲဖြစ်မြောက်ပြီးဆုံးသွားတဲ့ နောက်မှာ လရိပ်ကို ရှာလို့မတွေ့တော့ပေ။ နှင်းနှင်းပြောပြချက်အရ လရိပ် ဖေဖေ့အခန်းထဲကိုဝင်သွားတာမြင်ပြီး ပြန်ထွက်လာတော့ အိတ် တစ်အိတ်ကို ဆွဲထွက်လာသည်တဲ့။ ဘာအိတ်လဲဆိုတော့ ကြွပ်ကြွပ် အိတ်တဲ့။ အိမ်ကနေထွက်သွားတော့မှ ကျောပိုးအိတ်တစ်လုံး လွယ် သွားသည်တဲ့လေ။

နှင်းနှင်းတားတာကို အော်ငေါက်တွန်းထုတ်ထားခဲ့သည်လို့ ဆို၏။ ဖေဖေက မသက်ာဘူးဆိုပြီး သူ့အခန်းထဲဝင်စစ်ဆေးကြည့်ပြီး ပြန်ထွက်လာတော့ –





"သွားပြီ ... ပါသွားပြီသမီးငယ်"

"ဟင် ... ဘာပါသွားတာလဲ ဖေဖေ"

"ဖေဖေ့ဗီရိုထဲမှာထည့်ထားတဲ့ ပိုက်ဆံသိန်းနှစ်ဆယ်ကို ယူသွားတာလေ"

"ခုက္ခပါပဲ"

ပိုက်ဆံတွေပါသွားသည်ဆိုတော့ ပို၍စိတ်ပူရ၏။ ငွေဆိုတာ လူနှင့်အတူ ပူးတွဲရှိနေပါက အန္တရာယ်ပဲလေ။

"သမီးတို့ ဘယ်လိုလုပ်ကြမလဲ ဖေဖေ"

"ခြံခုနစ်ရှိတဲ့ နွားက ခုန်တော့မှာပဲ သမီးငယ်။ ဖေဖေတို့ သမီးကြီးကို လိုက်ရှာကြတာပေါ့။ ရှာလို့မတွေ့ဘူးဆိုရင်တော့ သူကြံမှာ သူဖန်တာ ဖေဖေတို့ ဘာတတ်နိုင်မှာလဲကွယ်"

စိမ်းလဲ့ ပါးပြင်ပေါ်သို့ မျက်ရည်ပူတွေကျလာသည်။ ဖေဖေ က စုန်လို့မရရင် ဆန်လိုက်မည့်အနေအထားမျိုး ပြောနေပေမယ့် စိမ်းလဲ့ကတော့ သဘော်ပျက်တာကို ဖျာယက်နဲ့ကာတယ်ပဲပြောပြော လရိပ်ဘဝကို ဖာထေးပေးချင်သည်။

လရိပ် ခုလို အိမ်ကနေ ထွက်သွားတာ ဦးနန္ဒရှိန်းကြောင့်ပဲ ပေါ့။

"ခုလိုဖြစ်ရတာ ဟိုလူ့ကြောင့်"



www.burmeseclassic.com

www.burmeseclassic.com



စိမ်းလဲ့ အံကြိတ်သံနှင့်ဆိုလေလျှင် ဦးဘုန်းမြတ်၏ မှိတ်ထားမိတဲ့ မျက်ဝန်းတွေ ဖျတ်ခနဲပွင့်လာပြီး –

"သူ့ဘက်ကကြည့်ရင် သူမှန်တယ် သမီးငယ်။ သမီးတို့က သူ့မေတ္တာကို ဝိုင်းလိမ်ခဲ့ကြတာလေ။ ကိုယ့်ဒဏ်ရာထင်တာကိုပဲ မမြင်နဲ့။ သူ့ဘက်မှာလည်း နစ်နာမှုတွေ ရှိခဲ့မှာပဲ။ အဲဒါကြောင့် ဖေဖေ စေ့စပ်ပွဲကို ဖြစ်အောင် စီစဉ်ခဲ့တာပဲ သမီးငယ်"

"သူကယောကျ်ားလေးပဲ၊ ဘာနစ်နာစရာရှိလို့လဲ ဖေဖေရဲ့"

"စကားကို လက်လွတ်စပယ်မပြောနဲ့ သမီးငယ်။ ကိုယ့်ဘက်ကိုချည်းပဲမကြည့်နဲ့။ သူ့ဘက်ကိုလည်းကြည့်ပေးရတယ်။ သူ မျက်ဝန်းညိုအပေါ် စွဲလမ်းခဲ့တာ ခုမှမဟုတ်ဘူးလေကွယ်။ သူ့ကို လိမ်တာခံလိုက်ရတော့ သူ ဘယ်လောက်ကြေကွဲခံစားရရှာမလဲ"

"အဲဒါတွေ သမီးမသိဘူး ဖေဖေ။ သူ့ကို သမီးမုန်းတယ်။ သမီးသူနဲ့လက်မထပ်ပါရစေနဲ့"

ဦးဘုန်းမြတ် မချိပြုံး ပြုံးလိုက်၏။ သူများကိုလိမ်တာထက် ကိုယ့်ကိုယ်ကို ပြန်လိမ်နေရတဲ့သမီးငယ်ရဲ့အဖြစ်ကလည်း သနားစရာ။

"တဒင်္ဂအတွေးနဲ့ မဆုံးဖြတ်နဲ့ သမီးငယ်"

"တစ်သက်လုံးအတွက် သမီးပြောနေတာ ဖေဖေ"

ဦးဘုန်းမြတ် ခေါင်းခါလိုက်၏။





"ဖေဖေက သမီးတို့ရဲ့အဖေပါ။ သမီးကြီးအတွက် သမီးငယ် သောကရောက်နေတယ်ဆိုတာ ဖေဖေထက် မပိုနိုင်ပါဘူးကွယ်။ ဒါပေမဲ့ သူ့ဘက်ကိုယ့်ဘက် မျှမျှတတ တွေးပြီး လုပ်သင့်လုပ်ထိုက်တာကိုတော့ လုပ်ရမှာပဲ"

"ဒါဆို . . . ဖေဖေ လရိပ်ကို ဥပေက္ခာပြုလိုက်တော့မယ်ပေါ့"

"ခုပဲ ဖေဖေကိုယ်တိုင် သမီးကြီးကို သွားရှာမှာပါ"

"သမီးလည်း ရှာမယ် ဖေဖေ"

"သမီးရှာဖို့ မလိုဘူး သမီးငယ်"

"ရှင်"

"ရှောင်ပုန်းနေတဲ့သူကို စမ်းတဝါးဝါးရှာနေလို့ကတော့ ဘယ်တော့မှ တွေ့မှာမဟုတ်ဘူး။ ဒါကြောင့် ဖေဖေ သက်ဆိုင်ရာကို အကြောင်းကြားရမယ်"

"ဟင်"

စိမ်းလဲ့ ဖေဖေ့ကို အလန့်တကြားမော့ကြည့်လိုက်၏။ သက်ဆိုင်ရာကိုအကြောင်းကြားမည်တဲ့။ ဒါဆို လရိပ်အကြောင်းတွေကို သိရင် အဖမ်းခံရမှာပေါ့။ ဖေဖေ ဒီလိုရက်စက်နိုင်သတဲ့လား။

"ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးငယ် အိမ်မှာပဲ အေးအေးဆေးဆေးနေပါ။ ဖေဖေ သွားလိုက်ဦးမယ်"

"ဖေဖေ လရိပ်ကိုရှာဖို့ သက်ဆိုင်ရာကို အကြောင်းမကြားပါနဲ့ ဖေဖေရယ် နော်"

"မချစ်လို့မဟုတ်ဘူး သမီးငယ်၊ အကောင်းဆုံးကို လိုချင်လို့ အဆိုးဆုံးကို အရင်ရင်ဆိုင်ရတဲ့ သဘောတရားကို ဖေဖေ့သမီး နားလည်စမ်းပါ"

နှစ်သိမ့်မှုတွေပေးခဲ့ပြီး ဖေဖေထွက်သွားပြီးတဲ့နောက်မှာ မျက်ရည်တွေက မိမနိုင် ဖမနိုင် သားသမီးများလို။



## အခန်း (၂၅)

"မျက်ဝန်းညို"

"ဟင်"

ဆက်တီပေါ်မှာထိုင်ပြီး မျက်ဝန်းတွေကို မှိတ်ထားလျက် ဝါးပြင်ပေါ်သို့ လိမ့်ဆင်းစီးစွတ်နေတာ မျက်ရည်တွေ။ ညင်သာသော ခြေသံတွေကြောင့်ရယ်၊ သူမစိတ်တွေ ပျံ့လွင့်နေတာကြောင့်ရယ် မျက်နှာလေးကို ငုံ့ကြည့်နေတာတောင် သူရောက်နေတာကို မျက်ဝန်းညို မသိပေ။ သူ့အစ်မအတွက် ခံစားနေရှာပေါ့လို့တွေးပြီး စိတ်ကောင်းနိုင်။

သူ ညင်သာစွာခေါ်လိုက်တော့ မျတ်ခနဲ ဖွင့်ကြည့်လာတဲ့



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းတွေက သူ့ကိုမြင်တာနှင့် ဒေါသရောင်သို့ ကူးပြောင်းသွား၏။ ပြီး . . . ဆတ်ခနဲထရပ်လိုက်ကာ –

"ရှင် . . . ရှင် . . . ဘာလာလုပ်တာလဲ"

"ကိုကို မင်းကို တောင်းပန်ဖို့လာခဲ့တာပါ မျက်ဝန်းညို"

"မလိုဘူး၊ ရှင်နဲ့ကျွန်မ ပတ်သက်မှုက ပုပ္ပါးမှာကျန်ခဲ့ပြီ ဦးနန္ဒရှိန်။ ရှင် ကျွန်မကို မျက်ဝန်းညိုလို့ မခေါ်ပါနဲ့"

"မင်းထားခဲ့ပေမယ့် ကိုကိုက မထားခဲ့နိုင်ဘူး မျက်ဝန်းညို"

"အဲဒါ ရှင့်ကိစ္စပါ။ အခု ရှင့်မျက်နှာကို ကျွန်မ မမြင်ချင်ဘူး ထွက်သွား"

"ကိုကို့ဘက်ကိုလည်း မင်းငဲ့ကြည့်ပါဦး မျက်ဝန်းညို။ ကိုယ်ကတော့ မင်းကို နှစ်နဲ့ချီပြီး ရင်ထဲမှာ သိမ်းထားခဲ့ရတာ။ မင်းတို့ညီအစ်မက ငါ့ကို ဝိုင်းပြီးလိမ်ခဲ့တယ်"

ကိုယ့်ဘက်ကကြည့်ပြီး ကိုယ့်ဒေါသနှင့်ကိုယ်၊ ကိုကိုကနေ ငါဖြစ်သွား၏။ သူတို့လိမ်ညာမှုတွေက ပျောက်ကွယ်ပြီး အခု ကိုယ်ကပဲ လူကြမ်းဖြစ်နေပြီ။ ဘယ်သူမဆို ကိုယ်ချစ်တဲ့သူနဲ့ပဲ ပေါင်းချင်ကြတာပေါ့။ သူတို့လုပ်ခဲ့တဲ့အမှားတွေကို ဖုံးကွယ်ပြီး အမှန်တရားကို ဖော်ထုတ်တဲ့သူကပဲ အပြစ်ရှိသူ။ တကယ်ဆို ဘယ်သူက မတရားတာလဲ။

"လိမ်တဲ့လူကို အပြစ်မပြောနဲ့လေ။ အစကတည်းက ရှင်





စဉ်းစားပါလား။ ကိုယ်ညံ့လို့ အလိမ်ခံရတာ ခုမှ ဝါးလုံးရှည်နဲ့ ရှင်ပတ်ရမ်းစရာမလိုဘူး"

"ဟုတ်ပါတယ်၊ ငါညံ့လို့ ငါခံခဲ့ရတာ။ ဒါပေမဲ့ အမှန်ပေါ်လာတဲ့အခါ ငါ့မှာလည်း ပြန်လည်ချေပခွင့်ရှိတယ် မဟုတ်ဘူးလား"

"ရှင် အဲဒီလို ထင်ရာစွတ်လုပ်လို့ အခု လရိပ် အိမ်ကထွက်သွားပြီ။ ရှင် ဘာလုပ်ပေးနိုင်သလဲ ပြော"

ရှိန်း လက်ထဲမှာသယ်ဆောင်လာခဲ့သည့် ပန်းချီကားတွေကို အရိပ်ထင်နေသော စားပွဲပေါ်သို့ တင်လိုက်၏။ သူလာခဲ့တာ မျက်ဝန်းညိုကို သူလုပ်ရပ်အတွက် တောင်းပန်ရင်း သူမရဲ့ပုံတူပန်းချီကားတွေကို ပေးဖို့ပါ။

"မင်း သေသေချာချာစဉ်းစားပြီး နားလည်ဖို့ကောင်းတယ် မျက်ဝန်းညို"

"ကျွန်မက ဘာကိုနားလည်ရမှာလဲ"

"လရိပ် အိမ်ကထွက်သွားတာ စေ့စပ်ပွဲကိစ္စအတွက် သီးသန့်မဟုတ်ဘူး။ အဲဒီကိစ္စကို ခုတုံးလုပ်ပြီး သူထွက်ပေါက်ရှာသွားတာ"

"ရှင် မဆိုင်တာတွေ ထည့်မပြောပါနဲ့"

"ဘာလို့မဆိုင်ရမှာလဲ။ မူးယစ်ဆေးသုံးစွဲနေတဲ့လူ တစ်ယောက်က မူးယစ်ဆေးနောက်ကို တကောက်ကောက်လိုက်နေမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



မျက်ခြေမပြတ် စောင့်ကြည့်နေတဲ့ကြားက အခွင့်အရေးရရင် ရသလို ထွက်ဖို့ချောင်းနေတာ။ အခု လစ်တာနဲ့ ထွက်သွားတာပဲ မဟုတ်လား။ လရိပ်နောက်ကို ပိုက်ဆံ (သို့မဟုတ်) ရောင်းလို့အမြန်ဆုံးထွက်မယ့် ပစ္စည်းတစ်ခုခု ပါမသွားဘူးဆိုရင် ငါ့ကိုကြိုက်သလိုပြော''

ရှိုက်သံလေး သိုးသိုးသဲ့သဲ့နောက်မှာ 'ဟင်' ဆိုတဲ့အသံလေးက မသိမသာ ရောထွေးသွားလေသည်။ သူပြောတာ လရိပ်နောက်ကို သူ ရှုဒိုးလိုက်ကြည့်ထားတဲ့အတိုင်းပါပဲ။ ဟုတ်ပါတယ်၊ လရိပ် ငွေ သိန်းနှစ်ဆယ်ယူသွားပါတယ်ဆိုလျှင် သူပြောတာမှန်တယ်ဖြစ်ဦးမည်။ မှန်လည်းမှန်နေတာပဲလေ။

သူ့စကားက တကယ်ချက်ကောင်းကိုထိတာမို့ စိမ်းလွဲ ဘာ ပြန်ပြောရမှန်းပင်မသိပေ။

''ကိုကို မင်းနဲ့ စကားများဖို့လာခဲ့တာမဟုတ်ဘူး မျက်ဝန်းညို''

''ဒါဆို ပြန်လေ''

''ကိုကို မင်းရဲ့ပုံတူပန်းချီကားတွေကို လက်ဆောင်လာပေးတာပါ''

''မလိုချင်ပါဘူး။ ရှင့်ပစ္စည်းတွေကို ရှင့်ဘာသာပြန်ယူသွား။ ထားခဲ့ရင် ကျွန်မ ဖျက်ဆီးပစ်မှာနော်''





''မျက်ဝန်းညို''

''ပြောနေတယ်နော် ပြန်ယူသွား''

ရှိန်းက ပေကပ်၍ ရပ်နေသည်။

''မင်းဖျက်ဆီးလည်း ကိုယ် ဂရုမစိုက်ဘူး။ မင်းတစ်ပုံ ဖျက်ဆီးပစ်ရင် ကိုယ် ဆယ်ပုံထပ်ဆွဲလို့ရတယ်''

''ဟာ''

စိမ်းလွဲ ပန်းချီကားတွေကိုယူပြီး ကိုင်ပေါက်ဖျက်ဆီးပစ်ဖို့ လက်ကိုကိုင်မြှောက်လိုက်စဉ် –

''ပန်းချီကားတွေမှာ မရောင်းပါလို့ စာကပ်ထားတယ်ဟ။ ငါက ဘယ်လောက်ပဲပေးရ‚ပေးရ ဝယ်ပါ့မယ်ဆိုတာတောင် ကိုကို သူငယ်ချင်းတွေက ဘာပြောတယ်ထင်လဲ''

''ဘာပြောလဲဟင်''

''ငွေနဲ့မဟုတ်ဘဲ ရွှေနဲ့ဆက်ဝယ်ရင်တောင် မရောင်းပါဘူးတဲ့လေ။ အဲဒါကြောင့် ဒီပန်းချီကားထဲက မျက်ဝန်းညိုက ကျွန်မပါလို့ ငါပြောလိုက်တာ''

လရိပ်ပြောဖူးတဲ့စကားတွေကို ကြားယောင်ပြီး လက်ထဲက ပန်းချီကားတွေကို စားပွဲပေါ်သို့ ပြန်ချလိုက်၏။ ရှိန်းက ခပ်မိန့်မိန့် ရပ်နေရာမှ –



www.burmeseclassic.com

www.burmeseclassic.com



"ဒီပန်းချီကားတွေက ကိုကို့နှလုံးသားပါ။ ကိုကို့နှလုံးသားကို မင်း ကြိုက်သလို စီရင်ချက်ချနိုင်တယ် မျက်ဝန်းညို"

"အဟင့်"

စိမ်းလဲ့ ဆက်တီပေါ်သို့ အရှိန်ကြီးပြတ် ထိုင်ချလိုက်သည်။ ရှိန်း သူမဘေးမှ ညင်သာစွာ ဝင်ထိုင်လိုက်၏။

"မငိုပါနဲ့ မျက်ဝန်းညိုရယ်"

ရှိန်း စိမ်းလဲ့ပါးပြင်ပေါ်က မျက်ရည်စတွေကို သုတ်ပေးလိုက်သည်။ ဒီမျက်ရည်တွေကြောင့် မြစ်တစ်စင်း ဖြစ်ခဲ့လျှင် မြစ်တစ်စင်း ချစ်ခြင်းဖြင့် ခမ်းခြောက်ပါစေ။

"ကိုကို မင်းရဲ့နေရာမှာ ဘယ်သူ့ကိုမှ အစားထိုးပြီး မချစ်နိုင်ဘူး မျက်ဝန်းညို။ ဒါကြောင့် ကိုကို့လုပ်ရပ်တွေအပေါ် နားလည်ပေးပါ"

"နားလည်ပေးချင်ပါတယ်။ ဒါပေမဲ့ တစ်ဖက်မှာ ဒုက္ခရောက်မှာက ကျွန်မအစ်မလေ"

"အဲဒါ ဘယ်သူ့အမှားကြောင့်မှ မဟုတ်ဘူး။ စိတ်နောက်လိုက်ပြီး အပျော်မက်တဲ့ လရိပ်ချိုရဲ့အမှားပဲ"

"ဟုတ်တော့ ဟုတ်ပါတယ်"

"ဟုတ်ကိုဟုတ်နေတာကို လက်ခံစမ်းပါ မျက်ဝန်းရယ်။





မင်း ကိုကို့ကိုရော မသနားတော့ဘူးလား"

စိမ်းလဲ့ သူ့မျက်နှာကို ခပ်ငေးငေးမော့ကြည့်လိုက်၏။ စောစောကတော့ မိုးလားကဲလား။ အခုကျတော့ စိမ်းလဲ့ ပျော့ပျောင်းလာသည့်စိတ်တွေကို မနည်းဆုံးမနေရ၏။ ကိုကို့ကို သနားချင်ပါတယ် ကိုကို။ စိမ်းလဲ့ကိုယ်တိုင်လည်း ခံစားနေရတာပါ။ ရှေ့တင်မှာ ရန်တွေ့လွှတ်တာတွေရှိပေမယ့် ကွယ်ရာမှာ ကျိတ်ငိုရတဲ့အခါတွေကို ဘယ်သူသိခဲ့သလဲ။

တကယ်ဆို စိမ်းလဲ့လည်း ကိုကို့ကိုချစ်ခဲ့ပါသည်။ ပုပ္ပါးမှာကတည်းက မမီမကမ်းဘဝမှာတောင် ဗီဒီယိုဇာတ်ကားတစ်ကားလို မင်းသမီးကကိုယ် မင်းသားက ကိုကိုအဖြစ်နဲ့ စိတ်ကူးယဉ်မျှော်လင့်ခဲ့မိသည်။

စိတ်ကူးကတော့ ချောလို့ပေါ့ကိုကို။ ငယ်ရွယ်တဲ့စိတ်နဲ့ စိတ်ကစားခဲ့တာက နှလုံးသားမှာ နုတ်မရအောင် အမြစ်တွယ်လာခဲ့၏။

နောက်တော့ အလွမ်းကိုခါချပြီး ဘဝကို ပြန်စရသည့်တိုင် တစ်ရဲ့နောက်မှာ ကိုကို့ကို ချစ်တဲ့စိတ်က ပွိုင့်လေးတစ်ခုအဖြစ် ကပ်ပါလာခဲ့တယ်ဆိုတာ စိမ်းလဲ့မှလွဲ၍ အခြားသူမသိနိုင်။

"နောက်နှစ်မှာ ကိုကို မင်းကို ပြန်လာရှာသေးတယ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



“မင်းမရှိတော့ဘူးဆိုတော့ ပုပ္ပါးတောင်ကလပ်က ကိုယ့်အတွက် တကယ့်မီးတောင်ကြီးလိုပဲကွာ။ ပျော်စရာတွေ ကင်းမဲ့ပြီး ကိုကို့ ရင်ကိုပူလောင်စေခဲ့တယ်။ ပုပ္ပါးက ပြန်လာတော့ မင်းကိုလွမ်းတဲ့စိတ်နဲ့ မင်းရဲ့ဓာတ်ပုံကိုကြည့်ပြီး ပုံတူပန်းချီကားတွေ ကိုကို ဆွဲခဲ့မိတယ်”

ကိုကိုရယ်လို့ ရင်ထဲမှာသာ ညည်းတွားမိ၏။

“မျက်ဝန်းညို”

“အင်”

ပခုံးကိုကိုင်ပြီး ထွေးဖက်လိုက်တော့ စိမ်းလဲ့ ကိုယ်လေးကို တွန့်လိမ်၍ ရုန်းလေသည်။

“မင်းပြောစမ်းပါ၊ လရိပ်ကိုလက်ထပ်ပြီး ကိုကို တစ်သက်လုံး စိတ်ဆင်းရဲနေရမယ့်အဖြစ်ကို မြင်ချင်လား။ မင်း ခေါင်းညိတ်ရင် ကိုကို လရိပ်ကို လက်ထပ်ပါ့မယ်။ ကိုယ်ချစ်တဲ့သူ စိတ်ချမ်းသာဖို့အတွက် ကိုကို့ဘဝကို”

“တော်ပါတော့”

စိမ်းလဲ့ သူ့ရင်ခွင်ထဲကနေ ရုန်းထွက်ပြီးထရပ်လိုက်သည်။ သူ့ရဲ့ကြီးမားတဲ့မေတ္တာတရားကို နားလည်ပါပြီ၊ စိမ်းလဲ့ရဲ့ ဆုံးဖြတ်ချက်တွေကပဲ မတရားခဲ့တာပါ။





ကိုယ့်အစ်မအတွက်သာကြည့်ပြီး တစ်ဖက်လူရဲ့ ခံစားချက်ကို နားလည်မပေးနိုင်ခဲ့တာ စိမ်းလဲ့ ဘယ်လောက် အတ္တကြီးခဲ့သလဲ။ တကယ်ဆို လရိပ်က ဖျက်လုပ်ထားတဲ့အရုပ်လို အကောင်းပကတိ မဟုတ်တော့ပေ။

သူ့မျှား လက်မခံနိုင်လောက်တဲ့ ပြစ်ချက်တွေနဲ့လူကို အမျိုးကောင်းသား လူတော်လူကောင်းတစ်ယောက်ရဲ့ ရင်ခွင်ထဲ ထိုးကြိတ်ထည့်ဖို့ ကြိုးစားခဲ့တာ။ စိမ်းလဲ့ သူ့အပေါ် ချစ်မိတာတွေကို သက်သေပြတာလား။

ကိုယ် မတရားခဲ့တာအတွက် ကိုယ့်ကိုယ့်ကိုယ် ပြန်ပြီး ဘယ်လို ဒဏ်ခတ်ရမလဲ။ လောလောဆယ်အဖို့ မျက်ရည်တွေကသာ အဖြေ။

“မျက်ဝန်း”

“___”

“ကိုကိုနားလည်ပါပြီ မျက်ဝန်းရယ်။ နောက်ထပ်ဘဝတစ်ခု ထပ်ပျက်တာကို မင်းက မြင်ချင်နေတာ မဟုတ်လား။ ကိုကို လရိပ်ကို လက်ထပ်ပါ့မယ်”

“____”

“ကိုကို သွားတော့မယ် မျက်ဝန်းညို”



www.burmeseclassic.com

www.burmeseclassic.com



လှည့်ထွက်သွားတဲ့ခြေသံတရှပ်ရှပ်က နှလုံးသားကို ထုရိုက်သွားသလိုပါပဲ။ စိမ်းလဲ့ လှည့်ကြည့်လိုက်တော့ ခေါင်းငိုက်စိုက်ချသွားတဲ့ ကိုကို့ပုံရိပ်က ပိတ်ထားတဲ့ စိမ်းလဲ့၏နှလုံးသားတံခါးကို ရိုက်ချိုးဖွင့်ဟလိုက်သည့်နှယ်။

"ကိုကို"

ရှိန်းရဲ့ခြေလှမ်းတွေရပ်တန့်သွားလေ၏။

"ကိုကို"

နောက်ထပ်ခေါ်သံကြောင့် လှည့်ကြည့်လိုက်တော့ စိမ်းလဲ့ရဲ့ နှုတ်ခမ်းလေးတွေက မျက်ရည်စီးကြောင်းကြားမှ ပြုံးနေသည်။

"မျက်ဝန်းညို"

"ကိုကို"

စိမ်းလဲ့ သူ့ဆီကိုပြေးလာသဖြင့် လက်ကမ်းကာ ကြိုဆိုလိုက်၏။ အနားကိုရောက်တော့ ဖွင့်ထားတဲ့ ရင်ခွင်တံခါးဆီသို့ စိမ်းလဲ့ ကြည်ဖြူစွာ တိုးဝင်လိုက်တော့သည်။

"မျက်ဝန်း"

ရှိန်းက စိမ်းလဲ့မျက်နှာလေးကို မော့ယူလိုက်စဉ် –

"စိမ်းလဲ့ ကိုကို့အချစ်တွေကို ဥပေက္ခာမပြုရက်တော့ပါဘူး ကိုကိုရယ်"





"တကယ်နော်"

"ဟုတ်"

"ကိုကို ဝမ်းသာလိုက်တာ မျက်ဝန်းရယ်"

တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာ ဖက်ထားမိကြတာ နောက်တစ်ခါ ထပ်ဝေးမှာစိုးသည့်အလားပင်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"လက်ထပ်ကြရအောင် ဟုတ်လား လရိပ်"

"ဟုတ်တယ်လေ။ တေဇပဲ လရိပ်ကို ချစ်တယ်ဆို"

"ဟား ဟား ဟား"

တေဇက ခေါင်းကိုမော့၍ ဟက်ဟက်ပက်ပက်ရယ်လေသည်။ လရိပ်က နားမလည်နိုင်သလို မျက်ခုံးနှစ်ဖက်ကို ကျုံ့၍–

"လရိပ်စကားက ရယ်စရာဖြစ်နေလို့လား တေဇ"

"ဖြစ်တာပေါ့ လရိပ်ချို။ မင်း ငါ့ကို အရူးလုပ်ခဲ့တာ ငါ မသိဘူးမှတ်နေလား။ အရင်က မသိလို့ နွားကျခံခဲ့တာ။ အခု မင်း အကြောင်း အရှုမချေးခါး အကုန် ငါသိခဲ့ပြီးပြီကွ"





"ဟင်"

လရိပ် မျက်နှာပျက်သွားသလို တေဇကလည်း မျက်နှာကြောတင်းသွား၏။ တေဇ လရိပ်ကို တကယ်ချစ်ခဲ့တာပါ။ ကိုယ်ချိန်းတိုင်း ရောက်မလာတော့ ဒေါသဖြစ်မိတာက သပ်သပ်၊ ဆုံးရှုံးရမှာကြောက်လို့ တစ်ဖက်မှာ မိဘတွေကို နားပူနားဆာလုပ်ပြီး မိသားဖသားပီပီ တောင်းရမ်းခိုင်းခဲ့၏။

ကိုယ့်ကိုလှည့်စားရက်လေခြင်းလို့ ကိုယ့်အပြင် ဘယ်သူနဲ့ တွဲနေလဲ စုံစမ်းကြည့်တော့ –

ရည်းစားများတဲ့ ပြစ်ချက်အပြင် မကောင်းတဲ့ သို့လော သို့လော ပစ်ချက်တွေက နံပါတ်စဉ်တပ်လို့မရအောင်ပါပဲ။ ချစ်တဲ့စိတ်တွေက သူမအပြစ်ကို မဖုံးဖိနိုင်။ တေဇတို့က အထက်တန်းလွှာလူတန်းစားတွေမို့ ဆင်းရဲသားလူတန်းစားတွေတောင် လက်မခံနိုင်တဲ့ အကျင့်စရိုက်ဆိုးနှင့် လရိပ်ကို ဘယ်သူက လက်ခံချင်မှာလဲ။

တေဇဆိုတာ ပညာတတ်အင်ဂျင်နီယာလောင်းတစ်ယောက်မို့ ကိုယ့်ဘဝ နစ်မွန်းခံပြီး ချစ်ပြရလောက်တဲ့အထိ မမိုက်မဲပေ။ မကောင်းတဲ့လူ ကျောင်းပေါ့။

"မင်းရည်းစားများခဲ့တာ တစ်ဦးတည်းဆိုရင်တောင် ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်ဆိုတဲ့ ဆိုရိုးအရ ငါ



www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်နိုင်သေးတယ်''

''အခု လရိပ်က ခွင့်မလွှတ်နိုင်စရာ ဘာလုပ်နေလို့လဲ''

မသိရင်ခက်မယ်ဆိုတဲ့အကြည့်က ဒိုင်းခနဲ ရောက်လာပြီး...

''မင်းကိုယ်မင်း အသိဆုံးဖြစ်မှာပေါ့။ ဘာလဲ ... မင်းက ငါကိုယ်တိုင် နံပါတ်စဉ်တပ်ပြီး ရွှတ်ပြတာကို ကြားချင်လို့လား လရိပ်ချို''

''မလိုပါဘူး။ အပြစ်တွေ့တာနဲ့ လစ်ဖို့ဆုံးဖြတ်တဲ့ နင့်အချစ်လည်း မစစ်သေးဘူး တေဇ''

''ထားပါတော့၊ မတန်လို့ အမှန်အကန်ကလည်း လက်မခံနိုင်တာလေ''

စစ်မှန်တဲ့အချစ်က အပြစ်မှန်ကို ဒဏ်ရာရသွားတာလေ။ အခြားသော ဒုက္ခတွေဆိုလျှင် နှစ်ယောက်အတူ လက်တွဲပြီး ထိုဒုက္ခတွင်းထဲကို ခုန်ချရဲတဲ့ သတ္တိတေဇမှာရှိသည်။ အပျော်ကိုလိုက်စားရင်း မိုက်မှားခဲ့တဲ့ ဒုက္ခတွင်းထဲကိုတော့ ဟိုရှေ့မှာ ငါချစ်သူဆိုပြီး သူလိုက်ပြီး မိုက်ရူးရဲဆန်စွာ ခုန်မချနိုင်။

''ဒီမှာ တေဇ''

''____''





''လရိပ်ချိုဆိုတဲ့ မိန်းမက ယောကျ်ားတစ်ယောက်ရှေ့မှာ ဘယ်တော့မှ ခယမယ့်သူ မဟုတ်ဘူးဆိုတာ နင် သိထားလိုက်''

''သိပါတယ်၊ မင်းမှာ တလွဲမာနတွေရှိနေတာကိုလေ။ တော်သေးတာပေါ့ မင်းအကြောင်းတွေကို စောစောစီးစီး သိခွင့်ရလိုက်လို့။ မဟုတ်ရင် ငါ့ဘဝ ရေတိမ်နစ်ပြီ''

''သိပ်ပြီးလည်း အဖြစ်သည်းမနေပါနဲ့။ ငါ့လိုမိန်းမနဲ့ နင်တွဲခွင့်ရလိုက်တာကိုပဲ ဂုဏ်ယူစမ်းပါ''

''ဘာ''

''လရိပ်ချိုဆိုတာ သေးသေးနုပ်နုပ်မိန်းမ မဟုတ်ဘူး''

မသေးနုပ်လို့ပဲ မကောင်းတဲ့ဘက်မှာ သတင်းကြီးနေတာပါ။ တေဇ သူမကို ချစ်မိတဲ့ ကိုယ့်နှလုံးသားကိုပဲ ဖြစ်နိုင်လျှင် ထုတ်ပြီး မြောင်းထဲ မျှောပစ်လိုက်ချင်၏။

မိတ်တွေကိုရော ဘယ်လို မျက်နှာပြရမလဲ။ ကိုယ့်ကိုယ်ကိုယ် လည်လှပြီမှတ်တာ။ သူမက ဂျင်ပေါ်ကထုံး ဖြစ်နေသည်။ ဒါ အွန်လိုင်းသုံးပြီး လက်ကမြင်းမိခြင်းရဲ့ အကျိုးကျေးဇူးတွေပေါ့။

''ကဲ ... တို့သွားလိုက်ပါဦးမယ် တေဇ''

မချိုမချဉ်ပုံစံနှင့် နှုတ်ခါပြီးထွက်သွားပုံက ပြေးကန်ချင်စရာ။ မလိုရင် အပြစ်၊ လိုရင်အချစ်တဲ့။ အခု တေဇအတွက် လရိပ်ချို



www.burmeseclassic.com

www.burmeseclassic.com



မလိုအပ်တော့ဘူးလေ။

လရိပ် မှတ်တိုင်မှာ ကားစောင့်နေစဉ် မျက်ရည်ကျချင်တာကို မနည်းထိန်းနေရ၏။ လရိပ်ကိုချစ်ပါတယ်ဆိုတဲ့လူတွေ၊ အခု လရိပ်ကို တစ်ယောက်မှလက်မခံတော့ပေ။

လရိပ်ကိုမရရင်ပဲ ရှူးတော့ မလို သေကြတော့မလို ပြောတဲ့စကားတွေက ဒုက္ခနဲ့ကြုံလာတော့ နောက်ဆုတ်ပြေးသွားကြတာပါပဲ။

အလကားလူတွေ၊ သာတုန်း နားပြီး မဟာမကျုန်းဖြစ်မှ ကျောကို ထပ်ချချင်သူတွေ။ အားလုံးကိုမုန်းတယ်၊ ကိုယ့်ကိုယ်ကိုယ်လည်း မုန်းတယ်။

"ဟာ . . . ဟိုမှာ လရိပ်"

"အေးဟုတ်တယ်ဟ . . . ငါ ကားရပ်လိုက်ရမလား"

"အေး . . . သူ့မှာ ရေအပြည့်ပါတယ်လို့ ငါ သတင်းရထားတယ်ဟ။ အဲဒါ . . . ငါတို့အတွက် ဂွင်ပဲ"

"ဒါနဲ့ အိမ်ပြေးလုပ်နေတယ်ဆို"

"အေးလေ . . . သူ့အိမ်က ၂၀ လောက်မသွားတယ်တဲ့"

"ငါ့မိန်းမက မီဒီယာတွေထက်တော်နေပါလား"

"ရှိစီပါ ဗလရဲ့၊ မပိုင်ရင် ခြင်တောင် အကောင်သေးလို့





မရိုက်ဘူး"

ဗလ ကားကို လရိပ်အနားမှာထိုးရပ်လိုက်၏။ ရှိစီက ကားပေါ်ကနေဆင်းပြီး –

"လရိပ်"

"ဟင်"

"ကားစောင့်နေတာလား"

"ရှိစီ"

"အေမီ မပါဘူးလား။ ဘယ်သွားမှာလဲ၊ တစ်ယောက်တည်းဆိုရင် တို့ကားနဲ့လိုက်ခဲ့လေ"

လရိပ် ရှိစီလက်ကိုဆုပ်ကိုင်လိုက်ကာ –

"နင်တို့နဲ့တွေ့တာ အတော်ပဲ ရှိစီရယ်၊ ငါ နင်တို့ကို လိုက်ရှာနေတာဟ"

"ကိစ္စရှိလို့လား လရိပ်"

ရှိစီ သိသိနှင့်မေးလိုက်၏။ လရိပ် ပါးကွက် နားကွက်ဖြစ်နေတာ မသိဘဲ နေပါ့မလား။

"နင်တို့မှာ ဟိုဒင်းပါလား"

"အဖြူကို မေးတာလား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ပါမှာလဲဟ၊ ဒီလိုနေရာအထိ ယူလာရင် ကွဲသွားမှာ ပေါ့။ တို့နောက်ကို ရဲတွေ နောက်ယောင်ခံလိုက်နေကြတယ်ဟ"

"ဒါဆို ဘယ်လိုလုပ်ကြမလဲ"

ရှိစီက လက်မထောင်လိုက်ပြီး -

"ရှိစီပါဟ၊ ခြသေ့်အောင်းတဲ့ဂူကို လူတွေမမြင်နိုင်ပါဘူးဟာ။ နှင်လိုက်မှာသာလိုက်ခဲ့"

"အိုကေ . . . ဒါဆိုလစ်စို့"

လရိပ် ရှိစီတို့ကားပေါ်သို့တက်လိုက်ခဲ့တော့၏။ သူတို့ခေါ်သွားတဲ့နေရာက မော်ဘီဘက်မှာ။ ခြံတစ်ခြံ၏နောက်ဘက်ရှိ အိမ်စုတ်ကလေးကိုခေါ်သွားတော့ ကြောက်စိတ်ဝင်လာပေမယ့် ပြင်းပြတဲ့ဆန္ဒတစ်ခုကြောင့် လိုက်ခဲ့ရတာပါပဲ။

အိမ်စုတ်ကလေးထဲကိုရောက်တော့ သူမနှင့်ဘဝတူတွေ ဖိမ်ယစ်နေကြတာ လေးငါးယောက်။ လရိပ်လည်း နေရာယူပြီး ကိုယ့်ဘာသာ ဖိမ်ယစ်နေလိုက်သည်။

"ရဲတွေ . . . ရဲတွေလာတယ်"

"ဟာ"

"ပြေး . . . ပြေးကြ"





"ဒုက္ခပါပဲ"

ဘဝတူချင်းကြ သစ္စာရှိစွာနှင့် သူရယ် ငါရယ် မဟုတ်ဘဲ ကြုံရာခွဲလွှဲခေါ်ကာ ပြေးကြပေမယ့် မကောင်းမှုဟူသည် ဆိတ်ကွယ်ရာ မရှိဘဲ အားလုံး အဖမ်းခံလိုက်ကြရ၏။

✵ ✵ ✵



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

စိမ်းလဲ့။

ကိုကိုပေးခဲ့သည့် ပန်းချီကားတွေကို သူမအခန်းထဲမှာ ချိတ်လိုက်သည်။ ပန်းချီကားထဲက ကိုယ့်ပုံလေးကို အဝေးကကြည့်လိုက်၊ အနီးကပ်ကြည့်လိုက်နှင့် ကျေနပ်နေမိ၏။

“မမလဲ့”

“ဟင်”

နှင်းနှင်းက ခပ်သုတ်သုတ်ကလေးဝင်လာပြီး –

“ဖေဖေကြီး ပြန်ရောက်နေပြီ မမလဲ့”

“ဟုတ်လား”





“ဟုတ်ကဲ့ ... ဟို”

“ဘာလဲ ... ပြောလေ”

နှင်းနှင်းက နောက်ပြန်လက်ညှိုးလေးထိုးပြသဖြင့် စိမ်းလဲ့ မေးလိုက်ခြင်းပါ။

“ဖေဖေကြီး မျက်နှာမကောင်းဘူး မမလဲ့ရဲ့”

စိမ်းလဲ့ သက်ပြင်းလေးချလိုက်ပြီး –

“လရိပ်ကို ရှာမတွေ့ခဲ့လို့ ဖြစ်မှာပေါ့ နှင်းနှင်းရယ်။ ဖေဖေလည်း သနားပါတယ်”

“ဪ ... မမလဲ့”

“ဟင်”

“ဒီမှာ ... မမလဲ့ရဲ့လက်စွပ်ကလေး။ နှင်းနှင်း ပြန်ဝတ်သင့်တယ်ထင်လို့ ယူလာတာပါ။ မမလဲ့ ပြန်ဝတ်ထားလိုက်ပါနော်”

“ကျေးဇူးပါပဲ နှင်းနှင်းရယ်”

စိမ်းလဲ့ နှင်းနှင်းလက်ထဲက လက်စွပ်ကလေးကို လက်သူကြွယ်မှာ ပြန်ဝတ်ပြီး အောက်ထပ်သို့ ဆင်းခဲ့၏။ ဧည့်ခန်းထဲမှာ ဖေဖေ ဆိုဖာတစ်ဆက်တီပေါ်မှာ မှီပြီး မျက်လုံးမှိတ်ကာ ငြိမ်သက်နေတာကို တွေ့ရတော့ ဪ ဖေဖေ စိတ်မောလှမော ဖြစ်လာမှာပဲလို့ တွေးမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သံပရာရည် သွားဖျော်ပြီး ယူလာခဲ့သည်။ စိမ်းလဲ့ရောက်လာတာကို ဖေဖေက သိပုံမပေါ်လေသဖြင့် –

"ဖေဖေ"

"ဟင်"

စိမ်းလဲ့ ခပ်တိုးတိုးခေါ်လိုက်တော့ ဦးဘုန်းမြတ်မျက်လုံးကို ဖွင့်ကြည့်ပြီး မတ်မတ်ထိုင်လိုက်သည်။

"သမီးငယ်"

"အမောပြေ သံပုရာရည်လေးသောက်လိုက်ပါဦး ဖေဖေ"

"ကျေးဇူးတင်ပါတယ် သမီးရယ်"

ဦးဘုန်းမြတ် သံပုရာရည်ကိုမော့သောက်ပြီးချိန်မှာ သမီးငယ်၏မျက်နှာကိုကြည့်လိုက်တော့ ဖခင်ကို စိုးရိမ်နေသည့်ဟန်က အထင်းသား ပေါ်နေသည်။ မိဘအပေါ် သိတတ်တဲ့ကလေးဆိုတော့ ဖအေစိတ်မောလူမော ဖြစ်လာတာကို သိလို့ စိုးရိမ်နေသည့်ပုံပါ။ ဦးဘုန်းမြတ် ရင်ထဲမှာ သောကမီးတွေ တောက်လောင်နေ၏။

သမီးကြီးသာ သမီးငယ်လို လိမ္မာနေရင် ဘယ်လောက်ကောင်းလိုက်ပါမလဲ။ ခုတော့ တစ်မိပေါက် တစ်ယောက်ထွန်းဆိုသလို ထွန်းသွားလိုက်တာ မကောင်းတဲ့ဘက်က။ သမီးငယ်က လိမ္မာသလောက် သမီးကြီးက ဆန့်ကျင်ဘက်မှာ ရပ်တည်သူ။ မြေပဲများ





ဥမလားလို့ ပြုစုယုယခဲ့သမျှ သီးလာမှ ဒန့်ကွဲပင်မှန်းသိရတော့ နုတ်ပစ်ဖို့ခက်နေပြီလေ။ အခု ဘယ်လိုလုပ်ရမလဲ။

ရင်ထဲမှာ ခံစားမှုတွေက ရှုရှုနစ်နစ်နှင့်။ သောကအခိုးအငွေ့တွေက မျက်ရည်အဖြစ် အုံဖွဲ့ရစ်ဝိုင်းလာခြင်းနှင့်အတူ။

"သမီးကြီးသာ သမီးငယ်လိုလိမ္မာရင် ဘယ်လောက်ကောင်းလိုက်မလဲကွယ်"

"အခု လရိပ်ကိုတွေ့ခဲ့ရဲ့လား ဖေဖေ"

"သတင်းကြားခဲ့လို့ အခုမှ သွားတွေ့ရမယ်သမီးငယ်"

"ဘယ်မှာလဲဟင်၊ လရိပ် ဘယ်မှာတဲ့လဲ ဖေဖေ။ ဖေဖေသွားရင် သမီးပါလိုက်ခဲ့မယ်နော်"

"လိုက်ရမှာပေါ့ သမီးငယ်ရယ်"

"သူ သူဘယ်မှာလဲဟင်"

ဦးဘုန်းမြတ် အံကြိတ်ပြီး အသံတုန်တုန်နှင့် –

"အချုပ်ထဲမှာ"

"ရှင်"

"ပျက်အစဉ် ပြင်ခဏ၊ အချိန်မီချုပ် အစုတ်သက်သာတဲ့။ အခုပျက်တဲ့သူက မပြင်သလို ဖေဖေတို့ကလည်း အချုပ်နောက်ကျတော့ စုတ်သထက် စုတ်သွားတာပေါ့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို . . . လရိပ် ထောင်ကျမှာပေါ့နော်"

"မြေကြီးလက်ခတ်မလွဲပေါ့ သမီးရယ်"

"ဖြစ်မှဖြစ်ရလေ လရိပ်ရယ်"

စိမ်းလဲ့ မျက်ဝန်းမှာ မျက်ရည်တို့က ပြိုဆင်းလာသည်။ သွားပါပြီ။ လရိပ်ဘဝ သွားပြီပေါ့။ သင်တုန်းစက်ကို ကြာပန်းတင်ပြီး တောင်းမိတဲ့လူလို အခု ဒုက္ခရောက်ရပြီပေါ့။ ထောင်က ထွက်လာသည့်တိုင်အောင် ယခုပြုတဲ့အကျင့်ဆိုးတွေက ဘဝတစ်လျှောက်လုံး အရိပ်လို ကပ်လိုက်ပြီး ခြောက်လှန့်နေတော့မည်။ ဘယ်သူမပြု မိမိမှုပဲပေါ့။

မိုက်လိုက်တာလရိပ်ရယ်။ ညီအစ်မတွေ တိုင်တိုင်ပင်ပင် ဖေးဖေးမမနေခဲ့ရင် ဒီလိုဖြစ်မှာမဟုတ်။ ခုတော့ ငယ်ငယ်ကတည်းက ရေသာခိုအပျင်းထူချင်တဲ့စိတ်နဲ့ ဘဝကို ပေါ့ပေါ့ပါးပါးပဲ ဖြတ်သန်းချင်တဲ့ လရိပ်ကို အလိုလိုက် ပစားပေးခဲ့တဲ့ စိမ်းလဲ့မှာ အပြစ်ရှိပါသည်။

ချစ်တဲ့စိတ်တွေက အဆိပ်ဖြစ်ခဲ့ပါပြီ။ ဘယ်မှာလဲဖြေဆေး။ ဒီအဆိပ်တွေကို ဖြေဖို့ ဘယ်လိုဖြေဆေးဖော်ရပါ့မလဲနော်။ စိမ်းလဲ့ ကိုယ်က အစိတ်အပိုင်းတစ်ခုကို ဖဲ့ယူပြီး ဖြေဆေးဖော်လို့ရရင်ဖြင့် စိမ်းလဲ့ ဖဲ့ရွဲပြီး ပေးလိုက်ချင်ပါသည်။

"သမီးငယ်"





"ဖေဖေ"

"ဖေဖေတို့သွားကြရအောင်ကွယ်"

"ဟုတ် . . . ဟုတ်ကဲ့ဖေဖေ"

စိမ်းလဲ့ မျက်ရည်ကိုသုတ်ပြီး ဖေဖေနှင့်အတူ လိုက်ခဲ့တော့သည်။ လရိပ်ဆီကိုရောက်ကြတော့ –

"သမီးကြီး"

"ဟင် . . . ဖေဖေ"

"လရိပ်"

"စိမ်းလဲ့"

သံတိုင်တွေကြားက ထွက်လာတဲ့လက်ကလေးကို အငမ်းမရ ဆုပ်ကိုင်မိလိုက်၏။

"နှင် မိုက်လိုက်တာ လရိပ်ရယ်"

"ပြောတော့ စိမ်းလဲ့၊ ငါမိုက်ခဲ့တဲ့အပြစ်အတွက် အခု ငါခံနေရပြီလေ။ လွန်ကာမှ နောင်တသံပေးပြီး မျက်ရည်ခံလည်း ထိုးမနေချင်တော့ပါဘူး။ ငါသိသွားပါပြီ စိမ်းလဲ့ရယ်၊ ပစ္စည်းဥစ္စာဆင်းရဲတာထက် အကျင့်စာရိတ္တ မွဲတေနေတဲ့သူကို ဘယ်သူကမှ အဖက်မလုပ်ချင်ကြဘူးဆိုတာကိုလေ"

"သမီးကြီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးဘုန်းမြတ် ဘာစကားပြောရမှန်းပင်မသိအောင် သောကတွေ ဖိစီးပြီး မျက်ရည်တွေသာကျနေသည်။ ဖခင်ဝတ္တရားပျက်ကွက်ခဲ့သည့် သူကိုယ်သူလည်း ခွင့်မလွှတ်နိုင်။ အမိအုပ်တော့ အဖမျိုး အဖအုပ်တော့ အမိပျက်ဘဝနှင့် ကြီးပြင်းလာခဲ့ရတော့ အသိုက်ပျက်ငှက်ကို ကြုံရာပျံသန်းချင်သည့်စိတ်တွေက ဘဝကို ဖျက်တဲ့ပိုးတွေ။

အခုတော့ သမီးကြီးကို မကူနိုင် မကယ်နိုင်။ သူကိုယ်တိုင် သက်ဆိုင်ရာကို အကူအညီတောင်းခဲ့ပြီး ခုလိုမြင်ရတော့ ရင်ထဲမှာမျိုး ဒီလိုလုပ်ခဲ့တာ သူ သမီးကြီးကို မချစ်လို့မဟုတ်ပါဘူး။ ချစ်လို့ပဲ ရင်နာနာနှင့် ရက်စက်ခဲ့ရတာပါ။

အနာဂတ်မှာ ရွှေရောင်လမ်းကို လျှောက်နိုင်ဖို့အတွက် အခု ဆူးခင်းလမ်းထဲကို တွန်းချခဲ့တာ သမီးကြီး ဖေဖေ့ကိုခွင့်လွှတ်ပေးပါ။

"ဖေဖေ"

"သမီးကြီး"

"မငိုပါနဲ့ ဖေဖေရယ်။ သမီးက ဖေဖေရဲ့သောကမျက်ရည်တွေနဲ့ မတန်အောင် မိုက်ခဲ့တဲ့သူပါ"

"တန်တယ်လို့တွေးရင်တန်ပါတယ် သမီးကြီးရယ်။ ဒီ မျက်ရည်တွေအတွက် နောင်တစ်ချိန်မှာ သမီးကြီးက တော်ဝင် နန်းထိုက်တဲ့ မိန်းကလေးတစ်ယောက်ဖြစ်လာလိမ့်မယ်လို့ ဖေဖေ





မျှော်လင့်ပါတယ်"

"သမီးကြိုးစားပါ့မယ် ဖေဖေ။ နောင်တစ်ချိန်မှာ ဖေဖေ မြင်ရမယ့်လရိပ်ချိုက အခု ဖေဖေ့ရှေ့မှာရှိနေတဲ့ လရိပ်ချို လုံးဝမဖြစ်စေရဘူးလို့ သမီး ကတိပေးပါတယ်"

"ဖေဖေ ဝမ်းသာလိုက်တာ သမီးကြီးရယ်။ ဖေဖေ ဝမ်းသာပါတယ်"

လရိပ်အကြည့်တွေက စိမ်းလဲ့ဆီသို့ရောက်သွားသည်။ ငယ်ငယ်လေးကတည်းက အစ်မဖြစ်သူဆိုးသမျှ မိုက်ကျိုးသမျှ သည်းခံခွင့်လွှတ်ခြင်းနှင့် အနစ်နာခံခဲ့သူလေး၊ ငါနိုင်တယ်ဆိုပြီး အနိုင်ယူခဲ့တာတွေအတွက် အခုမှ ကရုဏာစိတ်တွေဝင်မိ၏။ ကိုယ့်စိတ်ကိုယ်ပြုပြင်ဖို့ ဆုံးဖြတ်ခဲ့တာ နောက်ကျနေသည်။ အရင်ကသာ လရိပ်မှာ ဒီလိုစိတ်မျိုးရှိခဲ့ရင် ပျော်ရွှင်အေးချမ်းတဲ့မိသားစုဘဝလေးကို ပိုင်ဆိုင်ရမှာလေ။ ခုတော့ –

"စိမ်းလဲ့"

"လရိပ်"

"နင် ကိုကိုနဲ့စေ့စပ်ဖြစ်တယ် မဟုတ်လားဟင်"

"အဲဒါ"

"ငါ ဝမ်းသာပါတယ် စိမ်းလဲ့ရယ်။ တကယ်တော့ ငါလေ



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကိုယ်ငါကလွဲပြီး ဘယ်သူ့ကိုမှ မချစ်တတ်ခဲ့ပါဘူး။ နှင့်ကို အနိုင်ယူချင်တဲ့စိတ်နဲ့သာ"

"တော်ပါတော့ လရိပ်ရယ်၊ ငါ နှင့်အပေါ် ဘယ်တုန်းကမှ အပြစ်မမြင်ခဲ့ပါဘူးဟာ"

"စိမ်းလဲ့ရယ်"

သူက အပြစ်မမြင်လေ ကိုယ့်မှာ အပြစ်ရှိလေလို ခံစားရပေါ့။ စိမ်းလဲ့လို စိတ်ဓာတ်မျိုးထားနိုင်အောင် လရိပ် အတော်ကြိုးစားရဦးမှာပါ။

"နှင် ကိုကို့ကို စိတ်ချမ်းချမ်းသာသာနဲ့ လက်ထပ်လိုက်ပါနော်။ သူ နှင့်အပေါ် ဘယ်လောက်ချစ်ခဲ့တယ်ဆိုတာ ငါက နှင့်ထက် ပိုသိခဲ့ပါတယ်"

"___"

"ငါ ထောင်ကထွက်လာတဲ့အခါကျရင် စိတ်သစ် လူသစ်နဲ့ ငါ့ကိုယ်ငါ ပြုပြင်ပြီး တို့မိသားစုတွေ ပျော်ပျော်ရွှင်ရွှင် နေသွားကြတာပေါ့"

ဦးဘုန်းမြတ် မျက်ရည်တွေကြားမှ ပြုံးလိုက်မိ၏။ အမှန်တရားကို လက်ခံနိုင်ပြီဆိုရင် ကမ္ဘာကြီးက လှပအေးချမ်းသွားမှာပါ။

"ဖေဖေ"





"ဟင်"

"ဖေဖေတို့ ပြန်တော့နော်။ နောက်ထပ်လည်း သမီးကို လာမတွေ့ကြပါနဲ့တော့"

"သမီးကြီး"

"ဒုက္ခဆိုတာ သမီးအတွက် ဘဝလှေကားထစ်တွေပါ ဖေဖေ။ လမ်းမှန်ကိုရောက်ဖို့အတွက် ဒုက္ခလှေကားထစ်တွေကို သမီး တစ်ယောက်တည်း နင်းဖြတ်ကြည့်ချင်လို့ပါ"

"အေး . . . အေးပါ . . . သမီးကြီးရယ်"

အဆိုးထဲက အကောင်းဆိုသလို အမှားထဲကနေ အမှန်ကို ထိုးဖောက်မြင်လာတော့ ရင်နင့်ရကျိုးနပ်ပါပြီ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

စိမ်းလဲ့ မင်္ဂလာဝတ်စုံကို ဘာရောင်ရွေးရမှန်းမသိဘဲ ဟိုဟာကိုင်လိုက်၊ ဒီဟာချလိုက်နှင့် ဖြစ်နေ၏။ ရှိန်းကလည်း ဘယ်ပျောက်သွားမှန်းမသိသဖြင့် စိတ်ကတိုချင်လာသည်။

"ခဏနော် အစ်မ . . . သူ ဘယ်ရောက်သွားမှန်းမသိလို့"

"ရပါတယ် ညီမရဲ့၊ ရွေးပါ စိတ်ကြိုက်သာရွေး။ ထိုင်စောင့်ချင်လည်း စောင့်လေ"

"ဟုတ်ကဲ့"

ရွေးလည်း မရွေး၊ ထိုင်လည်းမစောင့်ဘဲ စိမ်းလဲ့ မတ်တတ်ရပ်ကာ သူ့ကို ရှာနေမိသည်။





ဘယ်ရောက်သွားပါလိမ့်။ စိမ်းလဲ့ကို ထားခဲ့ပြီး သူ သွားချင်ရာသွားနေတာ။ ပြန်လာပါစေဦး တွေ့မယ်ဟု စိတ်ထဲမှ ကြိမ်းဝါးလိုက်၏။ စိမ်းလဲ့ စောင့်ရတာ ကြာလာတော့ နှုတ်ခမ်းလေး လှုပ်စိလှုပ်စိနှင့် မကျေနပ်စွာ ရေရွတ်နေသည်က ဘာစကားတွေတော့မသိ။

"မျက်ဝန်း"

"ဟင်"

ရှိန်းမျက်နှာကို မြင်လိုက်သည်နှင့် စိမ်းလဲ့က ရန်တွေ့ဖို့ ပါးစပ်ပြင်ပြီးသားဖြစ်နေသည်။

"သူများကို တစ်ယောက်တည်းထားခဲ့ပြီး ဘယ်တွေလျှောက်သွားနေတာလဲ"

"ဟိုဘက်မှာ ချစ်သူစုံတွဲတွေကို ကံစမ်းမဲဖောက်ပေးနေတာ မျက်ဝန်းရဲ့။ အဲဒါ ကိုကို မျက်ဝန်းအတွက် ဖိနပ်ဝယ်ရင်း ဝင်ပြီး ကံစမ်းနေတာ"

"ဟင် . . . ဘယ်လိုကံစမ်းနည်းလဲ"

"ဒီနေ့ ဖေဖော်ဝါရီ ၁၄ လေ မျက်ဝန်းရဲ့။ အဲဒီဖိနပ်ဆိုင်က ချစ်သူများနေ့ အထိမ်းအမှတ်အဖြစ် ဒီနေ့ အတွဲတွေကိုပဲ ဖိနပ်ရောင်းတာတဲ့။ အဲဒါ ကိုကို ကျွန်တော့်ချစ်သူအတွက်ဆိုပြီး ဖိနပ်တစ်ရံ ဝင်ဝယ်တာလေး အခု ကိုကို မဲပေါက်လာတယ် မျက်ဝန်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပေါက်လဲ"

"ဟောဒီမှာကြည့်"

ရှိန်း နောက်မှာဝှက်ထားသော ဝက်ဝံမွေးပွရုပ်ကလေးကို ပြလိုက်တော့ စိမ်းလဲ့ ပြုံးပြီး မျက်စောင်းထိုးလေသည်။ အရုပ်ကလေး ရဲ့ ဗိုက်ပေါ်က အသည်းပုံလေးမှာ I Love You ဆိုတဲ့ စာတန်းလေး ထိုးထား၏။ ရှိန်းက ဗိုက်ကို လက်နှင့်ပုတ်လိုက်လေလျှင် –

"I Love You"

"I Love You"

"I Love You"

ဝက်ဝံရုပ်ကလေးက အဆက်မပြတ်အော်လေတော့ စိမ်းလဲ့ သဘောကျစွာ ရယ်လေသည်။

"ကဲ ... ရွှေစိတ်တော် ပြုံးငြင်သေးရဲ့လား။ ဖိနပ်လည်း အလကားရတယ်။ အရုပ်ကလေးလည်း လက်ဆောင်ရတယ်။ ကျေနပ်တော့နော်။ ဒါ ကိုကို့ရဲ့အမှတ်တရ လက်ဆောင်ပေါ့ ရှေ"

စိမ်းလဲ့ နှာခေါင်းလေးရှုံ့လိုက်ပြီး –

"ကိုကို အမှတ်တရလက်ဆောင်တွေက ပေးလှချေလား။ မှတ်ရ,သိမ်းရလွန်းလို့ အမှတ်တရပစ္စည်း သိုလှောင်ရုံဆောက်ရတော့ မယ်"





"ဆောက်သင့် ဆောက်ရမှာပဲလေ။ ကိုကိုက သားသားမီးမီး တွေ့ရတဲ့အထိ ချစ်ဇနီးလေးကို လက်ဆောင်တွေ အများကြီးပေးနေဦး မှာ သိလား"

"ကိုပို"

ချစ်မျက်စောင်းလေးနှင့် လှည့်ထွက်သွားတဲ့ စိမ်းလဲ့နောက်သို့ ရှိန်း ကပ်လိုက်လာခဲ့သည်။ မင်္ဂလာဝတ်စုံအတွက် ရှိန်းကပဲ စိတ်ကြိုက် ရွေး၏။ သူက ပန်းချီဆရာဆိုတော့ အရောင်နဲ့အလှအပအကြောင်းကို ပို၍ နားလည်သည်လေ။ မင်္ဂလာပွဲအတွက် လိုအပ်တာတွေဝယ်ပြီး စင်တာထဲမှ ထွက်လာခဲ့ကြတော့ –

သူတို့နောက်ကို တစ်ဦးတစ်ယောက် လျှောက်လိုက်နေသလို ခံစားလိုက်ရတာမို့ စိမ်းလဲ့ လှည့်ကြည့်လိုက်တော့ တေဇအောင်။ စိမ်းလဲ့ လှည့်ကြည့်လိုက်ချိန်မှာ သူ့ခြေလှမ်းတွေ ရပ်တန့်သွားပြီး စိမ်းလဲ့ကို ပြုံးပြလေ၏။ စိမ်းလဲ့ မျက်မှောင်လေးကြုတ်ကာ တွေခနဲ ဖြစ်သွားသည်။

သူ ဘာလို့ စိမ်းလဲ့တို့နောက်ကို လိုက်နေတာလဲ။ လရိပ်လို ထင်ပြီး လိုက်နေသည်ထင်ပါရဲ့။ မဖြစ်ဘူး။ ဒီကိစ္စကို အပြတ်ရှင်းမှ။ မဟုတ်ရင် ကိုကိုနဲ့စိမ်းလဲ့ကြားမှာ သူ့ကြောင့် အဖုအထစ်တွေရှိနိုင် သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ရှုပ်နေတာကို တစ်ခါတည်း ရှင်းမှာ။ ဒီလူ လရိပ် အကြောင်းကို နည်းနည်းလေးမှ မသိဘူးထင်ပါရဲ့။

"ကိုကို"

"ဟင်"

"ကိုကို ဒီမှာ ခဏနေဦးနော်"

"မျက်ဝန်းက ဘယ်သွားမလို့လဲ"

"ဟိုလူနဲ့ စိမ်းလဲ့ စာရင်းရှင်းစရာရှိလို့ပါ ကိုကို"

"သူက ဘယ်သူလဲ"

"အဲဒါ လရိပ်ရဲ့လူလေ။ စိမ်းလဲ့ကို သူ လရိပ်လို့ထင်ပြီး လူမှားဖူးသေးတယ်။ ကိုကိုသူငယ်ချင်းတွေနဲ့ တွေ့လို့သာပေါ့။ အခု လည်း စိမ်းလဲ့တို့နောက်ကို သူ လူမှားပြီး လိုက်နေတာထင်တယ်။ ဒီကိစ္စကို တစ်ခါတည်း ရှင်းမှဖြစ်မယ်ကိုကို။ မဟုတ်ရင် သူ့ကြောင့် စိမ်းလဲ့နဲ့ကိုကို့ကြားမှာ"

"ကိုကို နားလည်ပါတယ်။ သွားလေ ကိုကိုပါ လိုက်မှာ ပေါ့"

စိမ်းလဲ့ ရှေ့ကထွက်သွားတော့ ရှိန်းက နောက်မှလိုက်သည်။ တေဇလည်း လှည့်ထွက်မလို့လုပ်ပြီးမှ စိမ်းလဲ့တို့ သူ့ဆီကို တန်းတန်း မတ်မတ် လျှောက်လာတာကိုမြင်သဖြင့် ထွက်မသွားဖြစ်ပေ။ ရပ်စောင့်





နေလိုက်ပြီး စိမ်းလဲ့တို့အနားကိုရောက်တာနှင့် သူက အရင်နှုတ်ဆက် လိုက်၏။

"စိမ်းလဲ့တို့ မင်္ဂလာပွဲအတွက် လိုအပ်တာတွေ လာဝယ်တာ ထင်တယ်"

"ဟင်"

စိမ်းလဲ့ပြောမည့်စကားတွေ ထွက်မလာတော့ဘဲ ပါးစပ် ကလေး ပွင့်ဟသွားသည်။ ရှိန်းနှင့် အကြည့်ချင်းဆုံတော့ မျက်လုံးလေး ဝိုင်းလို့ပါပဲ။ လရိပ်နဲ့ လူမှားတယ်ထင်ပြီး ဖြေရှင်းဖို့လာခဲ့တာ၊ အခု သူက စိမ်းလဲ့ကို သိနေသည်ဆိုတော့ –

"ရှင် ရှင့်က စိမ်းလဲ့ကို သိနေတာပေါ့"

"လရိပ်နဲ့မင်းက ဝတ်ပုံစားပုံချင်းမှ မတူဘဲ စိမ်းလဲ့ရို့။ ပြီး တော့ လရိပ်မှမရှိတော့တာ"

ပြုံးနေပေမယ့် တိမ်ဝင်သွားတဲ့အသံကြောင့် ကြေကွဲနေမှန်း သိသာလှသည်။

"ငါ့ဘက်ကတော့ လရိပ်ကို တကယ်ချစ်ခဲ့တာပါ။ သူ့မှာ အပြစ်ရှိလို့ မေ့ပစ်ဖို့ကြိုးစားပေမယ့် မအောင်မြင်ပါဘူး။ ဒါကြောင့် မင်းကိုတွေ့တာနဲ့ အလွမ်းပြေလိုက်ကြည့်မိတာပါ။ အဲဒီအတွက် တောင်းပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . တေဇရယ်"

ရန်လုပ်ဖို့လာတဲ့လူရဲ့ရင်ထဲမှာ တေဇကို သနားကရုဏာသက်သွားမိ၏။ ရှိန်းလည်း ခုမှတွေ့ဖူးသူကို ကိုယ်ချင်းစာစိတ်တို့နှင့် ပြုံးပြလိုက်သည်။ ကိုယ်တိုင်ချစ်ဖူးတော့ သူများကိုလည်း နားလည်ပေးနိုင်သည်လေ။

"ဒီက အစ်ကိုက လူရွေးတော်ပါတယ်။ လိမ္မာတဲ့သူကို ရွေးမိတော့ စိတ်ချမ်းသာရတာပေါ့။ ကျွန်တော်ကတော့ အချိန် ဘယ်လောက်စောင့်ရဦးမယ်မသိဘူး"

"ဟကယ်ချစ်ရင်တော့ စောင့်ပေါ့ ညီရာ။ အားမလျှော့နဲ့ကြားလား။ လရိပ်လည်း အမှားကိုသိလို့ အမှန်ပြင်ဖို့ ကြိုးစားနေတာပဲကွာ"

"အဟွန်း . . . ကျွန်တော် သူ့ကို ပြောတာလွန်သွားတယ်ဗျ ပြန်ပြီးတောင်းပန်လို့တောင် ရပါဦးမလားမသိဘူး"

"ဘာမှစိတ်မပူနဲ့ တေဇ၊ ရှင့်ဘက်မှာရပ်တည်ပေးမယ့် စိမ်းလဲ့တို့ရှိပါတယ်"

တေဇလို့ ရင်းရင်းနှီးနှီး ခေါ်လိုက်တာကြောင့် –

"နင်က ငါ့နာမည်နဲ့ ရင်းနှီးနေပုံရတယ်၊ လရိပ်ပြောပြတာလား"





စိမ်းလဲ့ စိတ်မလုံသလို မျက်လွှာလေးချလိုက်၏။ ဒီအချိန်မှာ အမှန်တရားတွေ ဖုံးကွယ်မထားသင့်တော့တာကြောင့် –

"လူချင်းလည်း ရင်းနှီးခဲ့ပါတယ်"

"ဘယ်လို"

"အမှန်အတိုင်း ဝန်ခံရရင် တေဇနဲ့ ပထမဦးဆုံး လာတွေ့ပြီး စတွေ့တဲ့သူက စိမ်းလဲ့လေ။ စိမ်းလဲ့က လရိပ်ကို မလွန်ဆန်ရဲဘူး တေဇ"

"ဩော်"

တေဇ နေခါးခါးဆိုပြီး သူနှင့်လာတွေ့သည့်နေ့တစ်နေ့က အဖြစ်တွေကို ပြန်တွေးမိ၏။ ဟုတ်သားပဲ၊ အဲဒီနေ့က သူဝတ်လာတာ ထဘီလေးလေ။ အဲဒီနေ့ကစပြီး လရိပ် ထဘီဝတ်တာ တစ်ခါမှ မတွေ့ တော့ဘူးလို့ ထင်ခဲ့တာ။ လက်စသတ်တော့ သူနဲ့ ပထမဦးဆုံး တွေ့ခဲ့ တာ စိမ်းလဲ့စိုပဲကိုး။

စိမ်းလဲ့နဲ့ ချစ်သူတွေ တကယ်ဖြစ်ခဲ့ရ အကောင်းသားလို့ တေဇ နောင်တမရပါဘူး။ သူချစ်ခဲ့တာက နေခါးခါးဆိုတဲ့ လရိပ်ချို့ ဒါကြောင့် ဘယ်လောက်ကြာအောင်ပဲ စောင့်ရစောင့်ရ လရိပ်ကို သူ အချစ်စစ်တို့နှင့် စောင့်ကြိုနေပါမည်လေ။

"ဘယ်သူပဲဖြစ်ဖြစ် ငါချစ်ခဲ့တာက အွန်လိုင်းပေါ်မှာ လိုခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



နေခါးခါးအစစ်ကိုပါ"

"ဒီက ညီ့အဖြစ်နဲ့ အစ်ကို့အဖြစ်က တူလှချေလားကွ"

"ဟင် ... ဘာတူတာလဲ အစ်ကို"

"အစ်ကိုလည်း ပုပ္ပါးမှာ မျက်ဝန်းလေးညိုပြီး ချစ်စရာကောင်းတဲ့ ကောင်မလေးတစ်ယောက်နဲ့ဆုံခဲ့တယ်။ သူ့ကို အစ်ကိုက မျက်ဝန်းညိုလို့ နာမည်ပေးခဲ့တာလေ။ နောက်နှစ် ပုပ္ပါးမှာသွားရှာတော့ မတွေ့တော့ဘူးကွ"

"ဟုတ်လား"

သူမအကြောင်းကို ပြောနေတော့ စိမ်းလဲ့ ရှက်မျက်နှာလေးကို ငုံ၍ ပြုံးနေသည်။

"တိုတိုပြောရရင်တော့ကွာ အစ်ကို့ရဲ့မျက်ဝန်းညိုနဲ့ လူမှားပြီး အစ်ကို လရိပ်နဲ့ တွဲဖြစ်ခဲ့သေးတယ်"

"ဒါဆို အစ်ကိုနဲ့ကျွန်တော်က ကံတူအကျိုးပေးတွေပေါ့"

"ဒါပေါ့ကွာ"

"ကဲပါ ... စကားကောင်းမနေနဲ့ သွားရအောင်"

စကားစကို စိမ်းလဲ့ ဖြတ်ပေးလိုက်၏။ လောလောဆယ်အချိန်မှာ ကိုကိုက ချစ်တဲ့သူလက်ကို ဆုပ်ကိုင်ပြီး တူနှစ်ကိုယ်တိုင်းပြည်ကို တည်ဆောက်ခွင့်ရနေပြီ။





တေဇက အလွမ်းကို စုတူးထဲထည့်နေရ သေးသည့်အချိန်မို့ ငိုချင်လျက်လက်တို့တာမျိုး မဖြစ်စေချင်။

"ကဲ ... ညီရေ သွားရအောင်တဲ့။ အစ်ကိုတို့ကို ခွင့်ပြုဦးနော်"

တေဇက ခေါင်းညိတ်ပြပြီး –

"မင်္ဂလာဆောင်ဖိတ်ဦးနော် အစ်ကို"

"ဖိတ်မယ် ... စိတ်ချ"

"ဒါဆို ဖိတ်စာတွေ ကောက်ထည့်ဖို့ ကျွန်တော် ချိုင့်ကြီးကြီး ယူလာခဲ့မယ် သိလား"

တေဇ အရွှန်းဖောက်လိုက်သဖြင့် ရယ်သံလေးတွေက လေထုထဲမှာ။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

ရည်းစားတစ်ယောက် အရင်ကထားခဲ့ဖူးပါသည်။ ခုတစ်ယောက်က ဒုတိယမြောက်ပါ။ ပထမတစ်ယောက်တုန်းက အချစ်ဆိုတာကို ဒီလောက် နက်ရှိုင်းကျယ်ဝန်းမယ်မှန်းမသိခဲ့ပေ။ အခုကျတော့မှ ရည်းစားနဲ့ချစ်သူ၊ အခေါ်ချင်းမတူသလို ရင်ဘတ်ထဲက ခံစားချက်ကလည်း မတူဘူးဆိုတာ သိခဲ့ရ၏။

ရည်းစားဆိုတာ ကွဲသွားတာတောင် လွမ်းရကောင်းမှန်းသိပ်မသိတာမျိုးပေါ့နော်။ အခေါ်လှုံ့သလို အချစ်ကပေါ့၏။ မင်းမရှိလို့မဖြစ်ဘူးဆိုတာမျိုး မဟုတ်ဘဲ ရှိရင်တွဲ မရှိလည်းနေသာနေတာမျိုးလေ။ တွေ့တုန်းထိုးတဲ့ ကြမ်းပိုးလို့ပြောချင်ပြော။ တွေ့ရင်တော့





လွမ်းအောင်ခွဲကြတာ သဘာဝပေါ့။ ဒါက ပထမတစ်ယောက်နဲ့တုန်းကပါ။

အခုတစ်ယောက်နဲ့မှာတော့ ချစ်သူဆိုတဲ့ ဝေါဟာရလေးကို နူးညံ့သိမ်မွေ့စွာ ရင်ဝယ်ပိုက်ထားမိသည်။ ချစ်သူဘဝမှာ ကိုယ်ကချည်းပဲ အလျှော့ပေးရသည့်တက်မှာ။ သူ မျက်နှာညိုမှာစိုးသလို ထိုမျက်နှာလေးကိုပဲ အချိန်တိုင်း ကြည့်နေချင်သည်။ ကိုယ်ကချိန်းတိုင်း သူ့ဘက်က ပျက်ကွက်မှုတွေ များခဲ့တော့ ရင်ထဲမှာ ခံစားမှုတွေက ပြောမပြတတ်အောင်ပါပဲ။ သူ့အကြောင်းစုံတွေသိရတော့ မှားပြီဆိုတဲ့စိတ်နဲ့ မာနကို ဝက်အူရစ်တင်းပြီး သံယောဇဉ်ဖြတ်ဖို့ ကြိုးစားခဲ့၏။ ဒါပေမဲ့ မေ့ဖို့ကြိုးစားလေလေ သတိရလေလေမို့။

သူ နှလုံးသားကို မလွန်ဆန်နိုင်ခြင်းများနှင့် လရိပ်ကိုတွေ့ဖို့ ဆုံးဖြတ်ပြီး ဒီနေရာကိုရောက်လာခဲ့တာပါ။ ထောင်တဲ့၊ အမှားတွေကို ပြုပြင်နိုင်အောင် အမှန်တရားတွေ ဆွဲထောင်ပြနေတဲ့နေရာပေါ့။

သူ့ကိုမြင်တာနှင့် လရိပ်က မျက်နှာထားတင်းတင်းနှင့်ရယ်ပါ။

"နှင် ဒီကို ဘာလာလုပ်တာလဲ တေဇ"

"ကိုယ် လရိပ်ကို လာတွေ့တာပါ"

"ဘာ"

"ဒီမှာ ကိုယ် လရိပ်အတွက် စားစရာတွေယူလာခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက လရိပ်လက်ထဲကို ယူလာခဲ့သည့် စားစရာအိတ်ကို ထည့်ပေးလေလျှင် လရိပ်က နောက်ဆုတ်သွားပြီး –

"ငါ ဘယ်သူပေးစာ ကမ်းစာကိုမှ မျှော်လင့်နေတာ မဟုတ်ဘူး တေဇ။ ဘာလဲ နင်က ငါ့ကို ဒီနေရာထိအောင်လိုက်လာပြီး လှောင်နေတာလား"

"မဟုတ်ပါဘူး လရိပ်ရယ်။ ကိုယ်လေ"

"နင့်လိုလူမျိုး ဒီနေရာနဲ့ မတန်ဘူး။ မလာသင့်ဘူးဆိုတာ နင် နားမလည်ဘူးလား"

"နှလုံးသားက တွန်းပို့လိုက်တဲ့ ခြေလှမ်းတွေကို ဦးနှောက်က ထိန်းချုပ်တားဆီးနိုင်စွမ်း မရှိဘူး လရိပ်"

"ဟင်"

လရိပ် နားမလည်နိုင်စွာ တေဇမျက်နှာကို မော့ကြည့်လိုက်သည်။ ဒီစကားရဲ့အဓိပ္ပာယ်ကို ကိုယ်ထင်ရာတွေးပြီး နားလည်ရမည်ဆိုလျှင် –

"ကိုယ် လရိပ်ကို တကယ်ချစ်ခဲ့တာပါ"

"ဘယ်လို"

"ကိုယ် ဒီအထိရောက်လာတယ်ဆိုကတည်းက လရိပ် နားလည်သင့်ပါတယ်ကွာ။ ကိုယ် မင်းနဲ့ စိတ်ကူးထဲမှာ ကွဲကြည့်ရတာ



တောင် အသည်းတွေနာလှပါပြီ လရိပ်ရယ်။ ကိုယ် မင်းကို မစွန့်လွှတ်နိုင်ဘူး။ အပြစ်တွေအားလုံးအတွက်လည်း ခွင့်လွှတ်နိုင်ပါတယ်"

"ဘာတွေလာပြောနေတာလဲ။ နင် ရူးနေပြီလား တေဇ"

"ဟုတ်တယ်၊ အချစ်ဆူးစူးပြီး ကိုယ် ရူးသွားခဲ့တာလေ။ ဘယ်လောက်ပဲကြာကြာ ကိုယ်စောင့်မယ် လရိပ်၊ မင်း ထောင်ကထွက်လာတဲ့နေ့မှာ ကိုယ့်အချစ်ကို ပြန်ပြီးလက်ခံပေးပါ။ ကိုယ် မင်းကို လက်ထပ်ပါရစေနော်"

ရီဝေဆွေးမြေ့နေသော တေဇမျက်ဝန်းတွေကို လရိပ် ရင်မဆိုင်နိုင်တော့ပေ။ "အပြစ်တွေ့တာနဲ့ လစ်ဖို့ဆုံးဖြတ်တဲ့ နင့်အချစ်လည်း မစစ်သေးဘူး" လို့ လရိပ်ပြောခဲ့မိလို့ သူ့အချစ်တွေစစ်တဲ့အကြောင်း ဒီနေရာအထိ လိုက်လာပြီး သက်သေပြတာလား တေဇရယ်။ လရိပ်ကမှ တကယ်မချစ်တတ်သူပါ။

အခု စစ်မှန်တဲ့ချစ်ခြင်းတရားကို တွေ့လိုက်ရတော့ နှလုံးသားက နူးညံ့ပျော်ဝင်လာချင်၏။ အဖူး၊ အငုံ၊ အရုံဆင့်ပြီး ပွင့်နေကြတဲ့ ပန်းအစစ်တွေ မြောက်မြားစွာ ရှိနေပါလျက် ပိုးထိုးခံထားရတဲ့ ကျောက်ခက်ပန်းကိုမှ ဘာလို့ရွေးပြီး နမ်းချင်ရတာလဲ တေဇရယ်။

"လရိပ်"

"နင်ပြန်တော့ တေဇ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ပြောတာတွေကို ယုံပါနော်"

"နှင် ငါ့ကိုချစ်တာတွေ၊ မေတ္တာတွေ လာရှုတ်ပြမနေနဲ့ တေဇ၊ ငါ့နှလုံးသားထဲမှာ အချစ်ဆိုတာမရှိဘူး။ ဘယ်တော့မှလည်း ရှိလာမှာမဟုတ်ဘူး။ နှင် မျှော်လင့်မနေနဲ့၊ အပိုပဲ"

"အဲဒီလိုတော့ မပြောပါနဲ့ လရိပ်ရယ်၊ ကိုယ် မင်းကလွဲပြီး ဘယ်မိန်းကလေးကိုမှ ချစ်လို့ရမှာ မဟုတ်တော့ဘူးဆိုတာ ကျိန်ရဲပါတယ်"

လရိပ် ထိန်းထားသည့်ကြားမှ မျက်ရည်တွေ ဝေ့တက်လာ၏။ မတန်တာတွေ မပေးပါနဲ့လား တေဇရယ်။ ငါက နှင့်အချစ်နဲ့ မထိုက်တန်တဲ့သူပါ။

"ဟိုတုန်းက ကိုယ် ငါဆိုတဲ့မာနစိတ်နဲ့ ပြောခဲ့မိတဲ့စကားတွေအတွက် တောင်းပန်ပါတယ်"

"ဒီမှာ တေဇ"

"ဟင်"

"နှင် ငါ့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် လာမလုပ်နဲ့နော်"

"မဟုတ်ဘူးလရိပ်"

"ဟုတ်ဟုတ်၊ မဟုတ်ဟုတ် နှင် ငါ့ရှေ့က ခုထွက်သွားစမ်း"





"လရိပ်"

"နှင် ဘာမှဆက်မပြောနဲ့ တေဇ။ နှင်နဲ့ငါ ဘာမှ ဆက်သက်စရာအကြောင်းမရှိတော့ဘူးလို့ ငါ သတ်မှတ်ထားပြီးသား"

"မင်း မင်းကိုယ့်ကို အဲဒီလောက်အထိတော့ မရက်စက်ပါနဲ့ လရိပ်ရယ်"

တေဇအသံက ငိုသံပါပြီးတုန်ခါနေတော့ လရိပ် ကျောခိုင်းပစ်လိုက်သည်။ သူမကရော ဘာသားနဲ့ထုထားတာမှတ်လို့။

"လရိပ် လရိပ် ... တောင်းပန်ပါတယ် တေဇရယ်။ တေဇ ပြန်ပါတော့"

"ပြန်မှာပါ လရိပ်၊ ဒါပေမဲ့ မင်း ကိုယ့်ကို ကတိတစ်ခုပေးပါ"

"ဘာကတိလဲ"

"လရိပ် ထောင်ကထွက်လာတဲ့အခါမှာ ကိုယ့်ကို မင်းဘဝထဲ ဝင်ခွင့်ပေးပါ"

လရိပ်ကျောခိုင်းထားရင်းမှ ရှိုက်သံမထွက်အောင် ပါးစပ်ကို လက်ဝါးနှင့်ဖိပိတ်ထားလိုက်သည်။ လရိပ်မှာ ငြင်းဆန်ပြီး မာန်ခေါင်ရန်ထောင်လွှတ်လိုက်ဖို့ အင်အားမရှိတော့ပါလား။

"နော် ... လရိပ်"

လရိပ် ခေါင်းညိတ်လိုက်မိသလားမသိ။



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာလိုက်တာ လရိပ်ရယ်။ လရိပ်ဘာမှ အားမငယ်နဲ့နော်။ ကိုယ် လရိပ်ပြန်လာတဲ့အခါ အားလုံး အဆင်သင့်ဖြစ်အောင် ကြိုးစားထားပါ့မယ်"

လရိပ်မျက်ရည်တွေကိုသုတ်လိုက်ပြီး စိတ်ကိုတင်း၍ သူ့ဘက်သို့ မျက်နှာပြန်လှည့်လိုက်သည်။

"တေဇ"

"လရိပ်"

"ပြန်တော့နော်"

တေဇ ခေါင်းညိတ်လိုက်ပြီး -

"လရိပ် ... မုန့်တွေနဲ့ အခြားစားစရာတွေယူလာတာကို လက်ခံပါနော်"

လရိပ် ခေါင်းညိတ်ပြီး သူပေးတဲ့စားစရာတွေကို ယူထားလိုက်သည်။ စားစရာတွေထက် အချစ်၏အရသာက ပိုပြီး ချိုမြိန်ပါတယ် တေဇရယ်။ ရှင့်ကို လရိပ် ကျေးဇူးတင်ပါတယ်။

✵ ✵ ✵



## အခန်း (၃၀)

ဦးနန္ဒကျော်နှင့် ဒေါ်ကေသရီ။

သားရဲ့လှည့်ကွက်တွေ၊ လျှို့ဝှက်ချက်တွေ ပေါ်လာပြီး သူ လက်ထပ်ဖို့ ရည်ရွယ်ခဲ့တာက မျက်ဝန်းညိုအစစ်ဖြစ်တဲ့ စိမ်းလဲ့စိုမှုန်း သိရတော့မှ စိတ်အေးခဲ့ရ၏။ အပူလုံးကြွခဲ့သမျှ အခုတော့ လူလုံးလှခဲ့ကြပါပြီ။

စည်ကားသိုက်မြိုက်စွာကျင်းပနေသည့် မင်္ဂလာပွဲ၊ ကြွရောက်လာကြသော ဧည့်ပရိသတ်တို့အလယ်မှာ သတို့သမီးနဲ့ သတို့သားက နေနဲ့လ ရွှေနဲ့မြလို လိုက်ဖက်ညီလွန်းလှပါသည်။

"ဟော့ကောင် ရှိန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ခဏလာဦး"

ဆက်မော်က အသံခပ်အုပ်အုပ်နှင့် ခေါ်လေသဖြင့် ရှိန်း စိမ်းလဲ့ လက်ကလေးကို ခဏဖြုတ်ချခဲ့ပြီးသွားလိုက်၏။

"ဘာလဲကွ"

"မင်းကွာ ... အမြင်မတော်အောင်လုပ်ပြန်ပြီ"

"ဘာလဲ ငါက ဘာလုပ်နေလို့လဲ"

"ဒီမှာ"

"ဟင်"

ဆက်မော်က ရှိန်းဝတ်ထားတဲ့ တောင်ရှည်ပုဆိုးမှ တံဆိပ်ကို ဆွဲခွာလိုက်၏။

"အဲ ... ဟုတ်သားပဲ။ ငါမေ့သွားတာကွ"

"မေ့ပဲ မေ့နိုင်လွန်းတယ်ကွာ"

"ရှိန်း"

"ဘာလဲကွ"

"မင်း တောင်ရှည်တံဆိပ်ခွာဖို့မေ့တယ် ဟုတ်လား။ ကျန်တဲ့ တံဆိပ်တွေခွာဖို့တော့ မမေ့နဲ့နော်"

"ဟော့ကောင်"





ဝေယံပြောလိုက်တဲ့စကားကြောင့် ရှိန်း မျက်နှာရဲခနဲ ဖြစ်သွားလေသည်။ ဘာမှမသိတဲ့စိမ်းလဲ့ကတော့ ရယ်နေ၏။ ရှိန်း စည်းကမ်းမရှိတဲ့ သူငယ်ချင်းတွေပါးစပ်ကို ကြောက်တာနှင့် စိမ်းလဲ့လက်ကလေးကို သူ့ချိုင်းကြားမှာ ညှပ်၍ မြန်မြန်လစ်ခဲ့တော့၏။ မဟုတ်လို့ ဆက်ရပ်နေရင် ဟိုကောင်တွေ ပေါက်ကရပြောဦးမှာလေ။

ရှိန်းရင်ထဲမှာ အပျော်တွေက အုတ်အော်သောင်းနင်းပါ။ ချစ်ဇနီးလေး လက်ကိုဆွဲပြီး ညေ့သည်တွေကို လိုက်နှုတ်ဆက်နေရတဲ့ အရသာက ဘယ်အရာနှင့်မှမလဲနိုင်။ သူ့သိပ်ချစ်ခဲ့ရတဲ့ မျက်ဝန်းညိုကို အခုတော့ ပိုင်ဆိုင်ခွင့်ရခဲ့ပါပြီ။ သူတို့လိုပဲ ချစ်ကြသူတွေ ပေါင်းစည်းနိုင်ကြပါစေ။

"အစ်ကို"

"ဟာ ... တေဇ"

"ဆောရီး အစ်ကို၊ ကျွန်တော် နည်းနည်းနောက်ကျသွားတယ်"

"နောက်မကျပါဘူး တေဇရာ။ မင်း အမှန်းဆွဲလို့ရပါသေးတယ်ကွ"

"အို ... ကိုကိုကလည်း ကိုကိုပြောပုံက တေဇကပဲ ငေးကြီးကျပြီး လာစားတဲ့ပုံစံမျိုးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင်ပြောမှပဲ ပိုဆိုးတော့တယ် စိမ်းလဲ့ရယ်"

"အယ် . . . ဆောရီးနော် ဆောရီး"

တေဇ ပြောလိုက်ပုံက နင်တွေငါတွေနှင့်။ တကယ့်သူငယ်ချင်း အရင်းအချာလိုပါ။ ဒီအသုံးအနှုန်းက မသိရင် ရိုင်းတယ်ထင်ရပေမယ် တကယ်တော့ ရင်းနှီးနွေးထွေးမှု ရှိလွန်းလှ၏။

"အစ်ကိုတို့ကိုကြည့်ပြီး ကျွန်တော် တကယ်အားကျတယ်ဗျာ"

"အားကျရင် ဆေးခန်းပြပြီး ကုန်းကောက်လေကွာ"

"မနောက်ပါနဲ့ အစ်ကိုရာ"

"မနောက်ပါဘူးကွ၊ ကြည်ကြည်လင်လင်လေး"

"ကိုကိုကလည်းလေ၊ စကားအကောင်းကို မပြောဘူး။ သူကိုယ့်သူ လူရှင်တော်များ မှတ်နေလားမသိဘူး၊ တကယ်ပဲ"

"ကိုကိုပျော်လို့ပါ မျက်ဝန်းရဲ့"

ချစ်မျက်စောင်းလှလှလေးကြောင့် ရှိန်း ရင်ထဲမှာ ပန်းတွေပွင့်သွားသည်။ အပျော်တွေကြားထဲမှာပဲ တေဇ မျက်ဝန်းတွေ ခွေးခွေးမြေ့မြေ့ ဖြစ်သွားတာကို ရှိန်း သတိထားမိလိုက်၏။ အချစ်နဲ့ပတ်သက်တဲ့ခံစားမှုတွေရှိလာရင် လူတွေက ဟန်မဆောင်တတ်ကြပါလား။





"တေဇ"

"ဗျာ"

"ငိုင်မသွားပါနဲ့ကွာ။ တစ်နေ့ မင်းလည်း အစ်ကို့နေရာမျိုးကို ရောက်လာမှာပါ"

"ရောက်မလာခင်အထိတော့ လွမ်းနေရဦးမှာပါပဲ အစ်ကို"

"အေးကွာ . . . အကောင်းကိုရောက်လာဖို့အတွက် အဆိုးကအမြဲတမ်း ကန့်လန့်ခံနေစမြဲပါ။ အဲဒီအဆိုးကို ရင်ဆိုင်နိုင်မှ အကောင်းနယ်မြေထဲကိုရောက်လာမှာလေ။ အစ်ကို့တုန်းကလည်း ဒီလိုပါပဲ။ မင်း တောင့်ခံထားလိုက်ဦးပေါ့ တေဇရာ"

ရှိန်းက တေဇပခုံးကို ဆုပ်ကိုင်ပြီး အားပေးလိုက်၏။ လူတစ်ယောက်၏ နှစ်သိမ့်စကားက လူတစ်ယောက်အတွက် အင်အားဖြစ်စေပါသည်။ နှုတ်ဆက်၍ ထွက်ခွာခဲ့ကြသော်လည်း တေဇရဲ့ပုံရိပ်နွမ်းနွမ်းလေးက မျက်ဝန်းထဲမှာ စွဲထင်နေသည်။ မင်္ဂလာပွဲကြီး အောင်မြင်စွာပြီးဆုံးလို့ အိမ်ကိုပြန်ရောက်ကာ အိပ်ရာဝင်ကြသည်အထိ

တေဇကို သနားကရုဏာသက်မိသည့် စိတ်တွေက ရှိနေဆဲပါ။ မင်း ကံကောင်းပါစေ တေဇရယ်။ ချစ်တတ်ရင် လွမ်းရတာမမွှတာပဲမို့ လွမ်းရတဲ့ အရသာလေးတော့ ခံစားလိုက်ဦးပေါ့။

"ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"တေဇ သနားပါတယ်နော်"

ရှိန်းက ခေါင်းညိတ်လိုက်ပြီး –

"ကိုကိုတို့လည်း သားသား မီးမီးတွေမွေးလာရင် တေဇလို အချစ်ရေးမှာ လူရွေးမမှားဖို့ သွန်သင်ဆုံးမရမယ် မျက်ဝန်း။ ပြီးတော့ လရိပ်လို အပျော်မက်ပြီး လမ်းမှားမရောက်အောင်လည်း ဂရုစိုက်ပြီး ထိန်းသိမ်းမှုဖြစ်မယ်"

"ဟာ . . . ဘာတွေပြောနေတာလဲ ကိုကိုရဲ့"

"စကားတွေပြောနေတာလေ"

"ဟွန်း"

စိမ်းလဲ့ မျက်စောင်းထိုးပြီး တစ်ဖက်သို့လှည့်သွားလေ၏။ ဒါကိုပဲ ရှိန်းက မျက်နှာလေးကို လိုက်ငုံ့ကြည့်ပြီး –

"ဘာဖြစ်တာလဲ"

"ဒီနေ့မှ မင်္ဂလာဆောင်ပြီးတယ်။ ကိုကို ဘာလို့ သားသား မီးမီးတွေအကြောင်း ထည့်ပြောနေတာလဲ၊ စိမ်းလဲ့ရှက်တာပေါ့လို့"

"ဩော် . . . ဒါ သဘာဝပဲမိန်းမရယ်။ ရှက်မနေပါနဲ့"

"မသိဘူး"

"ဟာ . . . ဟော့"





စိမ်းလဲ့ မျက်နှာလေးရဲရဲနှင့် ထသွားလေလျှင် ရှိန်းက လက်ကောက်ဝတ်ကလေးကို ဖမ်းဆုပ်ပြီး ဆွဲချလိုက်၏။ ရင်ခွင်ထဲသို့ကျလာတဲ့ စိမ်းလဲ့ကိုယ်လေးကို တင်းကျပ်စွာပွေ့ဖက်၍ –

"ရှက်တဲ့မျက်နှာလေးက ပိုပြီးချစ်ဖို့ကောင်းတယ် သိလား"

"သွားပါ အပိုတွေ"

"မပိုဘူး မျက်ဝန်းရဲ့။ ကိုကိုချစ်တဲ့ မျက်ဝန်းညိုလေးကို ဖြစ်နိုင်ရင် ကိုကိုက ဆီစွတ်ပြီးတောင် မျိုချထားလိုက်ချင်တာ သိလား"

"တကယ်"

"မယုံရင် အခုမျိုချပြရမလား"

"ဒါ . . . အစမို့လိုပါ ကိုကိုရာ။ နောက်ဆို အိမ်ကမိန်းမကို ချောင်ထိုးထားကြရော"

"အဲဒါ ယောကျ်ားတိုင်းမှ မဟုတ်ဘဲ မျက်ဝန်းရဲ့။ ကိုကို ဖေဖေဆိုရင်လေ အခုထိ မေမေ့ကို ချစ်လိုက်တာ တုန်နေတာပဲ"

"ဟုတ်လား"

"ဒါပေါ့ . . . ကိုကိုက ဖအေတူသားဗျ"

အပြုံးတို့နှင့်ထပ်တူ ဆုံဆည်းလိုက်ကြတဲ့ မျက်ဝန်းတွေထဲမှာ အချစ်ရည်တို့ ပြည့်လျှံဖုံးလွှမ်းနေတော့၏။ ချစ်တာတွေပြောရလျှင်တော့ မကုန်နိုင်။ အသက်ရှူသံချင်း ပွေ့ဖက်၍ အနမ်းတွေ ဖွဲ့ဖို့



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလေးငုံ့လိုက်စဉ် –

"အယ် . . . ကိုကို ဟိုမှာ"

"ဟင်"

စိမ်းလဲ့ ပြူးပြူးပျာပျာနှင့် လက်ညှိုးလေးထိုးပြရာသို့ ရှိန်း လိုက်ကြည့်တော့ ဘာမှမရှိပေ။

"ကိုကို အညာမိပြီ"

"ဒါဆို အညာခံရတဲ့အတွက် နှစ်ဆ"

"အို"

စိမ်းလဲ့ အယောင်ယောင်အမှားမှားနှင့် မျက်ဝန်းလေးတွေကို မှိတ်ချပစ်လိုက်တော့သည်။ ချစ်သူနှစ်ယောက် ပေါင်းစည်းခွင့်ကြုံရတဲ့ အဖြစ်ကို ပန်းချီကားထဲက မျက်ဝန်းညိုလေးကြည့်ပြီး ကျေနပ်နေမှာပါ။ သူတို့လိုပဲ ချစ်တဲ့သူတိုင်း မခွဲထာဝစဉ် ပေါင်းစည်းနိုင်ကြပါစေ။

ပရိသတ်များကို ထာဝရချစ်ခင်လေးစားလျက် . . .

မိုးစက်ပွင့်

၇–၄–၁၃



၂၀၀၃
ဇွန်လထွက် စာအုပ်များ
မမသန္တာမောင်
မစိုသောမိုး မအေးသောဆောင်း မနွေးသောနွေ
ကြယ်စင်မှူးဝေ
အချစ်က ကမ္ဘာကြီးကိုပိုင်စိုးစေ
မိုးစက်ပွင့်
ကိုကိုချစ်တဲ့ မျက်ဝန်းညို
အလင်းသစ်
ကြင်နာပါမယ် တစ်သက်လုံး
ခေတ်ပျိုဖြူ
ဗိုလ်မ
လှိုင်းကြာဖြူ (လားရှိုး)
ညှို့မှန်သောသစ္စာကြောင့်

www.burmeseclassic.com